
www.burmeseclassic.com

ပုညခင်စာအုပ်တိုက်

# ပုညခင်

# ကြယ်တစ်ပွင့်နဲ့စံပယ်ဖြူ



esign : bo bo htoon

www.burmeseclassic.com

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၄၁၆/၂၀၀၄ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၁၃၅၁/၂၀၀၄(၁၂) |
| ထုတ်ဝေခြင်း | – | ၂၀၀၄ ခုနှစ်၊ ဇန်နဝါရီ၊ ပထမအကြိမ် |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၇၅၀ ကျပ် |
| အဖုံးဒီဇိုင်း | – | ဘိုဘိုထွန်း |
| ကွန်ပျူတာစာစီ | – | ကိုသက်အောင်(ကမ္ဘာအေး) |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမာ(ယာယီ-၈၅၆) ပုညခင်စာအုပ်တိုက် တိုက်-၆၁၊ အခန်း-၁၁၊ ကမ္ဘာအေးဘုရားလမ်း၊ (ပါရမီလမ်းထောင့်) မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။ |
| အတွင်းပုံနှိပ် | – | ဒေါ်ခင်ခင်ဝင်း (၀၂၆၇၀) ကလျာပုံနှိပ်တိုက် ၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊ သုဝဏ္ဏ၊ ရန်ကုန်။ |
| မျက်နှာဖုံးပုံနှိပ် | – | ဦးမြသိန်း သိန်းမြင့်ဝင်းပုံနှိပ်တိုက် ၉၆၊ ၁၁-လမ်း၊ ရန်ကုန်။ |




ပုညခင်စာအုပ်တိုက်

# ပုညခင်



# ကြယ်တစ်ပွင့်နဲ့ စံပယ်ဖြူ



www.burmeseclassic.com

www.burmeseclassic.com

# ဇေယျလင်္ကာ

## (သို့မဟုတ်)

## unlucky girl

၎

မုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

'ကံကောင်းခြင်း' ဆိုတာ 'တေး' နဲ့ မဆိုင်ဘူး ... ။

'တေးလင်္ကာ' ဆိုသော မိန်းကလေးက ကိုယ့်ကိုကိုယ်နာကြည်းစွာ သတ်မှတ်ခဲ့မိတာဟာ သိတတ်စအရွယ်ကတည်းက ဖြစ်သည်။ တေးရဲ့ပတ်ဝန်းကျင်ကလည်း တေးဟာ 'unlucky girl' တဲ့။ တေး ရှိနေသော နေရာ၊ တေး ပါဝင်သော ခရီး၊ ဘာမဆို အရာရာဟာ ကံမကောင်းခြင်းတွေနဲ့သာ လွှမ်းမိုးသွား တတ်ပါသတဲ့။ တေးရဲ့ မိသားစု၊ တေးရဲ့ သူငယ်ချင်း၊ တေးရဲ့ ပတ်ဝန်းကျင် အားလုံးကအဲဒီလိုအယူရှိခဲ့ကြသည်။ ဒါကြောင့်ပင် သူတို့ရဲ့ ကိစ္စအဝဝမှာ တေးဝင်ပါလာမှာကို သေမလောက် ကြောက်ကြလေသည်။

---

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တေးလက်ာရဲ့ ကံကြမ္မာကိုက တာကယ့်ကို ဆန်းကြယ်ခဲ့တာ ဖြစ်သည်။

တေးကို ကိုယ်ဝန် စ,ရှိပြီဆိုကတည်းက တေးရဲ့ မိဘနှစ်ပါးမှာ စီးပွားဆုတ်ယုတ်ခဲ့ကြပါသတဲ့။ တေး မေမေကလည်း မကြာခဏ ချူချာလာကာ တေးဖေဖေ လုပ်သမျှ အလုပ်တိုင်းမှာလည်း ဆုံးရှုံးမှုတွေသာ ဆက်တိုက်ကြုံတွေ့ခဲ့ရပါသတဲ့။ အဆိုးတကာ့ အဆိုးဆုံးအဖြစ်ကတော့ တေးကို မမွေးဖွားမီကပင် တေး ဖေဖေ သေဆုံးခဲ့ရခြင်းဖြစ်သည်။ တေးကို မွေးပြန်တော့လည်း တေး မေမေဟာ ဝင်ပန်းတာကြီး ခက်ခက်ခဲခဲ အသက်လုကာ မွေးဖွားပေးခဲ့ရပြန်သည်။ အဲဒီက စ,လို့ တေးလက်ာဆိုသော မိန်းကလေးဟာ မိသားစုအလယ်မှာ မျက်နှာပန်းမလှစွာ ကြီးပြင်းခဲ့ရတာ ဖြစ်သည်။

တေး မေမေကသာ ဘာမှမပြောပေမယ့် တေးရဲ့ ဒေါ်လေးတွေ၊ အစ်ကိုဝမ်းကွဲတွေက တေးကို 'ဂြိုဟ်မလေး' ရယ်လို့ သတ်မှတ်ကာ မကြည်ဖြူနိုင်ခဲ့ကြပေ ... ။

"အဲဒီကောင်မလေးဟာ အလကားဟာမလေး၊ ဂြိုဟ်မလေး၊ အကုသိုလ်မလေး၊ သူ့ကို ကိုယ်ဝန် စ,ရှိကတည်းက





အကုသိုလ်ဆက်တိုက် ဝင်တော့တာ၊ သူနဲ့ပတ်သက်ရင် ကံကို မကောင်းတာပါ ..."

တေး သိတတ်စကတည်းက အဲဒီအသံတွေကို နားယူခဲ့ရတာဖြစ်သည်။ တေးဟာ တကယ့်ကိုပဲ ပတ်ဝန်းကျင်ကို ကံမကောင်းမှုတွေသာ ပေးတဲ့ မိန်းကလေးဟု ကိုယ့်ကိုကိုယ် ခံယူလာခဲ့မိပါသည်။

တေးတို့ကျောင်းမှာ မကြာခဏ မဲနှိုက်ရတတ်သည်။ တေးတို့ အသင်းအတွက် တေးက ဦးဆောင်ပြီး မဲနှိုက်ရသည့်အခါ သန့်ရှင်းရေးလုပ်ဖို့ဆိုလျှင် မဲပေါက်ပြီး ကွန်ပါဘူးတို့ ဗလာစာအုပ်တို့ ရဖို့ မဲနှိုက်လျှင်တော့ မဲမပေါက်တော့ချေ။ ပြီးတော့ သူငယ်ချင်းတွေ စုပြီး ထီစပ်တူထိုးကြသောအခါ တေး ပါဝင်သောအခါများမှာ ထီမပေါက်ဘဲ ကံအားလျော်စွာ တေးမပါသော တစ်ခေါက်မှာမှ ထီက ပေါက်လေသည်။ (ဘယ်လောက်တောင် ဆိုးလိုက်တဲ့ ကံလည်းနော်) ပေါက်သည့်ဆုကလေးဟာ သေးသေးလေး ဆိုပေမယ့် တေးရဲ့ သူငယ်ချင်းတွေကတော့ ထီမပေါက်စဖူး ပေါက်ရသည့်အဖြစ်ကို ပျော်ကြသည်။ တေး မပါလို့သာ ပေါက်ရသည်ဟု အယူရှိသွားကြကာ နောက်ဆို ဘာကလေးပဲ ကံစမ်း ကံစမ်း တေးကို မခေါ်ကြတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ တေးတို့ သူငယ်ချင်းတွေ စုပြီး အပျော်ခရီးထွက်ကြရာ တေး ပါဝင်သော ထိုခရီးစဉ်မှာ အဆင်မပြေမှုတွေ ဆက်တိုက်ဆိုသလို ကြုံရလေသည်။

ပထမဦးဆုံး ကြုံရသည့် အခက်အခဲမှာ အသေအချာ ငွေချေပြီး မှာထားသော ကားက သတ်မှတ်ထားသည့် အချိန်ထက် တစ်နာရီကျော် နောက်ကျပြီးမှ ရောက်ရှိလာခြင်းဖြစ်သည်။ သတ်မှတ်ထားသည့် နေရာမှာ စုဝေးနေသော သူငယ်ချင်းတစ်သိုက်သည် မလာနိုင်သည့် ကားကိုမျှော်ရင်း စိတ်အလိုမကျစွာ ညည်းညူအော်ဟစ်နေကြသည်။

"ဟာ … ကားကလည်း ခုထိမလာနိုင်သေးဘူး"

"ခရီးမစခင်ကတည်းက ကံကဆိုးပြီဟေ့ … "

"ဒီပုံအတိုင်းဆို ချောင်းသာကို မိုးချုပ်မှရောက်တော့မှာပဲ"

သူငယ်ချင်းတွေက ကံမကောင်းခြင်း ညည်းညူကြရင်း တေးကို ခပ်စွေစွေလှမ်းကြည့်သောအခါ တေးမှာ အလိုလို နေရင်း အပြစ်မကင်းသလို ခံစားလာရသည်။ မကြာခင် ကား ရောက်လာသောအခါ အားလုံးက ပျော်ရွှင်စွာအော်ဟစ်ရင်း ကား ပေါ်ပြေးတက် နေရာဦးကြသည်။ တေးကတော့ သူတို့နဲ့ လှယက်





နေရာမဦးရဲဘဲ နောက်ဆုံးကျမှ ကားပေါ်ကုပ်ကုပ်လေး တက်လာကာ ဘယ်သူမှ မထိုင်ချင်သည့် နောက်ဆုံးတန်းထောင့်နားလေးမှာ ခပ်ရို့ရို့လေး ဝင်ထိုင်လိုက်သည်။

တေးသည် ပျော်လားဝါးလား အော်ဟစ်ရယ်မောနေကြသော၊ သီချင်းဆိုနေကြသော သူငယ်ချင်းတွေနှင့်အတူ ရောနှောမပျော်ရွှင်နိုင်ဘဲ တေး ပါဝင်သည့် ဒီခရီးမှာ ဘယ်တော့များ ကံမကောင်းမှုတွေ ကြုံရဦးမလဲဟု ရင်တထိတ်ထိတ်ဖြစ်နေရသည်။ တစ်ခုခု အဆင်မပြေဖြစ်လျှင် တေး ခေါင်းပေါ်သို့သာ ပုံကျလာတော့မှာမို့ ဘယ်လို ကံမကောင်းမှုမျိုးကိုမှ မကြုံပါရစေနဲ့ဟု ကျိတ်၍ ဆုတောင်းနေခဲ့ရသည်။

သို့သော် တေး ဆုတောင်းမပြည့်ခဲ့ချေ။ တေးတို့ကားသည် ရန်ကုန်မြို့ပြင် ထွက်စမှာပဲ ဘီးပေါက်တော့သည်။

"ဟာ … ဖြစ်ပြန်ပြီ"

"ကားဘီးလဲရင် အနည်းဆုံး နာရီဝက်တော့ ကြာမှာပဲ"

"တွတ်ပီတို့ ဒီနေ့ ကံမကောင်းပါလား"

"မသေးမျှင်ရေ ကယ်ပါဦး … "

အားလုံးမှာ စိတ်အလိုမကျစွာ အော်ဟစ်ရင်း ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ထ ဆင်းသွားကြသည်။ တေးကတော့ သူတို့နဲ့လည်း မရော နှောဘဲ ခပ်ဝေးဝေးမှာ သွားရပ်နေသည်။ တေးတို့ အဖွဲ့ထဲက တစ်ယောက်စ နှစ်ယောက်စမှာ တေးကို ကွက်ကြည့် ကွက်ကြည့် လုပ်ရင်း အတင်းတုတ်စပြုသည်။ တချို့စကားတွေဆို တေး ကြား နေရသည်။

"အဲဒါကြောင့်မို့လို့ အစကတည်းက သူ့ကို မခေါ်ပါနဲ့လို့ ငါပြောသားပဲ"

"ငါက သနားလို့ ခေါ်မိတာ၊ ဒီလောက်ဆိုးမှန်း ဘယ်သိပါ့ မလဲ ..."

"သူပါရင် ဒီအတိုင်းချည်းပဲဆိုတာ သိရက်သားနဲ့ နင့်မို့လို့ အမှတ်မရှိတာ ..."

တေးသည် ခေါင်းကိုသာ တွင်တွင်ငုံ့ချထားရင်း မျက်ရည်ဝဲလာသည်။

ကားဘီးလဲပြီး ခရီးဆက်ခဲ့ကြသောအခါ တေးသည် သူတို့နဲ့လည်း ရောနှောမပျော်ရဲဘဲ ငိုချင်စိတ်ကိုသာ အားတင်းထား ရလေသည်။ တေးသည် ကိုယ့်ကံကြမ္မာကို ကိုယ် ဒေါသဖြစ်လာကာ လက်သီးကို ဆုပ်ထားလိုက်မိသေး၏။ အားလုံးထဲမှာတော့ တေး





ဟာ သိုးမည်းကလေးပဲ။ ကိုယ့်ဘဝကိုယ်သိရက်နဲ့ ဘာဖြစ်လို့များ ဒီခရီးကို လိုက်ခဲ့မိပါလိမ့်။ တေး နောင်တရမိပါသည်။

နောက်ထပ် လေးနာရီလောက် အကြာမှာတော့ တေးကို ပို၍ ပို၍ နောင်တရစေသော ကံဆိုးမှုတစ်ခုကို ကြုံတွေ့ ရလေသည်။

အော်ဟစ်ဆူညံပြီးအားရတော့မှ ငိုက်မြည်း၍ လိုက်ပါ လာသော သူငယ်ချင်းအားလုံးမှာ ဝုန်းခနဲအသံကြီးနှင့်အတူ ကြောက် အား လန့်အား နိုးထလာသည်။

"အမလေး ... နဖူးကွဲပါပြီ"

"ဟာ ... တောင်နံရံကို တိုက်မိတာဟေ့ ..."

ဆူညံအော်ဟစ်သံတွေကို ကြားရသည်။ တေးသည် နောက်ဆုံးခုံထောင့်နားလေးတွင် ပုကပ်လျက် မျက်စိစုံမှိတ်ကာ တုန်ယင်နေသည်။

"တော်ပါသေးရဲ့ ... လူတွေ ဘာမှမဖြစ်လို့ ..."

"ဒီမှာ နဖူးကွဲသွားတယ်လေ ..."

"ဒါကတော့ နင့်ဘာသာ အိပ်ငိုက်လို့ဖြစ်တာပဲ ..."

တစ်ယောက်တစ်ပေါက်အသံတွေ ဆူညံစွာ ကြားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုခဏမှာပင် တေးတို့အုပ်စုထဲက အပေါက်ဆိုးဆိုး အပြောကြမ်းကြမ်း မသီရဲ့ အသံကျယ်ကြီးက ဟိန်းထွက်လာသည်။

"ဟော့ ... ဒီနေ့ ဘယ်လိုဖြစ်တာလဲ၊ ကံကိုမကောင်းပါလား၊ စ,ထွက်ကတည်းက ကားက နောက်ကျ၊ ကားဘီးကပေါက်၊ အခု ကားတိုက်မိပြန်ပြီ၊ ကေ့တော့ ဟောဟိုက unlucky girl ကလေး ပါလို့ပဲ ဖြစ်မယ်၊ တော်ပြီ ... နောက်ဆို တို့ ခရီးထွက်ရင် သူ့ကို မခေါ်တော့ဘူး ..."

တေးသည် အလန့်တကြား မျက်လုံးဖွင့်ကြည့်မိသော အခါ တေးကို စိတ်ပျက်လက်ပျက်ဝိုင်းကြည့်နေကြသော မျက်လုံး များစွာကို ရင်ဆိုင်ရလေသည်။

"unlucky girl" တဲ့။

အဲ့ဒီကတည်းက သူတို့က တေးကို အမည်ပေးခဲ့ကြ တာ ဖြစ်သည်။

❀ ❀ ❀



❀ ❀ ❀

အချစ်ရေးကိစ္စကျတော့လည်း ကြည့်ဦးလေ ...။

တေးလက်ာဆိုတဲ့ ပန်းဖူးကလေး အစွမ်းကုန် ပွင့် လန်းလာသည့် အချိန်မှာ ပထမဦးဆုံး ဝဲပျံလာသည့် ခပ်ဆိုးဆိုး လိပ်ပြာတစ်ကောင်အကြောင်းကို တေး မစဉ်းစားချင်ပေ။

တကယ်ဆို တေးဟာ ကိုယ့်ကိုကိုယ် ယုံကြည်မှု ကင်းမဲ့စွာ ... ညှိုးငယ်စွာ မဝံ့မရဲ ကုပ်ချောင်းချောင်း ဖြစ်နေတတ် တာရယ်၊ အဝတ်အစား လှလှပပ မဝတ်တတ်တာရယ်က လွဲပြီး ရုပ်ဆိုးသည့် မိန်းကလေးတစ်ယောက် မဟုတ်ခဲ့ပါ။

တေးသည် ဘယ်သူတစ်ဦးတစ်ယောက်ကိုမှ မျက်လုံး ချင်း ဆိုင်၍ ရဲရဲဝံ့ဝံ့ စိုက်မကြည့်ရဲသူဖြစ်သည်။ တစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



နှင့်များ မျှတ်လုံးချင်းဆိုမိလျှင် တေးကသာ အရင်ဦးစွာ မျက်လွှာချသည်။ တေး အကြည့်တွေဟာ အမြဲ သိမ်ငယ်နေတတ်ပါသည်။

တေးသည် နဖူးအလယ်တည့်တည့်မှ မညီမညာခွဲရကြောင်းချ၍ ဖြီးသင်ထားသော ဆံပင်ပွပွရှည်ရှည်တွေကို ပိုင်ဆိုင်ပြီး ထိုဆံပင်များဖြင့် တေးရဲ့မျက်နှာကို အကာအကွယ် ယူထားတတ်မြဲ ဖြစ်သည်။ တေးက ခေါင်းကို အမြဲတမ်း ငုံ့ငုံ့ငုံ့လုပ်ထားလေ့ရှိရာ အလယ်ကွဲဆံပင်တွေသည် တေးရဲ့မျက်နှာ အေးတစ်ဖက်တစ်ချက်ကို အုပ်ဆိုင်းထားလေ့ရှိသည်။ ပေါ်လွင်နေသည်မှာ တေးရဲ့ မျက်နှာအလယ်နား ကွက်ကွက်ကလေးသာပင်။ တေးသည် ဗမာဖြစ် ဈေးသက်သာသော အရောင်မှိန်မှိန် ချည်ထည်များကိုသာ ဝတ်ဆင်သူဖြစ်သည်။ တေးလမ်းသွားပုံကလည်း စမတ်တကျမရှိဘဲ ခပ်ကုပ်ကုပ်ကလေးသာပင်။ ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် တေးဟာ အသားမည်းမည်း လူရှည်ညစ်ညစ် ပိန်ကပ်လိန်ကပ် ရုပ်ဆိုးမမျိုးတော့ မဟုတ်ပါဘူး။

တေးသည် တေးနှင့်ရွယ်တူ မိန်းကလေးများလိုပင် ဆန့်ကျင်ဘက်တွေရဲ့ စိတ်ဝင်စားမှုကို အသိအမှတ်ပြု နိုးကြားလာရသော အရွယ်သို့ ရောက်လာသော်လည်း တေးကို စိတ်ဝင်စားသူ





ရှားပါးလှလေသည်။ ယောကျ်ားကလေးများဟာ တေးဆိုလျှင် ဘယ်တော့မှ ဂရုမစိုက်၊ ဦးစားမပေး ...၊ တေးခိုင်းတာများဆို မလုပ်ချင်၊ တေးသူငယ်ချင်းတွေ ခိုင်းတာများဆို ပျာနေအောင် လုပ်ပေးကြတာများ အပြေးအလွှားပင် ဖြစ်လို့နေသည်။ မသိလို နှုတ်အာကြမ်းတမ်း အသံကျယ်ကျယ် မိန်းမျိုးကိုတောင် စိတ်ဝင်စားသူ ရှိသည်။ တေးကျမှ ...

တစ်နေ့တော့ တေးကို စိတ်ဝင်စားသူတစ်ဦး ပေါ်ပေါက်လာခဲ့လေသည်။ အို ... အဲ့ဒီအဖြစ်ဟာ တေးအတွက်တော့ အတော် ကံဆိုးတဲ့အဖြစ်သနစ် တစ်ခုပါပဲ။ အဲဒီလူဟာ တေးကို ရွေးချယ်လိမ့်မယ်လို့ တေး လုံးဝမထင်မှတ်ခဲ့တာပါ။

သူတ ဆိုးသွမ်းသည့်နေရာမှာ အင်မတန်ကျော်ကြားလှသိများသော လူထုချဉ်ဖတ်ဖြစ်သည်။ ရပ်ကွက်ထဲမှာ ထိခနဲ့ဆို သူပဲဆိုတာသေချာသည်။ ရန်ဖြစ်သည့်နေရာမှာ အရွယ် မရွေးသော သူက သူ့ထက်ငယ်တဲ့သူတွေနဲ့လည်း နပမ်းလုံးချင် လုံးနေသည်။ ရွယ်တူတွေနဲ့လည်း ထိုးကြကြိတ်ကြသည်။ သူ့ထက် ကြီးတဲ့သူတွေနဲ့လည်း အော်ဟစ်ရန်ဖြစ်တတ်သေးသည်။ စီးကရက် သောက်လိုက်တာကလည်း စက်ခေါင်းတိုင်ကပင် အရှုံးပေးရသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



စီးကရက် သောက်ပြီဆို မီးခိုးငွေ့တွေက သူ့ကို ဖုံးလွှမ်းသွားတော့တာပင်။ ယောင်းကစားဆိုလည်း သူမပါတယ်ရယ်လို့မရှိ။ ညနေ နေဝင်ရီ တရောဆို အရက်ဆိုင်ကနေ သိုင်းကွက်နင်းပြီး ပြန်လာတာလည်း မမြင်ချင်အဆုံးပင်။

တစ်နေ့တော့ တေးက သူငယ်ချင်းတချို့နှင့် အတူ ကျူရှင်မှပြန်လာရာ အဲဒီလူက တေးရဲ့ရှေ့မှာ ပိတ်ရပ်လိုက်လေသည်။ ပြီးတော့ တေး မျက်နှာကို စေ့စေ့ကြည့်ကာ ...

"တေးလေကလေး ... ငါ ဒီနေ့ အရက်သောက်မထားဘူးနော်၊ မင်းကို စကားအတည်ပြောမလို့၊ ဒီစကားဟာ အရက်မူးပြီး ပြောတာမဟုတ်ဘူး၊ ငါ့ရင်ထဲက အစစ်အမှန်ကိုပြောမှာ၊ ငါ မင်းကို သိပ်ချစ်တယ်သိလား၊ မင်းရဲ့ မျက်နှာလေး ငုံ့ငုံ့နဲ့ ကုပ်ချောင်းချောင်းလေး လမ်းလျှောက်သွားတတ်တာကို တွေ့စကတည်းက ငါ မင်းကို သိပ်ချစ်သွားတာ ... ငါ့ကို ပြန်ချစ်ဖို့ တောင်းပန်ပါတယ် တေးလေကလေး၊ ဘယ်လောက်ကြာကြာ ငါစောင့်ပါ့မယ် ..."

တေးသည် ရုတ်တရက် မူးမိုက်လဲကျသွားမလိုတောင် ယိမ်းယိုင်သွားရသည်။ တေးကို ပထမဦးဆုံး ချစ်ရေး စ,ဆိုတဲ့





လူက ဒီလိုလူတဲ့။ လူတကာက တစ်လံကွာက ရှောင်သွားတတ်တဲ့ အော့နှလုံးနာစရာ လူတဲ့။ ဘုရားရေ ... တေးရဲ့ကံဆိုးချက်များတော့ ...။

"ငါ တကယ်ချစ်တာပါ တေးလေကလေး၊ ငါဟာ ဆိုးသွမ်းချင် ဆိုးသွမ်းမယ်၊ မိန်းမကိစ္စတော့ ငါမရှုပ်ဘူး ... ၊ မင်းက ငါ့ရင်ဘတ်ထဲကို ပထမဆုံးဝင်လာတဲ့ မိန်းမပဲ ..."

"သွား ... သွား ... ထွက်သွား ... အဟင့် ... ဟီး ..."

တေးသည် အဲဒီလူကို ကြောက်လည်းကြောက်၊ ရွံလည်းရွံကာ ငယ်သံပါအောင်အော်ပစ်လိုက်ပြီး ကိုယ့်ရဲ့ ကံဆိုးမှုအတွက်တော့ အားပါးတရ ငိုချလိုက်လေသည်။

ချစ်တယ်တဲ့ ... ၊ အဲဒီချစ်စကားကို လူဆိုးလူသွမ်းရဲ့ ပါးစပ်ကနေ စ,တင်ကြားခွင့်ရခဲ့တာ ဘယ်လောက်ဆိုးလိုက်ပါသလဲ။ ရွယ်တူ သူငယ်ချင်းတွေထဲက ဘယ်လောက် အရုပ်ဆိုးတဲ့သူ ဖြစ်ဖြစ်ပေါ့ ... အဲဒီ စကားမျိုး ပြောလာရင်တောင် တေး ဒီလောက် စိတ်ဆင်းရဲရမည်မထင်။

"အဟီးဟီး ... နင်တော့ ဈေးဦးပေါက် မကောင်းဘူး တေး"

သူငယ်ချင်းတစ်ယောက်က ပြောလာတော့ တေးက လန့်ဖျပ်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ဘာကိုပြောတာလဲဟင် ..."

"နှင့်ကို ရည်းစားစကား စ,ပြောတဲ့သူက ဒါမျိုးကြီးဆိုတော့ လာဘ်ဦးကမကောင်းဘူးပေါ့၊ အဲဒါဆို နောက်ထပ်တွေ့ရ မယ့်သူတွေကျရင်လည်း ကောင်းကောင်းကန်းကန်း မဟုတ် ဘဲ နေလိမ့်မယ် ..."

အဲဒီ စကားက တေးကို စိတ္တဇဖြစ်စေသည်။ တေး သည် ဒီလိုလူမျိုး ပိန်မသာလိန်မသာတွေကို ထပ်တွေ့ရမှာကြောက် လှသည်။ တေးရဲ့ သူငယ်ချင်းတွေထဲမှာတော့ ဆေးကျောင်းသား က ရည်းစားစကား လာပြောခံရသူနဲ့ ...။ ဆရာဝန်က စိတ်ဝင် တစား မျက်နှာသာပေးခံသူနဲ့။ တချို့ဆို ဆရာဝန် ဆေးခန်းကို ချောင်းပေါက်အောင် သွားပြီး ရောဂါအမျိုးမျိုးဖြစ်ပြီးသော် ... ခုတော့ သူတို့ချင်း ချစ်သူတွေတောင် ဖြစ်ကြပြီ။ တေး ဆိုတဲ့ unlucky girl ကလေးသာ ဈေးဦးကတည်းက ခွက်ခွက်လန်ခဲ့တာ ဖြစ်သည်။

တစ်နေ့တော့ တေးရဲ့ အစဉ်အဆက် ခံယူလာခဲ့ရတဲ့ ကံမကောင်းမှုတွေကို တွန်းလှန်ဖြိုဖျက်နိုင်မည့် အဖြစ်အပျက်တစ်ခု ကို ကြုံတွေ့ရလေသည်။





အဲဒီနေ့က တေး တစ်ယောက်တည်း စက်ဘီးစီးပြီး ကျူရှင်မှ ပြန်လာခဲ့တာဖြစ်သည်။ စက်ဘီးစီးတတ်တာ မကြာသေး ဘူးမို့ သတိထား နင်းလာရသော တေးသည် မျက်နှာချင်းဆိုင်မှ ကွေ့ဝင်လာသော ကားကို အတွေ့မှာ စက်ဘီးကိုက်ကို ကြောက် အားလန့်အား ဆွဲကွေ့ချလိုက်မိလေသည်။ တေးရဲ့ စက်ဘီးသည် လမ်းဘေးရေမြောင်းထဲသို့ ထိုးကျသွားပြီး တေးတစ်ကိုယ်လုံး ရွှံ့တွေရေတွေရွှဲနစ်ကာ တစ်ကိုယ်လုံးလည်းနာ။ တေးသည် ငိုမဲ့မဲ့ နှင့်ပင် ရေမြောင်းထဲမှ ကြိုးထလာဆဲ လူတစ်ယောက်က တေးထံ လက်ကမ်းလာလေသည်။

အို ... ချောလိုက်တဲ့ အစ်ကိုကြီး ...။

ဆယ်ကျော်သက်ကလေး တေးသည် ရွှံ့တွေရေတွေ ပေပွနေသော မျက်နှာကလေးကို မော့ကာ လက်ကမ်းလာသူကို မော့ကြည့်ရင်း ရင်တွေတဒိန်းဒိန်းခုန်လာလေသည်။ အဲဒီလူဟာ စောစောက တေး လန့်သွားမိတဲ့ ကားပေါ်က အစ်ကိုကြီးပေါ့။ သူက သူ့ဘာသာ ဆက်သွားလည်းဖြစ်ရက်နဲ့ တေးထံ ဆင်းလာခဲ့ တာ ကြင်နာစွာ လက်ကမ်းပေးနေပါသည်။ ရုပ်ရည်ကလည်း သန့်ပြန့်ကာ ချောလည်း ချောလှတဲ့ အစ်ကိုကြီး ...။



www.burmeseclassic.com

www.burmeseclassic.com



တေးကို လက်ကမ်းပေးနေတဲ့ သူ့မျက်နှာက ကြင်နာမှုဖြင့် နူးညံ့နေသေးသည်။ တေး တွေ့ဖူးသမျှ ယောကျ်ား တွေထဲမှာတော့ ဒီအစ်ကိုကြီးလောက် ချောမောသန့်ပြန့် အဆင့် အတန်း မြင့်တာမျိုးမရှိချေ။

တေးသည် ရင်တွေ တဒိုင်းဒိုင်း ခုန်လျက်ကပင် သူ့လက်ဖဝါးနွေးနွေးကြီးကို တေးရဲ့ အေးစက်စက် လက်ကလေး ဖြင့် အားရပါးရ တွဲယူအားပြုကာ မြောင်းထဲမှ လှမ်းတက်လာသည်။ သူက တေးကို ကြင်နာစွာ ပြုံးပြရင်း ...

"အစ်ကို့ကားကြောင့် လန့်သွားတယ်ထင်တယ် ... ဆောရီး နော် ...၊ ညီမလေး စက်ဘီးက နင်းမရတော့ဘူး ထင်တယ်၊ ကားနောက်ဖုံးထဲ ထည့်လိုက်ရင်ကောင်းမယ်၊ ညီမလေး အိမ်က ဘယ်နားမှာလဲ၊ အစ်ကို လိုက်ပို့ပေးမယ်၊ ခြေထောက် နာသွားတယ် မဟုတ်လား ..."

"ဟာမ် ... အင်း ... ဟုတ် ... ဟုတ်တယ်၊ ခြေထောက်က အရမ်းနာတာပဲ ..."

တေးသည် မနာသောခြေထောက်ကို ဖြုန်းခနဲ ထော့ကျိုးလုပ်ပြလိုက်ရာ ထိုအစ်ကိုကြီးက တေးလက်ကို လှမ်းတွဲ





လိုက်လေသည်။ တေးသည် စိတ်ထဲ တဟိဟိရယ်ရင်း သူ့ကို လိုတာထက်ပို၍ အားပြုမှီနွဲ့လိုက်တော့သည်။

သူ တေးကို အိမ်ပြန်ပို့ပေးပြီး ပြန်သွားတော့ တေး ရင်ထဲက ပုစွန်ဆိတ်ကလေးတွေ တဆတ်ဆတ်ခုန်ကျန်ခဲ့သည်။ ကြည့်စမ်း ... ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို မင်းသား မင်းသမီး စတင်ဆုံတွေ့တဲ့ ဇာတ်ကွက်လှလှကလေးကို တေး ဘဝမှာ လက်တွေ့ ကြုံရပြီပေါ့။ အဲဒီအစ်ကိုကြီး တေးကို ကြည့်တဲ့ မျက်လုံးတွေဟာ သိပ်နွေးထွေးတာပဲ။ နူးနူးညံ့ညံ့ပြုံးတတ်တာ ကလေးကလည်း တေးကိုငြိစေသည်။ သူက တေးကို ပြောခဲ့သေး သည်။ 'ခြေထောက် နာကြီးနဲ့ လျှောက်မသွားနဲ့နော် ... မနက်ဖြန် တစ်ခေါက် လာကြည့် ပေးဦးမယ်' ... တဲ့။

သေချာပါသည်။

သူလည်း တေးကို တွယ်ငြိသွားခဲ့ပြီ။ နောက်တော့ တေးဆီကို လာလည်၊ မုန့်တွေ လက်ဆောင်တွေ ဝယ်လာပေး၊ တေး သွားချင်သည့် ကစားကွင်းတွေကို လိုက်ပို့၊ နောက်ဆုံးတော့ ရုပ်ရှင်တွေထဲကလိုပဲ ချစ်သူတွေဖြစ်သွား၊ အခက်အခဲတွေကြုံ၊ ဇာတ်သိမ်းမှာ ညား ...။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ အစ်ကိုကြီးနဲ့ ချစ်သူတော်ရင် ဘယ်လိုခေါ် ရမှာပါလိမ့်။ 'ကိုကြီး' လို့ ချွဲချွဲလေးခေါ်ရင် မကောင်းဘူးလား။ 'ကိုကို' လို့ ခေါ်ရင် သိပ်မချွဲရာဘဲ နေဦးမည်။

တေးသည် အခု တစ်ကြိမ်မှာတော့ ကြီးစွာသော ကံကောင်းခြင်းကို ပိုင်ဆိုင်ရတော့ unlucky girl ဟူသော အယူကို ဂုဏ်ယူဝံ့ကြွားစွာ ပယ်ဖျက်နိုင်မည်ဟု ထင်ရလေသည်။ ဘဝ တစ်လျှောက်လုံး ကံဆိုးခဲ့သော တေးသည် ယခုတစ်ကြိမ်တော့ ကံကောင်းတော့မည်ဟု ယုံကြည်ကာ တေးသည် အပျော်ကြီးပျော်၊ စိတ်ကူးအယဉ်ကြီး ယဉ်လျက်ရှိလေသည်။

နောက်တစ်နေ့မှာတော့ ထိုအစ်ကိုကြီးက သူ့ကတိ အတိုင်း တေးထံသို့ ရောက်ရှိလာသည်။ လည်ပင်းကလေးရှည်မြင့်ကာ မျှော်နေသော တေးသည် သူ့ကားကိုတွေ့တော့ တစ်ယောက်တည်း ကျိတ်ပြီး ဝမ်းသာအားရ ခုန်ပေါက်မြူးတူးမိသည်။

"ညီမလေး ခြေနာသက်သာရဲ့လား၊ ဒီမှာ မုန့်တွေ ဝယ်လာတယ်၊ ဆောရီးနော် ... အစ်ကို တောင်းပန်ပါတယ်၊ မနေ့က ကိုယ့် အလုပ်ကိစ္စတစ်ခု အရေးကြီးတာနဲ့ စိတ်စောပြီး ကားကို အရှိန်မလျှော့ဘဲ ငံကွေ့ချလိုက်မိတာ





ကံကောင်းလို့ ဒဏ်ရာ ကြီးကြီးကျယ်ကျယ် မရတာပေါ့၊ အစ်ကို့အမှားပါ ..."

ဒီလို အစ်ကိုကြီး တစ်ယောက်က အနူးအညွတ် လာတောင်းပန်ခံနေရတဲ့အဖြစ်ဟာ ယစ်မူးစရာ အကောင်းသားပေါ့။ တေးသည် စကားများများ ပြန်မပြောတတ်သော်လည်း ရင်ထဲမှာတော့ ဘင်သံ ခရာသံတွေ ညံနေသည်။ သိပ်ပျော်တာပဲ ...။

အဲဒီနေ့က သူ ပြန်သွားသည်နှင့် မဆိုင်းမတွပင် တေးသည် တစ်သက်လုံးက မဝံ့မရဲငုံ့လာရသော ခေါင်းကို ပင့်မော့ကာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိသော ခြေလှမ်းများဖြင့် တေးကို အထင်သေးနှိမ့်ချခဲ့ကြသော သူငယ်ချင်းများထံသို့ သွား လေသည်။ ပြီးတော့ တေးက ဂုဏ်ယူစွာပြောလိုက်သည်။

"ငါနဲ့ ... အရမ်းချောပြီး အရမ်းစမတ်ကျတဲ့ အရမ်းအဆင့်မြင့် အရမ်းယဉ်ကျေးတဲ့ အစ်ကိုကြီးတစ်ယောက်နဲ့ မကြာခင် ချစ်သူတွေ ဖြစ်ကြတော့မယ် သိလား ..."

"ဝါး ဟား ဟား ..."

"ဟင် ... ဘာရယ်တာလဲ"

အားလုံးက တေးကို အထူးအဆန်းပမာ မျက်လုံး



www.burmeseclassic.com

www.burmeseclassic.com



မြူးကြည့်လျက် နှစ်မိနစ်လောက် ငြိမ်နေပြီးမှ ဝါးခနဲ ရယ်ချလိုက်ကြတာမို့ တေးက စိတ်ဆိုးသွားရပါသည်။

"ဘာလဲ ... အိပ်မက်ထဲမှာလား၊ ညတုန်းက မက်တဲ့ အိပ်မက်ထဲမှာလား ..."

"ငါ့ကို မလောင်နဲ့နော်၊ ငါ အကောင်းပြောနေတာ ..."

"နင့်စကားက အရမ်း ... အရမ်း ... အရမ်းကို အိပ်မက်ဆန်လွန်းလို့ပါဟယ် ..."

"ဟော့ ... ငါတကယ်ပြောနေတာနော်၊ နင့်တို့ မယုံရင် စောင့်ကြည့်ကြပေါ့၊ ဒီနေ့ကစပြီး နင်တို့တွေ ငါ့ကို unlucky girl လို့ သတ်မှတ်လို့ မရတော့ဘူး၊ အဲ့ဒီသတ်မှတ်ချက်ကို ပယ်ဖျက်ပေးကြပါ၊ ဒီနေ့ကစပြီး ငါဟာ lucky girl ပဲ"

"အာလာလာ ... တကယ့်ကို အပိုင်ကြီးပါလား၊ အိုကေလေ စောင့်ကြည့်သေးတာပေါ့၊ နင် ပြောတဲ့အတိုင်း ဖြစ်လာရင်တော့ နင့်ကို ကံကောင်းတဲ့ မိန်းကလေးအဖြစ် သတ်မှတ်ပေးမယ်၊ lucky girl ပေါ့၊ ငါတို့ ဘယ်သွားသွား နင့်ကို ခေါ်မယ်၊ မဲနှိုက်တာတို့ ထီထိုးတာတို့ ... ကစားတာတို့ ဆိုလည်း နင့်ကို ပါခိုင်းမယ်"





"အေး ... ပြီးရော နင်တို့ ကတိတည်ပစေ ..."

တေးသည် ကိုယ့်ကိုကိုယ် အပြည့်အဝ ယုံကြည်စွာ စိန်ခေါ်ပစ်လိုက်သည်။ တေးထံ မကြာခဏ ရောက်လာသတင်းမေးလေ့ရှိသည့် အစ်ကိုကြီးကိုလည်း မျှော်မိလေသည်။ တေးက မှုယာမာယာတွေတော့ မလုပ်တတ်၊ တေးကို ဂရုစိုက်အောင် တောင်းပန်အောင် တေးထံ မကြာခဏ သတင်းမေးလာအောင် ခြေထောက်နာချင်ယောင်ဆောင်တာ တစ်ခုသာ တတ်လေသည်။

တစ်နေ့တော့ တေးကို အထင်သေးကြသည့် သူငယ်ချင်းတွေနှင့် အတူ ကျူရှင်မှ လမ်းလျှောက်ပြန်လာခိုက် အစ်ကိုကြီးရဲ့ ကားကို လှမ်းတွေ့လိုက်ရလေသည်။ တေးသည် သူငယ်ချင်းတွေကို မျက်ဝါးထင်ထင် ကြွားရတော့မည်ဟု ပျော်သွားကာ ...

"ဟော့ ... ဟော့ ... ဟိုမှာတွေ့လား၊ အဲ့ဒါ ငါ့ကိုကြီးရဲ့ ကား၊ သူ ငါ့ဆီလာတာပဲဖြစ်မယ်၊ သူလာရင် ငါ့ဖို့ မုန့်တွေ အများကြီး ဝယ်လာတတ်တယ်၊ နင်တို့ကိုပါ ကျွေးမယ် သိလား ..."

တေးက ကြွားလိုက်တော့ သူငယ်ချင်းတွေက 'တကယ်များလား' ဟူသော အနက်အဓိပ္ပာယ်ဆောင်သည့် မျက်ဝန်းများဖြင့် အစ်ကိုကြီးရဲ့ကားကို လှမ်းကြည့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ကားက တကယ်ပဲ တေးတို့ရှေ့ မလှမ်းမကမ်းမှာ ရပ်လိုက်သည်။ ကားပေါ်မှ ကိုကြီး ဆင်းလာတော့ ခပ်သွက်သွက် လျှောက်နေသော တေးက ကပျာကယာ ခြေထောက်ကို နိမ့်နင်းနင်း လုပ်ထားလိုက်ရသည်။

"ဟဲ့ … ဘယ်လိုဖြစ်လို့ ချက်ချင်းကြီး ကျိုးသွားတာလဲ"

"အေးလေ … ခုနအကောင်းသားကြီးပါ …"

"တိတ်တိတ်နေကြစမ်းပါ …"

တေးတို့တွေ ခပ်ကျိတ်ကျိတ် စကားများနေဆဲမှာပင် သူက တေးကို လှမ်းပြုံးပြရင်း တေးတို့ထံ လှမ်းလာနေလေသည်။ သူ့လက်ထဲမှာတော့ စာအိတ်တစ်အိတ် ကိုင်လာပါသည်။

တေးကို ပြုံးပြနေသော သူ့အပြုံးထဲမှာ ကြင်နာနွေးထွေးမှုတွေ ပြည့်နှက်နေသည်။ ကဲ … တွေ့ကြပြီမဟုတ်လား။ တေးဟာ ဘယ်လောက် ကံကောင်းတဲ့ မိန်းမတစ်ယောက်လည်းဆိုတာ … ။

သူက အပြုံးကို လက်စမသတ်ဘဲ တေးရှေ့မှာ ရပ်လိုက်ပါသည်။





"ညီမလေး ခြေနာသက်သာပြီလား …"

"အင် … သိပ်တော့ မသက်သာသေးဘူး"

"လမ်းတော့ လျှောက်နိုင်သားပဲ"

"နာနာနဲ့ပဲ လျှောက်နေရတာပါ"

"ဒီမှာ ညီမလေးကို ဖိတ်စာလာပေးတာ၊ ပွဲက သန်ဘက်ခါမှပါ၊ ခြေထောက်နာ သက်သာရင် လာခဲ့ပေါ့ …"

"လာမှာပေါ့၊ ခြေထောက်က လျှောက်နိုင်သားပဲ၊ ဒါနဲ့ ဖိတ်စာက ဘာဖိတ်စာလဲဟင် … အစ်ကိုကြီး မွေးနေ့ဖိတ်စာလား …"

"မဟုတ်ဘူးကွ … အစ်ကို့ Wedding ဖိတ်စာလေ၊ လာခဲ့ပေါ့၊ သူငယ်ချင်းတွေလည်း ခေါ်ခဲ့လေ၊ အစ်ကို့ အမျိုးသမီးနဲ့ မိတ်ဆက်ပေးမယ်၊ အစ်ကို့ အမျိုးသမီးကလည်း အစ်ကို့လိုပဲ တစ်ဦးတည်းသောသမီးဆိုတော့ ညီမလေးတို့အရွယ်တွေ တွေ့ရင် ခင်တတ်ပါတယ် …"

တေးသည် ဘာမှပြန်မပြောနိုင်တော့ဘဲ ကြောင်နေဆဲ သူက တေးခေါင်းလေးကို ဖွဖွပုတ်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... အစ်ကို သွားဦးမယ်နော်၊ ဖိတ်စာတွေ လိုက်ဝေရဦးမှာမို့လို့၊ အားလုံးပဲ သွားမယ်နော် ..."

သူက ပေါ့ပါးစွာပင် နှုတ်ဆက်ထွက်ခွာသွားသည်။ တေးကတော့ နေရာမှာပင် လဲသေချင်စိတ်ပေါက်စွာ ကျန်ရစ်ခဲ့သည်။

"အဟိ ... ခိ ... ခိ ... ဘယ်လိုလဲ တေးရဲ့ ..."

"အရမ်း အရမ်းကို ကံဆိုးတာပါပဲဟယ် ..."

"ဒါကြောင့်ပြောတာ ... ဈေးဦးပေါက်ကိုက မကောင်းမှတော့ ဒီလိုတွေ ကြုံရတော့တာပေါ့"

"ကောင်းကောင်းကန်းကန်းတော့ တွေ့ပါရဲ့၊ မိန်းမယူသွားတာက ခက်လှတယ်"


သူငယ်ချင်းတွေရဲ့ လှောင်ပြောင်သရော်သံကို ကြားရသောအခါ တေးက အံတင်းတင်းကြိတ်မိကာ ကိုယ့်ကြမ္မာကိုယ် မုန်းတီးနာကြည်းလာသည်။

အဲဒီနောက်တော့ တေးလင်္ကာဟာ ကိုယ့်ဘဝကို ကိုယ် မကျေမနပ် စိတ်ချဉ်ပေါက်ကာ ထစ်ခနဲရှိ ရန်လိုတတ်သော မိန်းကလေးတစ်ယောက်အဖြစ် ကြီးပြင်းလာခဲ့ရပါသည်။ ကိုယ့်ကို





ကိုယ် ယုံကြည်မှုမရှိစွာ ကုပ်ချောင်းချောင်း ... မဝံ့မရဲ ... ဆွဲဆောင်မှု မရှိသော တေးလင်္ကာဆိုသော မိန်းကလေးသည် ဘယ်တော့များမှ ရရှိမည်မသိသော ကံကောင်းခြင်းများကို စောင့်မျှော်၍လည်း နေခဲ့လေသည်။





www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

စေားနဲ့ ဆန့်ကျင်ဘက်ဖြစ်သော မိန်းမတစ်ယောက်ကို စ,တွေ့ခဲ့တဲ့ အဲဒီနေ့ကပေါ့ ...။

ကိုယ့်ကိုကိုယ် ယုံကြည်မှုမဲ့ကာ လူတောမတိုးချင်လှသော စေားသည် သူငယ်ချင်းတစ်ယောက်ရဲ့ မွေးနေ့ပွဲကို လာသာလာခဲ့ရသော်လည်း သူများတကာတွေလို ဟိုလူ့နှုတ်ဆက် ဒီလူ့နှုတ်ဆက် ရယ်မောစကားဆိုတာမျိုးတွေ မလုပ်ရဲဘဲ မှောင်ရိပ်ကျကျ စားပွဲမှာ တစ်ယောက်တည်း ကုပ်ချောင်းချောင်း ထိုင်နေခဲ့မိတာ ဖြစ်သည်။

လူတကာကတော့ စေားလို မဟုတ်ပါ။ ချစ်သူဖြစ်နေကြပြီဖြစ်သော စုံတွဲများ၊ ဖြစ်လတ္တံ့သော စုံတွဲများဟာ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အဖော်နှင့်ကိုယ် အပြုံးချင်းဖလှယ်ရင်း သာယာစိုပြည်နေကြတာ မနာလိုစရာကောင်း ကောင်းသေးသည်။

လာဘ်ဦးကတည်းက ဘူပိတ်ခဲ့သော၊ ဈေးဦးပေါက် မကောင်းခဲ့သော၊ ဆက်တိုက်ဆိုသလို အချစ်ရေးမှာ ဘူကျခဲ့သော တေးမှာတော့ တစ်ယောက်တည်းဝင်။ ခြောက်သွေ့လှပါသည်။ ဟောဒီ တစ်လောကလုံးမှာ'တေးကို ချစ်မယ့် လူတော်လူကောင်း လေး တစ်ယောက်တော့ ပေါ်ပေါက်ဖို့ သင့်ပါသည်။

ဟော... ဟိုမှာကြည့်စမ်း ... အသားမည်းမည်း နဖူး မောက်မောက် နှုတ်ခမ်းလန်လန်နဲ့ ရီရီတောင်မှ အရုပ်ပုပု သူ့ ကောင်ကလေးနဲ့ မျက်လုံးချင်းဆုံကာ ရင်ခုန်နေကြသေးသည်။ အဲဒီ မိန်းမဟာ ရုပ်ဆိုးတယ်၊ တေးလိုတော့ ခပ်ကုပ်ကုပ် ကလေး ဘယ်တော့မှမနေ။ အမြဲတမ်း သူ့ကိုယ်သူ ယုံကြည်စွာ ဝံ့ကြွား သွက်လက်နေသည်။ (အေးလေ ... သူက ရုပ်ဆိုးပေမယ့် တေးလို ကံဆိုးတာမှ မဟုတ်တာ) သူက သူ့နှုတ်ခမ်းနှစ်လွှာ ထဲက လန်နေတဲ့ အပေါ်နှုတ်ခမ်းတစ်လွှာကို ပုံကျပန်းကျ လှပ သွားအောင် lip liner နဲ့ ပုံဖော်ထားတတ်သည်။ လန်နေတဲ့ အပေါ်နှုတ်ခမ်းသား တစ်ဝက်ကို ချန်ကာ ခပ်ပါးပါး ပုံကျဂဂျ





ဖြစ်အောင် ပုံဖော်ပြီး နှုတ်ခမ်းနီဆိုးလိုက်တဲ့အခါ သူ့နှုတ်ခမ်းက လှသယောင်ယောင် ဖြစ်သွားသည်။ (ဒါကလည်း အဝေးကကြည့် မှပါ ... အနီးကပ် ကြည့်ရင် အသိသာကြီး ဥစ္စာ ... နှုတ်ခမ်းနီတွေ ပျက်နေပြီများဆို တစ်ဝက်တစ်ပျက် နှုတ်ခမ်းကြီးက ရယ်စရာ ကောင်း ကောင်းသေး)

ဘာပဲပြောပြော သူ့ကောင်ကလေးကတော့ သူ့ထက် အရုပ်ပုတာကလွဲရင် ကျန်တာမဆိုးပေ။ (တေးလောက်တော့ ဘယ်သူမှကံမဆိုး ...)။ ပြီးတော့ သူ့ကိုလည်း ချစ်ခင်ယုယပုံ ပေါ်သေးသည်။

တေးသည် လူစာကာ ပျော်နေတာကိုကြည့်ကာ ကိုယ့်ရဲ့ ကံဆိုးမှုကို တွေးလျက် ဝမ်းနည်းနေဆဲ ... တေးရဲ့ နောက်နားဆီက ဓါးတိုးသံတချို့ကို ကြားလိုက်ရလေသည်။

"ဟော ... ဟိုမှာ lucky girl ကလေး လာပါပြီ ...."

တေးသည် ရုတ်တရက် စိတ်ဝင်စားမှုဖြင့် နိုးကြား လာသည်။

"lucky girl" တဲ့ ...။

ကံကောင်းတဲ့ မိန်းကလေးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်စရာလေးကွာ … ဘယ်တော့ကြည့်လိုက် ကြည့်လိုက် မျက်နှာကလေးက ပြုံးကြည်နေတာပဲ …"

"သူ့ကိုသာရရင် တစ်သက်လုံး စိတ်ချမ်းသာရမှာ သေချာတယ်"

"မြစည်သူက အင်မတန် luck ကောင်းတဲ့ မိန်းကလေးကွ၊ သူကိုယ်တိုင်က ကံကောင်းရုံမကဘူး၊ သူနဲ့ပတ်သက်တဲ့ သူတွေကိုပါ ကံကောင်းစေတယ်လို့ သတင်းကြီးသေးတယ်"

တေး အနီးအပါးမှ ယောကျ်ားတွေသည် သူမအကြောင်းကို လှိုက်လှဲမက်မောစွာ ပြောလျက်ရှိသည်။ ကြားရသလောက်ဆိုရင် မြစည်သူဟာ တေးနဲ့ ဆန့်ကျင်ဘက် ကံတရားကို ပိုင်ဆိုင်ထားသူပေါ့၊ တေးသည် အကြားနှင့်ပင် မနာလိုစိတ်ဖြင့် ပြည့်သိုးလာကာ ထိုသကောင့်သားတွေ တရှိုက်မက်မက်ငေးမောနေရှာသောဘက်သို့ လှည့်ကြည့်လိုက်လေသည်။

"အို … ဒီလောက်လည်း အလှကြီးမဟုတ်ပါဘူး …"

တေးက မြင်မြင်ချင်း မှတ်ချက်ချမိ၏။

တေး မြင်ရသည်မှာ ကြည်လင်သော မျက်နှာထား၊ ကိုယ့်ကိုကိုယ် ယုံကြည်ပိုင်နိုင်သော ကိုယ်ဟန်အနေအထားဖြင့်





စမတ်တကျ လျှောက်လှမ်းလာနေသောမိန်းမတစ်ယောက်ကို ဖြစ်သည်။

'မြစည်သူ' တဲ့ …။

သူဟာ lucky girl တဲ့လား …။

တေးသည် သူ့ကို အသေးစိတ်ကျကျ စိုက်ကြည့်နေမိသည်။ သူမဟာ သိပ်အလှကြီးတော့လည်း မဟုတ်ပေ။ ကျောလယ်နားမှာ ညီညီညာညာ ဝဲကျနေသည့် ဆံပင်ထူထူအိအိများကတော့ လှသည်ဟုဆိုရမည်။ နဖူးပေါ်မှာဆံပင်တိုတချို့ ခပ်ပါးပါးချထားပုံက နည်းနည်းများ တော်ဆန်နေသလားလို့ပင်။ သို့သော် သူမ မျက်နှာဟာ ဘာကိုဘယ်လိုပြောရမှန်းမသိဘဲကို ကြည်လင်တောက်ပကာ ဆွဲဆောင်ခြင်းရောင်ခြည်တွေ ဖြာထွက်နေသည်ဟု ထင်ရသည်။ မျက်လုံးရဲ့ ကြည်လင်မှုက အဝေးကပင် သတိပြုစရာဖြစ်သည်။ သူမရဲ့ နှုတ်ခမ်းကလည်း ပြုံးထားတာမျိုး မဟုတ်ပေ။ သို့သော် သူမက ဘယ်လို Beauty Salon မှာမှ ပြင်ယူ၍မရသော ရှင်းလင်းကြည်လင်သော မျက်နှာထားကို မနာလိုစရာ ကောင်းစွာ ပိုင်ဆိုင်ထားလေသည်။

သူမ ဝတ်ဆင်ထားတာတွေထဲမှာ တောက်တောက်



www.burmeseclassic.com

www.burmeseclassic.com



ဝဝ ပြောင်ပြောင်လက်လက်ရယ်လို့ မပါ။ ရွှေတွေ စိန်တွေကိုလည်း သီးနေအောင် ဝတ်မထား။ သို့သော် ဘာမှဝတ်မထားသည့် လည်ဝင်းကလေးက ရှင်းနေကာ မီးခိုးရောင်လဲ့လဲ့ အင်္ကျီကလေး ကပင် လင်းလက်အရောင်ထွက်နေသည်ဟု ထင်ရသည်။ သားဘက် ကို ခဝ်ကျယ်ကျယ် ရင်ဘတ်နားကျ လည်ပင်းနား တိကပ်နေသော ပုံစံခပ်ရိုးရိုး လုံလုံခြုံခြုံ ဂါဝန်ရှည်ကလေးကိုသာ ဝတ်ထားသော်လည်း သူမပုံစံဟာ မြင်ရုံနှင့် အဆင့်အတန်းမြင့်သော အသိုက်အဝန်း ထဲက မိန်းမတစ်ယောက်ဆိုသာ သိသာနေပါသည်။

တေးသည် မြစည်သူကို အသေးစိတ်ကျကျ သုံးသပ်ပြီးသောအခါ တေး လွယ်ထားသည့် ပျော့တွဲတွဲ အိတ်ကြီးထဲက မှန်ကလေးကို လူမမြင်အောင် တိတ်တိတ်လေး ခိုးဖွက်ထုတ်ကြည့်လိုက်မိလေသည်။

မှန်ထဲမှာ ပေါ်လာသော အလယ်ကွဲဆံပင်ခပ်ဖွဖွတွေ ဖိုသီဖတ်သီ အုပ်ဆိုင်းနေသော မျက်နှာကလေးသည် စင်းဖြောင့်သော နှာတံ၊ ပြည့်တင်းသော နှုတ်ခမ်းတို့ဖြင့် ဖွဲ့စည်းထားပါသော်လည်း မျက်နှာထားက မကြည်လင်ဘဲ ညစ်ပုတ်ပုတ် ဖြစ်နေတာမို့ နှစ်မြို့စရာမရှိပေ။ တေးရဲ့ ကံမကောင်းခြင်းတွေကပဲ တေးမျက်နှာ





မှာ လှာဟပ်နေသလားဟု ထင်မိသည်။ မျက်တောင်ကော့တွေ ဝန်းရံနေတဲ့ မျက်ဝန်းထဲမှာတော့ ရန်လိုသည့်၊ လောကကြီးကို အလိုမကျ မကျေနပ်သည့် အရိပ်အငွေ့တွေ ပြည့်လျှံနေသေးသည်။

တေးဟာ ဘာဖြစ်လို့ သူ့လို လူချစ်လူခင် မပေါ ရတာလဲ။ တေးဟာ ကံဆိုးတတ်တဲ့ မိန်းမမို့လို့လား ...။

တေးသည် တိတ်တဆိတ် ဝမ်းနည်းသွားကာ လူ တကာ့ဝိုင်းဝန်း အရေးပေးခံနေရသော မြစည်သူကို ရန်လိုသော မျက်ဝန်းများဖြင့် စိုက်ကြည့်နေမိလေသည်။

ဟော ... အလွန်ကြည့်ကောင်း စမတ်ကျသော ယောကျ်ားတစ်ယောက်ဟာ မြစည်သူထံ လျှောက်သွားပါပြီ။ ထို ယောကျ်ားက မြစည်သူကို အင်မတန်မှ အလေးဂရုပြုသော မျက်နှာထားဖြင့် ယဉ်ကျေးစွာ နှုတ်ဆက်နေပါသည်။

"မမြစည်သူ နေကောင်းရဲ့လား ခင်ဗျာ၊ မဆုံဖြစ်တာတောင် ကြာပြီနော် ..."

"သြော် ... ဟုတ်ကဲ့ ... နေကောင်းပါတယ်ရှင်၊ မြက ခုတလော ဖေဖေနဲ့အတူ ခရီးခဏခဏထွက်နေရတော့ တခြားဘယ်မှမရောက်ဖြစ်လို့ မတွေ့ကြတာနေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ဂို့ အလုပ်တွေကို မမြစည်သူ ကူနေပြီလား"

"နည်းနည်းပါရှင် ..."

"ဘာပဲဖြစ်ဖြစ်လေ ... မမြစည်သူ ပါလာရင်တော့ ဘယ်လုပ်ငန်းမဆို အောင်မြင်မှာသေချာပါတယ်၊ မမြစည်သူရဲ့ ကံကောင်းမှုကို ဘယ်သူမှလိုက်မမီဘူးလေ ..."

"ဒီလောက်လည်း မဟုတ်ပါဘူးရှင် ..."

ကြားရသော စကားလုံးတွေကတော့ တေးအဖို့ မနာလိုချင်စရာတွေချည်းသာ ဖြစ်လို့နေသည်။

တေးကြည့်နေဆဲမှာပင် ညှော်ခံပွဲထဲက ရှိရှိသမျှ ဂုဏ်သရေရှိ အဆင့်မြင့်မြင့် သကောင့်သား အပေါင်းတို့သည် တစ်ယောက်ပြီးတစ်ယောက် ထ,လာတာ မြစည်သူကို နှုတ်ဆက်ကြသည်။ အရေးတယူ နေရာပေးကြသည်။

အို ... ကြည့်စမ်းပါဦး၊ သူ့နံဘေးမှာ ဝိုင်းနေတဲ့ ယောကျ်ားတွေဟာအားလုံး အကောင်းစားတွေချည်းဆိုတာ မြင်ရုံနှင့် သိသာပါသည်။ တေးရဲ့ ဘဝတစ်လျှောက်လုံးမှာတော့ အဲဒီလို လူမျိုး တစ်ယောက်သာတွေ့ဖူးကာ တွေ့ဖူးပြီး မကြာခင်မှာပဲ မိန်းမယူသွားခဲ့သည်။ တေးကို ကျားပိန်တွယ် တွယ်ချင်သည့်





ယောကျ်ားတွေဟာ ခပ်နုပ်နုပ်တွေချည်းသာ။ ခုတော့ အနားမှာ ဘယ်သူမှတောင် မရှိတော့ပါဘူး။

တေးရဲ့ မနာလိုခြင်းတွေသည် တစ်ခဏချင်းမှာ အဆောက်အဦဖြစ်လာရကာ မြစည်သူအကြောင်းကို သိချင်စိတ် ပြင်းပြလာလေသည်။

ထိုခဏမှာပင် မွေးနေ့ရှင် တေးသူငယ်ချင်းက တေးနားသို့ ရောက်လာပါသည်။

"ဟယ် ... တေး ... ဘယ်တုန်းက ရောက်နေတာလဲ၊ တေး ရောက်လာတာကိုတောင် မသိလိုက်ဘူး ..."

ကဲ ... ကြည့်ဦးလေ ... တေးတို့ မထင်မရှားနိုင်လိုက်ပုံများတော့ ရောက်လာတာတောင် မသိလိုက်ဘူးဆိုပဲ၊ တေးက မြစည်သူအကြောင်း မေးဖို့သာ စိတ်စောနေရကာ ...

"လီလီ ... ဟိုတစ်ယောက်ဟာ ဘယ်ကလဲ ... ၊ တေးတို့ သူငယ်ချင်းတွေထဲကလည်း မဟုတ်ပါလား ..."

"ဩော် ... မြစည်သူကို ပြောတာထင်တယ် ..."

"ဟုတ်တယ် ... ဟိုမှာ ယောကျ်ားတွေ အလုအယက် ဝိုင်းနှုတ်ဆက်နေကြတဲ့ မိန်းမလေ၊ အမြင်ကတ်စရာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ဒေးကလည်း ယောကျာ်းတွေ နှုတ်ဆက်တယ် ဆိုပေမယ့် သူက မာယာများများ မိန်းမတော့မဟုတ်ပါဘူး၊ သူ့အလိုလိုကို လူချစ်လူခင်များတာ၊ သူ့ကို စိတ်ဝင်စားတဲ့ ယောကျာ်းတွေတော့အများကြီးပေါ့၊ အားလုံးလည်း လူကြီး လူကောင်းတွေထဲကပါပဲ၊ ဒါပေမယ့် မြက ခပ်မှန်မှန်ပဲ ဆက်ဆံတာပါ၊ ခုလောလောဆယ်မှာကို သူ့ကို လက်ထပ်ခွင့် တောင်းထားတဲ့ ယောကျာ်းသုံးယောက် ရှိတယ်၊ တစ်ယောက်က ရေသန့်စက်ရုံပိုင်ရှင် MBA ဘွဲ့ရပဲ၊ မျိုးရိုးနဲ့ ချီပြီး ချမ်းသာကြတာ၊ တစ်ယောက်ကတော့ အထူးကုသမားတော်၊ ကိုယ်ပိုင်ဆေးရုံလည်း ထောင်ထားတယ်လေ၊ သိတယ်မဟုတ်လား၊ အရမ်းအောင်မြင်တယ်၊ သူတို့မျိုးရိုးကိုက ဆော်ဘွားမျိုးပဲ၊ မြထက်တော့ ဆယ်နှစ် ကျော်လောက်ကြီးတာပေါ့ …

"နောက်တစ်ယောက်က စူပါမတ်ကတ်ဆိုင်ခွဲတွေရော၊ စိန်တိုက်တွေကော ဖွင့်ထားတဲ့ တစ်ယောက်လေ၊ ရုပ်ကလည်း ချောမှချော၊ ပညာကလည်း အမေရိကားက ဘွဲ့ရလာတာ၊ သူ့မိဘတွေက အမေရိကားမှာ …"





"အမလေး … တော်ပါတော့ လီလီရယ်၊ ပြောနေ လိုက်တာ မစားရဝခမန်း …"

"ဩော် … အားကျလို့ ပြောရတာပေါ့ဟယ်၊ မြကတော့လေ ဘယ်သူ့ကိုမှ ခေါင်းမညိတ်သေးဘူး သိလား၊ မြရဲ့ ဖူးစာဘက် ဘယ်သူဖြစ်လာမလဲဆိုတာဟာ ယောကျာ်းတွေ အတွက်တော့ ရင်ခုန်စရာ ပဟေဠိတစ်ခုပဲ …"

"လင်စံရွေးရင် လင်ခွေးနဲ့ညားတတ်တယ်တဲ့ … အဲဒီ စကားပုံ ကြားဖူးလား …"

"ဟင် … ကြားတော့ကြားဖူးတယ်၊ ဘာအဓိပ္ပာယ်မှန်းတော့ မသိပါဘူး"

"အဓိပ္ပာယ်က ယောကျာ်းကောင်းကောင်းရအောင် ရွေးရင်း ရွေးရင်းနဲ့ အရွေးလွန်ပြီး နောက်ဆုံးကျတော့ မကောင်း မကန်းနဲ့ပဲ ရသွားတတ်တယ်တဲ့"

"ဟယ် … မြကတော့ ဘယ်တော့မှ အဲဒီလိုဖြစ်မှာ မဟုတ်ပါဘူး၊ သူက ကံကိုကောင်းတာ၊ သူ့ကို ကိုယ်ဝန်ရှိစ ကတည်းက သူ့အိမ်မှာ အရမ်းစီးပွားတက်လာတာတဲ့၊ သူ့ကိုမွေးပြီးနောက်ပိုင်းကျတော့ သူ့အဖေရဲ့ အလုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



တရိုန်ထိုးအောင်မြင်သွားတော့တာပဲ၊ နောက် တဖြည်းဖြည်း အရွယ်ရောက်လာလေ ပိုပြီးအောင်မြင်လာလေပဲတဲ့၊ သူ့အဖေက သူလုပ်ငန်းတစ်ခု လုပ်ပြီဆို သူ့သမီးနာမည်နဲ့ပဲ လုပ်တာတဲ့၊ သူ့နာမည်နဲ့လုပ်ရင် သိပ်မအောင်မြင်လို့တဲ့လေ၊ အဲဒီအကြောင်းသိတဲ့ လူတော်တော်များများကတော့ မြစည်သူကို lucky girl လို့ သတ်မှတ်ကြတာပေါ့၊ သူ့ဘဝမှာ ကံဆိုးတာဆိုလို့ သူ ဆယ်နှစ်သမီးမှာ သူ့အမေဆုံးသွားတာတစ်ခုပဲ ရှိတယ်"

"သူနဲ့ နင်နဲ့က ဘယ်လိုသိတာလဲ လီလီ"

"သူက ဖေဖေ့မိတ်ဆွေရဲ့ သမီးလေ၊ ဖေဖေနဲ့ ပတ်သက်ပြီး ငါတို့ချင်းပါ ခင်သွားတာပေါ့"

"ဟို ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကလေးတွေကရော နင့်မွေးနေ့မှာ ဘယ်လိုဘယ်လိုပါလာတာလဲ"

"အဲဒါက ဖေဖေ့မိတ်ဆွေတွေရဲ့ သားတွေလည်းပါ၊ လူငယ်ပိုင်းထဲက တချို့ကလည်း စီးပွားရေးမှာ အောင်မြင်နေကြတဲ့သူတွေချည်းပဲလေ၊ ဖေဖေနဲ့ လုပ်ငန်းချင်း ပတ်သက်ရာက နေခင်နေကြတာ"





"အဲဒီလိုလူတွေက နင့်ကျ သိပ်စိတ်မဝင်စားဘဲ မြစည်သူကိုပဲ ဝိုင်းအရေးပေးနေကြတာ နင် မခံချင်မဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ ငါ့မှာလည်း ချစ်သူရှိသားပဲဥစ္စာ ..."

လီလီက ပြုံးပြုံးကလေး ပြောလိုက်ရင်းက ခေါင်းကလေး ချာချာလည်ကာ ဟိုဟိုဒီဒီ လှမ်းကြည့်ရှာဖွေလိုက်ပြီး ...

"ဟော ... ဟိုမှာ ငါ့ချစ်သူလေး လာနေပြီ၊ သွားနှုတ်ဆက်လိုက်ဦးမယ်၊ အေးအေးဆေးဆေးပဲ မဟုတ်လား မိတေး၊ စားစရာတွေက ဟိုဘက်မှာ၊ ကြိုက်တာယူစားနော်"

လီလီက 'ငှက်သွင်ပျံကြွ မတတ်သော်' ခြေလှမ်းများဖြင့် သူ့ချစ်သူထံ လှမ်းသွားသောအခါ တေးက ဘာကိုမှန်းမသိ စိတ်တိုစွာ ကျန်ရစ်ရလေသည်။

တေးသည် စိတ်တိုတိုနှင့်ပင် ထ,ရပ်လိုက်ပြီး ဘူဖေးစနစ် ပြင်ဆင်ထားသော စားသောက်စရာတွေရှိရာသို့ ခပ်သွက်သွက် လှမ်းသွားလိုက်သည်။ အစားစားတာပဲ စိတ်ချမ်းသာသည်။

တေးသည် ပန်းကန်ပြား တစ်ချပ်ကိုယူကာ စားသောက်စရာတွေကို မောက်လျှံနေအောင် ထည့်လေသည်။ ပြီးတော့ တေး နေရာကိုပြန်လာကာ မြစည်သူရဲ့ ကံကောင်းမှုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



မတွေ့၊ တေးရဲ့ ကံဆိုးမှုကိုလည်း မတွေးမိအောင် အစားကိုသာ အားပါးတရ စားပစ်လိုက်လေသည်။ မောက်လျှံနေအောင် ထည့်လာသော တေး ပန်းကန်ထဲက ထမင်းများ၊ ခေါက်ဆွဲကြော်များ၊ အသုပ်များ၊ ပုစွန်များ၊ ကြက်ကင်တုံးများသည် ခဏချင်းမှာပင် လျော့ကျသွားသည်။ တေးသည် ကြက်ပေါင်တစ်ခုကို အာရုံစိုက်ကာ ကိုက်ဖဲ့နေဆဲ ...

"တေးလင်္ကာ ..."

အမလေး ...။

ကိုက်လက်စ ကြက်ပေါင်သည် တေးရဲ့ ပါးစပ်ထဲမှ အလန့်တကြား ပြုတ်ကျသွားသည်။ တေးသည် နှုတ်ခမ်းထောင့်မှာ ပေကျံနေသော ဆီရည်တွေကိုပင် မသုတ်နိုင်ဘဲ တေးရှေ့က လူကို မျက်လုံးအပြူးသားဖြင့် သရဲသဘက်ပမာ စိုက်ကြည့်နေမိလေသည်။

ဘုရား ... ဘုရား ...

တေးများ မျက်စိမှားလေရောသလား ...။

တေး ဆယ်ကျော်သက်ဘဝက တေးကို လာဘ်ဦးကံစည်းက ဘူကျအောင်လုပ်ခဲ့သော အင်မတန်ဆိုးသွမ်းသည့်





လူဆိုးချဉ်ဖတ်သည် တေးကို အားပါးတရကြီး ပြုံးပြနေခဲ့သည်။ သူ့ရဲ့ ဘယ်လိုမှ အဆင့်အတန်းမရှိသော အကြည့်နဲ့ အပြုံးက တေးကို သွေးဖျက်စေသည်။ ဘယ်လိုက ဘယ်လိုများ ဒီလိုပွဲမျိုးကို ရောက် လာရပါလိမ့် ...။

"ကိုယ် ဘယ်ဘဝရောက်ရောက် မင်းကိုမမေ့ပါဘူး တေးလင်္ကာ၊ ကိုယ် အခု အရမ်းလိမ္မာနေပြီ၊ အလုပ်လည်း လုပ်နေပြီ၊ အဟင်း ... မင်းကြည့်ရတာ ကိုယ် ဒီလိုနေရာမျိုးကို ကိုယ် ရောက်လာလို့ အံ့သြနေပုံရတယ်၊ ကိုယ်က အခု သူဌေးရဲ့ ဒရိုင်ဘာလေ၊ ဟိုမှာတွေ့လား၊ ဟိုမှာရပ်နေတဲ့ သူဟာ ကိုယ့် Boss ပေါ့ ..."

သူ ညွှန်ပြသည့်ဘက်ကို တေးက ယောင်ယောင် ကန်းကန်း လှည့်ကြည့်မိရာ မြစည်သူ နံဘေးမှာ မြစည်သူကို မက်မောသောမျက်ဝန်းများဖြင့် စိုက်ကြည့်၍ စကားပြောနေသော သူကို တွေ့ရလေသည်။ တေးသည် ရုတ်တရက် ဒေါသအိုး ဖြန်းဖြန်းကွဲသွားကာ တေးရှေ့က ပန်းကန်ကို မ,ယူလိုက်ပြီး သူ့မျက်နှာဆီ ပက်ထည့်လိုက်သည်။ ဆီရွှဲရွှဲခေါက်ဆွဲဖတ်များ၊ ထမင်းဖတ် ဟင်းဖတ်များသည် သူ့မျက်နှာမှာ အဖတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ထဝ်သွားကြသည်။ သူက မတုန်လှုပ်သော်ဟန်ပန်ဖြင့် သူ့မျက်နှာ သူ လက်ဖြင့်သပ်ချရင်း သွားတွေအကုန်ဖော်ကာ ...

"ဟီး ... ဟီး ... မင်း ဘယ်လောက်ပဲ ကိုယ့်အပေါ် ဆိုးပါ

စေ ကိုယ်သည်းခံနိုင်ပါတယ်၊ ကိုယ်ကတော့ ခွဲမလျှော့ဘူး

နော်၊ မင်းကို ဆက်ချစ်နေဦးမှာပဲ ..."

အား ... ။ တေးသည် ရှုံ့ရှာလွန်းတာမို့ စိတ်ထဲကနေ အသံကုန်အော်ပစ်လိုက်မိသည်။ ပြီးတော့ ဈေး လွယ်နေကျ အိတ်ကြီးကို ကောက်လွယ်ကာ ထိုသူ့အနီးမှ ပြေးထွက်လာခဲ့လေသည်။

အဖြစ်ဆိုးလှချည်ရဲ့ ... ။ ဒီလိုလူမျိုးကမှ ဖွဲ့နဘဲနဲ့ လာချစ်ရသတဲ့လေ။ ဆော ဘာလုပ်လုပ် မမုန်းနိုင်ပါသတဲ့လေ။ မြစည်သူကို ချဉ်းကပ်နေတဲ့ သူဌေးရဲ့ ဒရိုင်ဘာကလေ ... ။

"ကံဆိုးတာပါ ... ငါ့ကိုက ကံဆိုးတာပါ ..."

တေးသည် ပါးစပ်ကလည်း တပွစီစီ ရေရွတ်မိကာ လူများများရှိနေသည့်ဘက်ကို ကွေ့ပတ်လျှောက်ရင်း လီလီတို့ရဲ့ ခြံဝန်းစဆီ မပြေးရုံတမည် လှမ်းသွားနေဆဲ တေးနဲ့ မလှမ်းမကမ်းက ကားပါကင်မှာ ကားတစ်စီး ဝင်ရပ်တာကို လှမ်းမြင်ရလေသည်။





တေးသည် မျက်မှောင်ကလေး ကြုတ်မိကာ အဲ့ဒီကားကို အသေအချာ စိုက်ကြည့်မိသည်။ ဒီကားကို မြင်ဖူးသလိုပဲ။

တေး လှမ်းကြည့်နေဆဲ ကားပေါ်မှ မိသားစုတစ်စု ဆင်းလာလေသည်။

အဲ့ဒီလူ ... အဲ့ဒီလူ ...

ဘုရားရေ ... ဟိုအစ်ကိုကြီးပါလား ... ။

တေးသည် နေရာမှာပင် ကြက်သေသေကာ မြင်ကွင်းကို စူးစိုက်ကြည့်မိသည်။ တေးကို တစ်ခဏတာ ကြင်နာခဲ့ဖူးတဲ့ ဟိုအစ်ကိုကြီးဟာ ချစ်စဖွယ်ကလေးလေး တစ်ယောက်ကို ချီပိုးလျက် ... ခပ်ချောချော စမတ်ကျကျ အစ်မကြီးဟာ အစ်ကိုကြီးရဲ့ လက်မောင်းကို တွဲချိတ်လျက် သူတို့တွေရဲ့ မျက်နှာဟာ ပြုံးရွှင်ကြည်လင်လျက် ... ။

ဟင်း ... ဒီနေ့ကျမှ ဟိုလူနဲ့လည်း တွေ့ရ၊ ဒီလူနဲ့လည်း တွေ့ရ၊ အင်မတန် ကံဆိုးမိုးမှောင်ကျနေပါလား ... ။

တေးသည် လက်သည်းကလေးကိုက်ကာ သူတို့ မိသားစုကို ငေးကြည့်ကျန်ခဲ့ရင်း ရင်ထဲဝမ်းနည်းသလိုလိုကြီးဖြစ်လျက် မျက်ရည်တွေဝဲလာသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ တေးက ဖိုသီဖတ်သီလွယ်ထားသော အိတ်ကြီးကို လက်နှင့်တန်းလန်းဆွဲကိုင်ကာ ခေါင်းငိုက်စိုက်ချရင်း လီလီရဲ့ မွေးနေ့ပွဲကို ကျောခိုင်းလိုက်လေသည်။

ဪ... ငါ တော်တော်ကံဆိုးပါလား ...။

ကိုယ့်ကို စွဲစွဲမြဲမြဲကြိုက်တဲ့သူကလည်း အလေနတ် တော ...၊ ကိုယ်ကကြိုက်ရတဲ့သူကျတော့ မိန်းမယူကာ ကလေးတွေ တာတွေတောင်ရ ...။

တကယ်ဆို တေးဟာ ဘယ်လောက်ပဲ ကံဆိုးတယ် ဆိုပေမယ့် တေး အိမ်က ဘယ်လောက်ပဲ စီးပွားကျတယ်ဆိုပေ မယ့် တေးအဆင့်အတန်းက ဆိုးဝါးနိမ့်ကျနေတာမျိုးလည်း မဟုတ် ပါ။ တေးဟာ တက္ကသိုလ်ကျောင်းသူတော့ ဖြစ်သေးတာပဲ ရုပ်ကလည်း ဆိုးဆိုးဝါးဝါးကြီးမဟုတ်ပါ။ ဒါနဲ့များတောင် တေး ဟိုလူလိုအဆင့်အတန်းက လာကြိုက်ရတယ်ဆိုတာ ဘယ်လောက် ရင်နာစရာကောင်းသလဲ။ ဒါ ... တေးရဲ့ မကောင်းတဲ့ ကံကြမ္မာ ကြောင့်သာဆိုတာ ရှင်းနေတာပဲ။

တေးသည် ခြေလှမ်းတွေကိုတရွတ်ဆွဲမတတ် လေး လေးလံလံ လှမ်းခဲ့ရင်း မျက်နှာထားက ပုပ်အဲ့သို့ညစ်ကာ ရှုံ့





သည့်ပုံ ပေါက်နေသည်။ ဒေါသနှင့် စိတ်မကြည်လင် အလိုမကျမှု က အလုံးအရင်းနှင့် အုံကြွကာ ပေါက်ကွဲဖို့ အဆင်သင့် အနေ အထား ဖြစ်နေသည်။

အဲဒီလို အနေအထားမှာမှ ...

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

"မြစည်သူဆိုတဲ့ မိန်းမမှာတော့ ကံကောင်းခြင်းတွေစုလို့၊ ငါ့မှာတော့ ကံဆိုးခြင်းတွေ စုလို့ ... "

တေးသည် လီလီတို့ ခြံထဲမှထွက်လာပြီးနောက်တွင် ပါးစပ်ကလည်း ခပ်တိုးတိုး မကျေမချမ်းပြောလျက်၊ လက်ကလည်း တေးရဲ့အိတ်ကြီးကို လွှဲယမ်းလျက် လမ်းမဘက်ဆီသို့ တစ်ယောက်တည်း လျှောက်နေခဲ့တာဖြစ်သည်။ တေးစိတ်သည် ဒေါသဖြင့် အချဉ်ပေါက်လျက်ရှိပါသည်။

ထိုခဏမှာ လွှဲယမ်းလာသော တေးရဲ့အိတ်ကြီးမှာ အရှိန်လွန်ကာ တေးလက်မှလွင့်ထွက်သွားပြီး လမ်းမအလယ်သို့ ဇုန်းခနဲအကျ ကားတစ်စီးကလည်း တေးရဲ့အိတ်ကို ဖွီခနဲ တက်အနင်း ...။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



အလိုလိုနေရင်းကမှ ဒေါသပုန်ထနေရသော တေးသည် ထိုကားဆီ ဘယ်ကနေဘယ်လို ခုန်ပေါက်ပြေးသွားမှန်းတောင် မသိတော့ပါ။ ကားက ကျွီခနဲရပ်သွားတော့ တေးက ကားဘောနက်ကို တဝုန်းဝုန်းထုရိုက်လိုက်ရင်း ...

"ရမ်းကားလှချည်လားဟင်၊ အိတ်တစ်လုံးလုံး ကျနေတာ မမြင်ဘူးလား၊ ဒီလောက်တောင် ကားမောင်းသရမ်းရသလား၊ ကိုယ့်ကိုကိုယ် ကားပေါ်ကလူဆိုပြီး ဘဝင်လေဟပ်မနေနဲ့ သိလား၊ အမလေး ... ငါ့အိတ်ကလေးတော့ သွားပါပြီ ... ကုန်ပါပြီ ... ပစ်ရပါပြီ၊ ကြည့်စမ်း ကားဘီးအောက်မှာ ဖွတ်ဖွတ်ညက်ညက်ကြေနေပြီ ..."

တေးသည် အော်ဟစ်ရန်တွေ့ရင်းက ဘီးအောက်မှာ ပြားနေသော တေးအိတ်ကလေးရှေ့မှာ ငုတ်ခနဲ ထိုင်ချလိုက်လေသည်။

"ကုန်ပြီ ... သွားပြီ ... ထီးရော ... မိတ်ကပ်ဘူးရော ... တိုလီမုတ်စတွေရော အားလုံး ကျိုးပဲ့ကြေမွကုန်ပြီ၊ ဘုရား ... ဘုရား ငါ့အိတ်ကလေးတောင် ပြဲစုတ်သွားပြီ ထင်ပါတယ်ဟယ်"





တေးမှာ ဒေါသဖြင့် ထူပူနေကာ ဘီးအောက်မှာ တစ်စွန်းတစ်စထွက်နေသော အိတ်ကို သဲကြီးမဲကြီး ဆွဲထုတ်မိလေသည်။

"ဟော့ ... ဟော့ ... အဲဒီလို မဆွဲနဲ့လေ၊ ကျွန်တော် ကားရွှေ့ပေးမှာပေါ့၊ စိတ်အေးအေးထားပါ၊ ဒီလောက် စိတ်မလှုပ်ရှားပါနဲ့ ... အားလုံး အဆင်ပြေအောင် လုပ်ပေးပါ့မယ်၊ ပျက်စီးသွားတာရှိရင်လည်း လျော်ပေးပါ့မယ် ..."

ဖျောင်းဖျသံက တေးရဲ့ နောက်နားဆီက ပေါ်လာသည်။ အသံက သွေးအေးလှသည်။ အေးပေါ့ ... ဒင်းက ခံရတဲ့သူမှ မဟုတ်တာ ... သွေးအေးနိုင်မှာပေါ့။ တေးက ဒေါသပိုထွက်လာကာ ဆတ်ခနဲ ထ,ရပ်လိုက်ရင်း ...

"ဒီမှာ ... ရှင်က လျော်ပေးမယ်ဆိုလည်း ကျွန်မပစ္စည်းက အရင်အတိုင်း ပြန်မရ ... ရ ..."

ရန်တွေ့လက်စတန်းလန်း တေးမှာ သူနှင့် မျက်နှာချင်း ဆိုင်မိသောအခါ ပြောလက်စ ပါးစပ်က ဟစီဟစီဖြစ်ပြီး ပိတ်သွားရတော့သည်။

အို ... ကြည့်စမ်းပါဦးကွယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလို အေးချမ်းတဲ့ ကြည့်ကောင်းတဲ့ ဆွဲဆောင်မှုရှိတဲ့ မျက်နှာမျိုး ဒီကမ္ဘာမှာ ဘယ်နှယောက် ရှိနိုင်မလဲ ...။

တေးသည် ရုတ်တရက် ဒေါသတွေ ချုပ်ငြိမ်းသွားသည်။ တကယ်တော့ ဒီလိုဖြစ်ရတာဟာ တေး အမှားသာပါ။ ဒီအိတ်က တေးလက်က လွတ်ထွက်သွားတာကိုး၊ သူ့ကားက ချက်ချင်းကြီး ဘယ်လိုရှောင်နိုင်မှာတဲ့လဲဟု တွေးနိုင်ကာ အမှန်ကို ပြန်မြင်လာသည်။

ဒီလိုလူနဲ့ တွေ့ခွင့်ရတဲ့ညခင်းဟာ လေပြည်ညင်းကလေး တိုက်နေသည်ဟုပင်ထင်ကာ လျှင်မြန်စွာ သာယာလာသည်။

"မင်းက ဒေါသအိုးပဲ ... အသက်ကလေး ငယ်ငယ်နဲ့ ဒီလောက်ဒေါသတွေကြီးနေတာ သိပ်ကြည့်မကောင်းဘူးကွ၊ စိတ်ကိုလျှော့မှပေါ့၊ သူတစ်ပါးကို ဒေါသထွက်ရင် ကိုယ်သဲ ပင်ပန်းရတာ၊ အခုဖြစ်ရတဲ့ ကိစ္စကိုလည်း ဘယ်သူ့အလွန်ပဲ ဖြစ်ပစေ ကျွန်တော်ကပဲ တောင်းပန်ပါတယ်၊ ခဏလေးနော် ဒီနားကပဲ ခဏလေး ရပ်စောင့်နေ ... ကျွန်တော် ကားရွှေ့ပေးမယ်"





သူ့မျက်ခုံးတွေက မည်းပြီး ဆက်နေတာပဲ၊ မျက်လုံးတွေကလည်း ကြည်လင်နေတာပဲ၊ မျက်နှာကလည်း ယောကျ်ား ပီသပြီး အလွန်ကြည့်လို့ကောင်း၊ အရပ်ကြီးကလည်း တေးမှာ ဇက်ညောင်းအောင် မော့ကြည့်ရ၊ ဝတ်ပုံစားပုံ ပြောပုံဆိုပုံကလည်း အဆင့်မြင့်လိုက်တာ ...။

တေးသည် သူဘာပြောသွားတယ်ဆိုတာ မကြားလိုက်သလိုပင် ကိုယ့်အတွေးနှင့်ကိုယ် နေရာမှာရပ်ကျန်ခဲ့သည်။

လီလို့ဆိမှာ ကံဆိုးခဲ့ရသော တေးသည် ခုတော့ဖြင့် ကံကောင်းရတော့မည်ထင်သည်။ သူဟာ မိန်းမယူသွားတဲ့ အစ်ကိုကြီးထက် အများကြီးသာသေးသည်။ အဲ့ဒီတုန်းက လက်လွှတ်ခဲ့ရတာဟာ သူ့ထက်သာတာတွေ့ဖို့ အကြောင်းဖန်လာတာ မဟုတ်လား ...။

တေးက အတွေးများဖြင့် မိန်းမောဆဲ ... သူက ကားကို နောက်ဆုတ်ရပ်၊ တေး အိတ်ကလေးကို သွားကောက်ပြီး တေးထံ ပြန်လျှောက်လာပါသည်။ သူက တေးရှေ့မှာ အိတ်ကို မြှောက်ပြရင်း ...

"အိတ်က နည်းနည်းပွန်းပြီး ရှိသွားတယ်၊ သုံးလို့ရတော့



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး၊ အထဲက ပစ္စည်းတချို့လည်း ပျက်စီးသွား ပုံရတယ်၊ ဖွင့်ကြည့်ပါဦး ...”

တေးက အိတ်ကို လှမ်းယူပြီး ဇစ်ဖွင့်ကာ ပစ္စည်းတွေကို သွန်ချလိုက်မိရာ အထဲက မိတ်ကပ်ဘူး၊ ထီး၊ ဘီး၊ သွားကြားထိုးတံ၊ နားကလော်တံ၊ သကြားလုံး၊ လက်သည်းညှပ်၊ ဗီကေ အစရှိသည့် ပစ္စည်းတွေဟာ မွစာကျဲ၍ကျလာပါသည်။

သူဟာ တေးရဲ့ တိုလီမိုလီတွေကို ကြည့်ကာ ပြုံးယောင်ယောင်ဖြစ်သွားပြီးမှ ...

“အထဲက ပစ္စည်းတွေကလည်း တစ်ခုမှ အကောင်းမရှိတော့ဘူးပဲ၊ ကျွန်တော် အလျော်ပေးပါ့မယ်”

“အို ... ပိုက်ဆံတော့ မလျော်ပါနဲ့ ...”

“ဒါဆို ဘယ်လိုလုပ်ပေးရမလဲ ...”

“အင်း ... ဒါက ... ဒီဥစ္စာတွေက အသစ်ပြန်ဝယ်ရမှာဆိုတော့ ဘယ်ဈေးရှိမှန်း မသိဘူး၊ ပိုလည်းမတောင်းချင်ဘူး၊ လိုသွားမှာလည်း စိုးတယ်၊ ဟိုလေ ... ဖြစ်နိုင်ရင် ရှင်ကိုယ်တိုင် လိုက်ဝယ်ပေးပါလား ...”

“ဪ ... ရပါတယ် အပန်းမကြီးပါဘူး၊ ကားပေါ်တက်ပါ၊





ဒီနားက ဒဂုံစင်တာကိုပဲ သွားလိုက်မယ်နော်၊ အဲဒီမှာ အစုံရမယ်ထင်တယ်”

“ဒဂုံစင်တာက နီးတယ်ဆိုပေမယ့် ကျွန်မ ဝယ်နေကျက ရန်ကင်းစင်တာဆိုတော့ ...”

“ဪ ... ရပါတယ် ... ဖြစ်ပါတယ်၊ အဲဒီကိုပဲ သွားလိုက်တာပေါ့ ...”

တေးသည် ရုတ်တရက် ပေါ်လာသော တေးရဲ့ ဉာဏ်နီဉာဏ်နက်ကလေးကို ကျေးဇူးတင်ပြီးနောက်တွင် သူ့နံဘေးမှ အမိန့်သားထိုင်လိုက်လာခဲ့ရတော့သည်။ မြေနီကုန်းဘက်ကနေ ရန်ကင်းစင်တာကို တော်တော်လေး ခပ်ဝေးဝေးမောင်းနေရတာမို့ တေးမှာ သဘောခွေ့၍နေသည်။ တေးက သူ့ကို မသိမသာ ကွက်ကြည့်ကွက်ကြည့်လုပ်နေမိသည်။ တစ်ခါတော့ မျက်လုံးချင်း ဆုံသွားကာ သူက တေးကို ပြုံးပြလာပါသည်။ သူ့အပြုံးက တော်တော်လူကြိုက်လူကောင်းဆန်ပါသည်။

ရန်ကင်းစင်တာရောက်တော့ တေးက တေးအိတ်နှင့် ဒီဇိုင်းတူ အရောင်တူ ဆိုဒ်တူအိတ်ကို မရအရရှာဖွေဝယ်ယူသောအခါ သူက စိတ်ရှည်သည်းခံကာ လိုက်ပါပေးလေသည်။ တေးကတော့ တေးအိတ်နှင့် ကွက်တိတူသည့်အိတ် တွေ့တာတော့



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ရိုးချုပ်သားက ဘာဖြစ်လို့ ညာဖြစ်လို့ဟု အမျိုးမျိုးဈေးများကာ တတ်နိုင်သမျှ အချိန်ဆွဲ၍နေမိလေသည်။

အိတ်ဝယ်ပြီးတော့လည်း မပြီးသေးပါ။ တေးအိတ်ထဲမှာ ၂ါသမျှ တိုလီမိုလီကလေးတွေကို တစ်ခုမကျန် ပြန်လည်ရှာဖွေဝယ်ယူရတာမို့ တေးတို့နှစ်ယောက်သည် ရန်ကင်းစင်တာကို အခေါက်ခေါက်ပတ်လျက်ရှိပါသည်။ ပြီးတော့ နားကြပ်တံကလေး တစ်ထုပ်ဝယ်ဖို့အရေး City Mart ထဲ ဝင်မွှေလိုက်ရသေးသည်။ အမှတ်တမဲ့ကြည့်လျှင် တေးတို့နှစ်ယောက်ပုံစံဟာ Shopping ထွက်လာသည့် အတွဲတွေလိုလို ...။ ခုနေများ တေးသူငယ်ချင်း တစ်ယောက်စ နှစ်ယောက်စနဲ့ ဆုံလိုက်ရလျှင် ဘယ်လောက်ကောင်းမလဲ။ တစ်သက်လုံး အထင်ကြီးမခံရသည့် တေးကို ဒီတစ်ချက်တည်းနဲ့ အထင်ကြီးသွားကြမှာ သေချာပါသည်။

ဈေးဝယ်ပြီးသွားသောအခါ သူများစိတ်တိုနေမလားဟု စိုးရိမ်ကာ တေးက သူ့ကို မရဲတရဲကြည့်မိတော့ သူ့ရဲ့မျက်နှာက ကြည်လင်နေဆဲရှိတာကို တွေ့ရသည်။ သူ့ကြည့်ရတာ စိတ်ရှည်သည်းခံမယ့်ပုံပင်။ သူနဲ့အတူနေရတဲ့ လူတွေဟာ သိပ် စိတ်ချမ်းသာကြမယ် ထင်ပါရဲ့။





သူက မရဲတရဲ ကြည့်လာသော တေးကို ပြုံးပြလိုက်ရင်း ...

"ကဲ ... ဈေးဝယ်ရတာ မောပြီထင်တယ်၊ တစ်ခုခု စားပါဦး"

တေးမှာ ဟန်ဆောင်ပန်ဆောင်လေးတောင် မငြင်းနိုင်ဘဲ သူနှင့်အတူ Fell စားသောက်ဆိုင်ထဲ ရောက်လာရပါသည်။ စတိုင်လ်ဆောင်းဘီ အနက်ပွပွ၊ ရှပ်အင်္ကျီလက်တို ကြက်သွေးရောင်ကလေးနဲ့ နက်ခ်တိုင် နီညိုကွက်လေးတပ်ထားသော သူ့ကိုလည်း မကြာခဏ ခိုးငေးရပါသည်။ မင်းသားတစ်ပါးလိုပါပဲ ကြည့်လို့ကောင်းလိုက်တာ။ သူ့အသက်ကို မှန်းကြည့်ရရင် တေးထက်တော့ ငါးနှစ်လောက်ကြီးမှာပဲ ...။

တေးသည် သူ့ကို အထင်ကြီးနှစ်သက်လှသော်လည်း ရင်းနှီးမှုရဖို့ စကားများများပြောဖို့ရာ ဝန်လေးနေမိပါသည်။ တေး စကားတွေဟာ သူ့အတွက် အထင်သေးစရာ၊ ရယ်မောချင်စရာ ဖြစ်သွားမှာလားဟူသော စိုးရိမ်စိတ်ကသာ ကြီးစိုးနေသည်။ သူ့အရှိန်အဝါက တေးကို လွှမ်းမိုးလွန်းတာမို့ တေးသည် ပို၍ပို၍ ကုပ်ချောင်းချောင်းကလေး ဖြစ်နေရပါသည်။ တေးအဖို့ တတ်နိုင်သည်မှာ စားရင်းသောက်ရင်း သူ့ကို ခိုးခိုးကြည့်ရုံသာ။



www.burmeseclassic.com

www.burmeseclassic.com



သူကတော့ တေးနှင့် မျက်လုံးချင်းဆုံတိုင်း နှစ်သိမ့်ပြုံးကလေး ပြုံးပြတတ်ပါသည်။ သူပြုံးလိုက်ပြီဆို တေးမှာ ကယောင်ချောက်ချား ဖြစ်ဖြစ်သွားသည်။ အင်း … ဒီလိုလူမျိုးနဲ့သာ ချစ်သူဖြစ်ခွင့်ရလျှင် မြစည့်သူ လောက်ကိုတော့ အသာကလေး ကျော်ဖြတ်သွားနိုင်မှာပဲ။

"အိမ်က ဘယ်နားမှာလဲ …"

"အမလေး …"

တေးက အတွေးနက်နေဆဲ သူက ကောက်ခါငင်ခါ မေးလာတာမို့ တေးမှ လန့်ဖျပ်သွားရကာ လက်က အအေးဖန်ခွက်ကို ယောင်ယောင်ကန်းကန်း တွန်းတိုက်မိသွားသည်။ တစ်ဝက်ကျန်နေသော စထရော်ဘယ်ရီဖျော်ရည်က စားပွဲပေါ် ဖိတ်ကျလာပြီး တေး၏ ထဘီပေါ် စီးကျလာသည်။

"ဒုက္ခပဲ … ပေကုန်ပြီ …"

"ရော့ … ရော့ … ဒီမှာ တစ်ရှူးယူပြီး သုတ်လိုက်လေ၊ စားပွဲပေါ်က နေပစေ … waiter လေး ခေါ်လိုက်ရင် လာရှင်းပေးပါလိမ့်မယ်၊ ဟိတ် … ရှတ် … ရှတ် … ဒါလေး တဆိတ်လောက် …"





သူက ဂရုတစိုက်စီစဉ်နေပုံကြောင့် တေးမှာ အအေးဖန်ခွက်ကို နှစ်ခါပြန်တောင် မှောက်လိုက်ချင်တော့သည်။

"ကျွန်တော်က အိမ်လိပ်စာ မေးတာပါ၊ အပြန် အိမ်အထိ လိုက်ပို့ပေးမလို့လေ …"

"( … … )မှာပါ၊ သိပ်မဝေးပါဘူး၊ ကျွန်မ လမ်းပြပါ့မယ်"

တေးက သူလိုက်ပို့ပေးမည့်အဖြစ်ကို ခံယူချင်သူမို့ ဟန်ဆောင်လေးတောင် မငြင်းမိတော့ချေ။ တေးကို သူပြန်လိုက်ပို့တာတွေ့လျှင် တေးတို့ ပတ်ဝန်းကျင်ကလူတွေဟာ ဘယ်လိုထင်မြင်ကြမလဲ၊ တေး ကံကောင်းပြီဟု ယူဆကြမှာလား …။

တေးသည် သူနှင့်ပတ်သက်၍ အမျိုးမျိုးတွေးတောရင်း သူ့ကားပေါ်မှာ လိုက်ပါလာခဲ့ပါသည်။

ထိုအခိုက်တွင် တေး တစ်စုံတစ်ခုကို အသည်းအသန် စိုးရိမ်လာခဲ့ခြင်းဖြစ်သည်။

တေး၏ မြင်ကွင်းထဲတွင် တေး ခပ်ငယ်ငယ်က တေးကို ဖိတ်စာလာပေးသော အစ်ကိုကြီး၏ မျက်နှာက ဖြုန်းခနဲ ပေါ်လာပါသည်။ သူ့မျက်နှာနေရာမှာ ထိုအစ်ကိုကြီး၏ မျက်နှာကို မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရား ... ဘုရား ... ဒါကို တေး မတွေးမိခဲ့ဘူး၊ သူဟာ မကြာခင် မိန်းမယူမယ့်သူတစ်ယောက် ဖြစ်နေနိုင်တာပဲ မဟုတ်လား။

"မင်းပြောတဲ့ လိပ်စာအတိုင်းဆို ရောက်ပြီထင်တယ်၊ အိမ်နံပါတ် ( ... ) နော်"

"ဩော် ... အင်း ... ဟုတ်တယ် ... ဟုတ်တယ် အဲဒီအိမ်ပဲ"

တေးက ကယောင်ကတမ်း ပြန်ပြောရင်း ကားပေါ်ကနေ လှမ်းဆင်းလိုက်သည်။

"ကဲ ... အားလုံး အိုကေတယ်နော်၊ ကျွန်တော့်ကို ကျေးအေးပြီနော်"

"ဟုတ် ... ဟုတ်ကဲ့၊ ကျေအေးပါတယ်၊ ကျေးဇူးတင်ပါတယ်"

"ဒါဆို ... သွားပြီနော်၊ ဘိုင့်ဘိုင် ..."

သူက တေးကို ပြုံးပြရင်း လက်ပြကာ ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်လိုက်တော့မှ တေးက သူ့ကားနောက်သို့ အမောတကော ပြေးလိုက်မိကာ ...

"ခဏ ... ခဏလေး ... မေးစရာလေးရှိလို့ ..."





"မေးပါ ... မေးပါ"

သူက ကားရပ်လိုက်ပြီး တေးကို စောင့်နေသည်။

"ရှင့်မှာ ... ရှင့်မှာ လောလောဆယ် ဖိတ်စာတွေ ဘာတွေ ဝေဖို့ အစီအစဉ်ရှိသလားလို့ ..."

"ဖိတ်စာ ...၊ ဘာဖိတ်စာလဲ ..."

"ဘာဖိတ်စာပဲဖြစ်ဖြစ် ..."

"ဩော် ... လောလောဆယ်တော့ ဖိတ်စာတစ်ခု ဝေစရာရှိပါတယ်"

"ဘာဖိတ်စာလဲဟင် ..."

တေးက ရင်ခုန်စွာ မေးရသည်။

"ကုမ္ပဏီဖွင့်ပွဲ ဖိတ်စာပါ ..."

"ဒါ ... ဒါပဲလား ..."

"ဟုတ်တယ် ... လောလောဆယ်တော့ အဲဒီဖိတ်စာပဲ ဝေဖို့ရှိတယ်"

"ဒီနှစ်အတောအတွင်းကော ..."

"ဒီနှစ်အတောအတွင်းလား ... အင်း ... မရှိပါဘူး၊ ဘာအစီအစဉ်မှတော့ မရှိသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက တစ်ချက်ရယ်ကာ ...

"ကဲ ... ကျွန်တော် သွားလို့ရပြီလား၊ ဘာမေးစရာများ ကျန်သေးသလဲ ..."

"ရပါပြီ ... မကျန်တော့ပါဘူး"

"အိုကေနော် ..."

တေး စကားဆုံးတော့ သူ့ကားလေးက တေးရှေ့မှ ထွက်ခွာသွားတော့သည်။ တေးသည် သူ့ကားကို ပြုံးပြုံးလေး ငေးကြည့်ကျန်ခဲ့ရပါသည်။ ခုတော့ စိတ်အေးသွားရပြီ။

"အစ်မ ... အစ်မ ..."

"အင်ဟင် ..."

တေးသည် နောက်နားဆီမှ ခေါ်သံကြောင့် လှည့်ကြည့်မိတော့ တေးတို့ အိမ်နီးနားချင်း ကောင်မလေး စံပယ်ကို တွေ့ရသည်။ စံပယ်က တေးကို ပြုံးစိစိကြည့်ရင်း ...

"ခုန အစ်မကို လိုက်ပို့တဲ့ အစ်ကိုကြီးက ချောလိုက်တာနော်၊ အဲ့ဒါ အစ်မ ချစ်သူလား ..."

"အေး ..."

တေးသည် ဂုဏ်ယူစွာပင် ချော်လဲရောထိုင်လုပ်လိုက်





သည်။ အထင်ကြီးခံရလည်း မနည်းဘူး။ ပြီးတော့ နောင်တစ်ချိန်မှာ သူဟာ တေး၏ချစ်သူ ဖြစ်မလာဘူးလို့ မပြောနိုင်။

"ဒါဆို ... အစ်မ ကံကောင်းပြီပေါ့နော်"

"ဒါပေါ့ ..."

စံပယ့် မျက်ဝန်းထဲမှ အားကျမှုတွေ တွေ့ရတော့ တေး ကျေနပ်သွားသည်။

"အစ်မ ချစ်သူနာမည်က ဘယ်သူလဲဟင် ..."

"အဲ ..."

တေးသည် ခုမှပင် သူ့နာမည်ကိုတောင် မသိလိုက်ရသည့်အဖြစ်ကို သတိရကာ စိတ်ဆင်းရဲသွားသည်။ ငါ့နှယ် သေလိုက်ပါတော့ဟယ်။

"ဘယ်သူလဲဟင် ... အစ်မ ..."

"အင်း ... ဒါက ... အဟမ်း ... ဘာလို့ပြောရမှာလဲ၊ ကိုယ့်ချစ်သူ နာမည်ကို ဒီလိုမေးတိုင်း ပေါပေါလောလော လျှောက်မပြောနိုင်ပါဘူး ..."

ဟန်ကိုယ့်ဖို့တဲ့ ... ။

"သူက ဘယ်မှာနေတာလဲဟင် ..."



www.burmeseclassic.com

www.burmeseclassic.com



ဟမ် ,,, ဒါလည်းမသိဘူး။

"ဘာအလုပ်လုပ်တာလဲဟင် ..."

အို ... ဒါလည်း မသိပါလား ...။

တေးသည် ဘာမေးမေး မဖြေနိုင်ဘဲ ...

"ကောင်မလေး ... သိပ်ဇပ်စုတာပဲ"

ဟု ပြောကာ အိမ်ထဲ ခပ်မြန်မြန်လှည့်ဝင်လာရသည် တေး ဝမ်းနည်းလိုက်တာ။

နာမည်၊ လိပ်စာ၊ အလုပ်အကိုင် ဘာတစ်ခုမှမသိတဲ့ လူတစ်ယောက်နဲ့ ဘယ်လိုပြန်ဆုံနိုင်မှာတဲ့လဲ ...။

အို ... မသိရော ဘာဖြစ်သလဲလေ ...။

စိတ်မာတ်မကျပါဘူး ...။

ကံမကုန်ရင်တော့ ပြန်ဆုံရမှာပဲ ...။

တေးက အားတင်းထားလိုက်လေသည်။

❀ ❀ ❀



❀ ❀ ❀

မမျှော်လင့်တာတွေ ဖြစ်လာတတ်သည်မှာ လောကရဲ့ လှည့်ကွက်တစ်ခု ဖြစ်ပါသည်။

အမည်မသိ လူနဲ့ တစ်နေ့ ပြန်ဆုံရနိုး မျှော်လင့်ချက်ဖြင့် စိတ်ကူးယဉ်နေခဲ့သော တေးသည် တစ်နေ့တော့ မေမေနဲ့အတူ ရွှေတိဂုံဘုရားသို့ သွားလေသည်။ အဲဒီနေ့က မေမေ့ မွေးနေ့ ဖြစ်ပါသည်။

တေးက ဘုရားရှိခိုးပြီးသောအခါ မေမေ့ အနားမှာ ထိုင်ရင်း ပုတီးစိပ်နေသော မေမေ့ကို ငေးကြည့်မိလေသည်။

မေမေဟာ ခုချိန်ထိ လှနေတုန်းပဲ ... ပြီးတော့ မေမေက တေးလို ဗရချိုးနန်းပုံမျိုး မဟုတ်ချေ။ သပ်သပ်ရပ်ရပ်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်စားပြင်ဆင်ကာ မိန်းမသားပီပီ ဣန္ဒြေရရ သိမ်သိမ်မွေ့မွေ့ ပြောဆိုပြုမူတတ်သူမို့ မေမေ့ပုံစံက ဆွဲဆောင်မှုရှိသည်။ မေမေ့လို ကလေးတစ်ယောက်အမေ မုဆိုးမမှာတောင်မှ ချစ်ချင်သူတွေ ဝိုင်းနေတာပဲ။ မေမေက ပြန်မကြိုက်လို့သာပါ။ တေးလို အပျို အရွယ်လေးကျတော့ ကောင်းကောင်းကန်းကန်းထဲက ချစ်မယ့်သူ မရှိဘဲ ဘူပိတ်နေတာ ဘယ်လောက်အားငယ်စရာကောင်းသလဲ နော်။ မေမေနဲ့ တေး တွဲသွားရင်တောင် တေးကို လူကြည့်မခံရဘဲ မေမေ့ကိုသာ လူကြည့်ခံရသည်။ အဖြစ်က အဲဒီလို ...။

မေမေ ဘုရားရှိခိုးပြီးတော့ တေးတို့ သားအမိတွေ တန်ဆောင်းတစ်ခုထဲမှာ အေးအေးလူလူ ထိုင်ကြသည်။ အဲ့ဒီ အချိန်မှာပဲ နောက်နားဆီက အသံတစ်သံကို ကြားလိုက်ရတာ ဖြစ်သည်။

"အစော ... အစော မဟုတ်လားဟင် ..."

အံမယ် ... အစောဆိုပါလား။ မေမေ့နာမည် ကောသီ စောကို 'အစော' လို့ ဒီလိုအဖျားဆွတ်ပြီး ခေါ်ရဲတဲ့ ယောကျ်ားဟာ မေမေနဲ့ ဘယ်လောက်တောင်များ ရင်းနှီးခဲ့လို့လဲ။ ပြီးတော့ လေသံကလည်း ကြင်နာနူးညံ့နေသေး ...။

ပုညခင်စာအုပ်တိုက်



တေးသည် အသံရှင်ကို စိတ်ဝင်စားစွာ လှည့်ကြည့် လိုက်ရာ မေမေနဲ့အသက်ချင်းမတိမ်းမယိမ်း ယောကျ်ားတစ်ယောက် ကို တွေ့ရလေသည်။ ထိုသူက မေမေ့ကို ကြည်လင်တောက်ပ သော မျက်ဝန်းများဖြင့် စိုက်ကြည့်နေသည်။ ဝမ်းသာခြင်းကြောင့် စိတ်လှုပ်ရှားနေမှန်းလည်း သိသာသည်။

"အမောင် ..."

မြတ်စွာဘုရား ...။ တေးသည် မေမေ့နှုတ်မှ ထွက် လာသော အသံကလေးကြောင့် လန့်ဖျပ်သွားကာ မေမေ့ဘက်ကို ချာခနဲ လှည့်ကြည့်ရပြန်သည်။ အလို ... မေမေ့ မျက်လုံးတွေဟာ မြူးဖျလို့ပါလား ...။ မျက်နှာကလေးဟာ အနှစ်နှစ်ဆယ်လောက် ငယ်သွားသလိုပါလား။ တေး တအံ့တသြကြည့်နေဆဲ မေမေက မတ်တတ်ထ,ရပ်လိုက်သည်။

"အစောရယ် ... ဝမ်းသာလိုက်တာကွယ် ... ဟား ... တကယ်ပါ၊ ဘာပြောရမှန်းတောင် မသိတော့ပါဘူးကွာ"

အမလေး ... အသံကိုက တုန်ယင်လှိုက်လှဲလို့ပါ လား။ တေးသည် 'အမောင်' ဆိုသူဘက်သို့ ချာခနဲ လှည့်ကြည့်ရပြန် သည်။ ဥပဓိရုပ် ခပ်ကောင်းကောင်း ထိုပုဂ္ဂိုလ်ကြီးရဲ့ မျက်နှာက လည်း မေမေ့လိုပဲ နုပျိုလာသလိုပင်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"အစောကို ပြန်မတွေ့ရတော့ဘူးလို့တောင် ထင်ခဲ့တာ၊ တွေ့မယ့်တွေ့တော့လည်း ..."

ထိုသူက တေးကို တစ်ချက်လှမ်းကြည့်လိုက်တာမို့ တေးစိတ်ထဲ အောင့်သက်သက် ဖြစ်သွားရပါသည်။

"အမောင်လည်း တော်တော်ပြောင်းလဲသွားတယ်နော်၊ ဆံပင်တချို့တောင် ဖြူနေပြီ"

"အစောကတော့ ရုပ်သိပ်မပြောင်းဘူးနော်၊ အရွယ်လည်းတင်တယ်"

"မမြှောက်ပါနဲ့ အမောင်ရယ် ... နင်ဟာ ငယ်ကျင့်ကို မဖျောက်ပါလား ..."

"အဟမ်း ..."

တေးသည် အပြုံးချင်းပြိုင်နေသော မေမေတို့နှစ်ယောက်ကို ကြည့်ရင်း စိတ်ထဲတစ်မျိုးကြီး ဖြစ်လာတာမို့ ချောင်းတစ်ချက်ဟန့်ကာ မတ်တတ်ထရပ်လိုက်မိပါသည်။ ကဲ ... ဒီက မိတေးရှိနေသေးတယ်ဆိုတာ သတိရကြပါဦး ... ။

မေမေက ဒီတော့မှ တေးကို သတိရသွားပုံပေါ်ကာ တေး ပခုံးကို လှမ်းဖက်လိုက်ရင်း ...





"ဒါ ... အစောရဲ့ သမီးလေ အမောင် ... တေးလက်ာတဲ့၊ သမီး ဒါ မေမေ့ ငယ်သူငယ်ချင်းလေ ... ဦးစည်သူမောင်တဲ့၊ မေမေတို့ သူငယ်ချင်း အချင်းချင်းတော့ 'အမောင်' တို့ 'အစော' တို့ ခေါ်ကြတာပေါ့၊ ကွဲသွားတာကြာပြီ၊ မေမေ အပျိုဘဝကတည်းကပဲ၊ ခုမှ ပြန်တွေ့ရတာ၊ ခုဆို မေမေတို့ မတွေ့ရတာ အနှစ်နှစ်ဆယ်တောင် ကျော်ပြီလေ"

ဦးစည်သူမောင်က တေးကို ပြုံးကြည့်ရင်း ...

"အစော သမီးက ချစ်စရာလေးပဲ ..."

ဟင် ... ဒါတော့ ပေါ်တင်ကြီး မြှောက်တာပဲ ... ။ တေးရုပ်က ဒီလောက် ပုံ့ပ်စပ်ညစ်ထပ်နေတဲ့ဥစ္စာ။ မေမေ ပြောသလို ဒီလူကြီးဟာ မြှောက်ပြောတတ်တဲ့ အကျင့်မျိုး ရှိတယ် ထင်ပါရဲ့။

"ကိုယ့်မှာလည်း သမီးလေးတစ်ယောက် ရှိတယ်၊ အစော သမီးနဲ့ ရွယ်တူပဲ ..."

"အခု အမောင်နဲ့ အတူပါလာလား ..."

"ပါတယ် အစော ... သမီးက အရမ်းလိမ္မာတယ်ကွ၊ တကယ့်ကို ကောင်းကျိုးပေးတဲ့ကလေး၊ သူက အဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



မွေးနေ့တိုင်း ဘုရားလိုက်ပို့ပေးတတ်တယ်လေ၊ ကိုယ်က မွေ့နေရင်တောင် သူက အတင်းနှိုးထုတ် ဆွဲထူပြီး သူကိုယ်တိုင် ကားမောင်းပို့တာ၊ ဟိုမှာလေ ... ကြာသပတေးဂြိုဟ်တိုင်ရှေ့မှာ ဘုရားထိုင်ရှိခိုးနေတာ တွေ့လား၊ ယောဂီရောင် လုံချည်ကလေးနဲ့၊ အဲ့ဒါ ကိုယ့်သမီးပေါ့ ..."

ဦးစည်သူမောင် ညွှန်ပြသည့် ဘက်သို့ တေးပါ လှမ်းမျှော်ကြည့်လိုက်မိပါသည်။ တေးသည် ရုတ်တရက် ကိုယ့်မျက်စိတောင် ကိုယ်မယုံနိုင်အောင် ဖြစ်သွားသည်။ အံ့ဩလွန်းတာမို့ ထ,ခုန်ပစ်လိုက်ချင်စိတ်ပင် ပေါက်လာသည်။

မြစည်သူ ...၊ ဦးစည်သူမောင်ရဲ့ သမီးလေးဟာ မြစည်သူတဲ့ ...။ တိုက်ဆိုင်မှုတစ်ခုသည် တေးထံသို့ ဆန်းကြယ်စွာ စ,တင်ရောက်ရှိလာခဲ့ပါသည်။

မြစည်သူက ဘုရားရှေ့တွင် ကျုံ့ကျုံ့ယုံ့ယုံ့ကလေး ထိုင်လျက် ဘုရားဝတ်ပြုနေရာမှ အသာအယာထ,လာကာ ဟိုဟို ဒီဒီကြည့်ရင်း သူ့အဖေကို ရှာနေသည်။

"သမီး ... ဖေဖေ ဒီမှာ ..."

မြစည်သူမှာ ကြည်လင်သော အပြုံးကလေးဖြင့် တေးတို့ထံ လှမ်းလာနေသည်။





တေးသည် တေးထက်အဆပေါင်းများစွာ သာလွန်သော မြစည်သူကို စူးစိုက်ကြည့်ရင်း တလိပ်လိပ်တက်လာသော မနာလိုစိတ်တွေကို မျိုချနေရသည်။ တေးတို့ သားအမိသားအဖ နှစ်စုံတွဲရဲ့ ပတ်သက်မှုဟာ ရှေ့လျှောက် ဘာတွေများဖြစ်လာမလဲ ဆိုတာ တွေးရင် ရင်ခုန်စရာကောင်းတယ်လို့ ထင်မိသည်။

"သမီး ... ဒါ ... ဖေဖေ့ ငယ်သူငယ်ချင်း ဒေါ်ကေသီစောတဲ့၊ ဒါက သူ့သမီး တေးလက်ာတဲ့၊ ဒါ ကိုယ့်သမီး မြစည်သူလေ အစော၊ သမီးလည်း မှတ်ထားနော်၊ နောက်လည်း တွေ့ကြ ဆုံကြ ပတ်သက်ကြရဦးမှာပါ၊ ရွယ်တူချင်းဆိုတော့ အဖော်ရတာပေါ့"

"ဟုတ်ကဲ့ ... သမီး မှတ်ထားပါ့မယ်ရှင်၊ အန်တီက ချော တယ်နော်၊ ဖေဖေ့သူငယ်ချင်းသာဆိုတယ် ဖေဖေ့ထက် တောင် ပိုနုနေသလိုပဲ ..."

မေမေက ရှက်ပြုံးကလေး ပြုံးလိုက်ရာ ဦးစည်သူမောင်က ထိုရှက်ပြုံးကလေးကိုပဲ အမိအရမလွတ်တမ်း စိုက်ကြည့်လိုက်ပါသေးသည်။

မြစည်သူက ယဉ်ကျေးဖော်ရွေသော အမူအရာကလေးဖြင့် တေးလက်ကို လှမ်းဆွဲဆုပ်ကိုင်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မြကို သူငယ်ချင်းလို့ သတ်မှတ်နိုင်ပါတယ် တေးလက်ာ၊ တို့တွေ နောက်မှ အေးအေးဆေးဆေး ဆုံကြသေးတာပေါ့၊ မြတို့အိမ်ကိုလည်း လာလည်နော်"

တေးက ဘာစကားမှ ဝေဝေဆာဆာ မပြောတတ်၊ ပြောလည်း မပြောချင်တာမို့ ခေါင်းကိုသာ မညိတ်ချင်ညိတ်ချင် ညိတ်ပြလိုက်သည်။

အဲဒီနောက်တော့ တေးတို့သည် အချင်းချင်း လိပ်စာ လဲလှယ်ကြပြီး လမ်းခွဲခဲ့ကြပါသည်။ နှုတ်ဆက်ကြတော့ မေမေနဲ့ သူ့အမောင်ရဲ့ အကြည့်တွေဟာ ခပ်ဝေးဝေးထိ ငြိတွယ်လိုက်ပါကြပြီးမှ မလွှဲချင် လွှဲချင် မျက်နှာလွှဲခဲ့ကြတာ ဖြစ်သည်။ ခပ်မှိုင်းမှိုင်း မေမေ့ရဲ့ မျက်ဝန်းတွေဟာ အဲဒီညနေမှာတော့ တောက်ပမှု စံချိန်ချိုးသွားသည်။ မေမေ့ထံတွင် ငယ်နုသည့် အမူအရာလေးများ ပြန်ပေါ်လာသည်။ စကားသံတွေ ချိုလွင်သွက်လက်လာသည်။

သိပ်မကြာခင်တော့ တစ်ခုခု အပြောင်းအလဲဖြစ်တော့မည် ထင်ပါသည်။ အဲဒီအပြောင်းအလဲအတွက် မေမေ့ထက်ပိုပြီး ရင်ခုန်ရသူက 'တေး' ဖြစ်ပါသည်။

❀ ❀ ❀



❀ ❀ ❀

"မေမေနဲ့ သူက အိမ်နီးချင်းလည်းဖြစ်၊ သူငယ်တန်းကတည်းကစပြီး ကျောင်းအတူတူသွားရတဲ့ ကျောင်းနေဘက်လည်း ဖြစ်ဆိုတော့ သိပ်ကိုရင်းနှီးချစ်ခင်ခဲ့ကြတာပေါ့ သမီးရယ်...၊ ကစားလည်းအတူတူ၊ စာကျက်လည်း အတူတူ၊ ကျောင်းပြေးလို့ အရိုက်ခံရလည်း အတူတူပေါ့၊ နောက် တဖြည်းဖြည်း အရွယ်ရောက်လာကြတော့ သူ့အိမ်က မေမေနဲ့ အရမ်းရင်းနှီးခင်မင်နေတာကို မကြိုက်ကြတော့ဘူးလေ၊ သူတို့က အရမ်းချမ်းသာပြီး မေမေတို့က အရမ်းဆင်းရဲတာကိုး ...၊ နောက်တော့ သူ့အိမ်က သူ့ကို ရန်ကုန်ပို့ပြီး ကျောင်းထားလိုက်တယ်၊ မေမေနဲ့ မတွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ အကြောင်းလည်းပါတာပေါ့၊ အဲဒီ ကတည်းက မေမေတို့ ကွဲသွားလိုက်တာ ခုထိပဲဆိုပါတော့ သမီးရယ်”

အဲဒီညက မေမေ့မျက်နှာဟာ ခံစားချက်အမျိုးမျိုးဖြင့် အရောင်အမျိုးမျိုးပြောင်းကာ အသက်ဝင်လွန်းလှသည်။ ထိုနေ့က ဦးစည်သူမောင်နဲ့ တွေ့ခဲ့ပြီးနောက် သုံးရက်မြောက်နေ့ဖြစ်သည်။ တေးသည် မေမေ့စကားတွေကိုနားထောင်ရင်း မေမေ့ကို အကဲခတ်နေပါသည်။

“အဲဒီတုန်းက မေမေ ငိုခဲ့သေးလားဟင် ...”

“ငိုတာပေါ့ ...”

“မေမေတို့က တစ်ယောက်ကိုတစ်ယောက် သိပ်သံယောဇဉ်ရှိခဲ့ကြတာပေါ့နော် ...”

“အင်း ... ရှိ ... ရှိတာပေါ့၊ သူငယ်ချင်းတွေကိုး ...”

“ခုလို ပြန်တွေ့ရတော့ မေမေ့စိတ်ထဲ ဘယ်လိုနေလ ...”

“ပျော်တာပေါ့၊ သူငယ်ချင်းတွေကိုး ...”

“မေမေတို့ ခုထိတော့ ထပ်မတွေ့ကြသေးဘူးနော်”

“အံ ... မတွေ့ ... မတွေ့ကြပါဘူး”

မေမေ့ စကားတွေ ဘာလို့ထစ်နေပါလိမ့်။





“မေမေတို့ နောက်ထပ်တွေ့ကြဖို့ရော စိတ်ကူးရှိလား”

“ရှိတာပေါ့ ... သူငယ်ချင်းတွေကိုး ...”

“ဦးစည်သူမောင်က မေမေ့ကို သူ့အိမ်ကို ထမင်းစားတွေဘာတွေ ဖိတ်ချင်ဖိတ်မှာနော် ...”

“ဖိတ်မှာပေါ့ ... သူငယ်ချင်းတွေကိုး ...”

မေမေက ဘာပြောပြော ‘သူငယ်ချင်း’ ဆိုတာကိုပဲ ထည့်ထည့်ပြောကာ cover ယူနေပုံကြီးက သိသာလာပါသည်။ တေးသည် မေမေ့ကိုကြည့်ကာ ရယ်လည်းရယ်ချင်လာသည်။

“ဒါနဲ့ ... ဦးစည်သူမောင်ရဲ့ ဇနီးရော ရှိသေးလားဟင် မေမေ ...”

“သူလည်း မေမေ့လိုပါပဲကွယ်၊ ကံဆိုးရှာတယ်၊ မြစည်သူကလေး ဆယ်နှစ်သမီးမှာ သူ့ဇနီးဆုံးသွားတာတဲ့လေ”

“ဪ ... အဲဒါကို ဦးစည်သူမောင်က ဘယ်တုန်းက ပြောပြတာလဲဟင် ...”

“မနေ့က ... အဲ ...”

မေမေသည် လွှတ်ခနဲပြောလိုက်ပြီးမှ သူ့ပါးစပ်သူ လက်ကလေးဖြင့် ပိတ်ပြီးငြိမ်သွားသည်။ ပြီးတော့ တေးကို



www.burmeseclassic.com

www.burmeseclassic.com



မကြည့်ရဲသလိုလုပ်ကာ မျက်နှာလွှဲထားသည်။ တေးက ပြုံးစိစိ ဖြစ်သွားကာ ...

"ခုန မေမေပြောတော့ ထပ်မတွေ့ကြသေးဘူးဆို ..."

"အင်း ... ဒါ ... ဒါက ဒီလိုလေ၊ မနေ့ကတော့ သူကလည်း မေမေနဲ့ တွေ့ချင်တယ်ဆိုတာနဲ့ ဟို ... သူငယ်ချင်းတွေ ဆိုတော့ ..."

တေးသည် မေမေ့ကိုကြည့်ကာ တဟားဟား ရယ်ချလိုက်သည်။ ပြီးတော့ မေမေ့ခါးကို သိမ်းဖက်ကာ ...

"မေမေ ... မေမေ့ကို တေးချစ်တယ်၊ မေမေ့ကို တေး အပြစ်မပြောဘူး၊ မေမေ တေးကို အမှန်အတိုင်းပြောပြ၊ ဦးစည်သူမောင်က မေမေ့ ငယ်ချစ်ဟောင်း မဟုတ်လား"

"ဘာတွေလျှောက်မေးနေတာလည်း တေးရယ်၊ သွား ... သွား ... သွားအိပ်တော့ ..."

"မအိပ်ဘူး ... မေမေ အမှန်အတိုင်းပြောပြမှ အိပ်မယ်၊ မပြောရင် ပြောတဲ့အထိ ထိုင်မေးနေမှာပဲ ..."

"ဒီကောင်မလေးဟာ ..."

"အမှန်အတိုင်းပြောလေ၊ မေမေတို့ငယ်ချစ်တွေမဟုတ်လား"





"အေးဟယ် ... အေး"

တေးသည် မေမေ့ပုံစံ ရှက်စနိုးကြီးကို ကြည့်ကာ တခွီးခွီးရယ်ရင်း ...

"မေမေတို့ တေးကွယ်ရာမှာ ဘယ်နှခါတွေ့ပြီးပြီလဲ ..."

"သုံးခါတည်းပါ ... တစ်ခါက ထမင်းအတူသွားစားတာ၊ တစ်ခါက သူ့အိမ်လိုက်လည်တာ၊ သူက အတင်းခေါ်လို့ပါ၊ နောက်တစ်ခါက နောက်တစ်ခါက ..."

"နောက်တစ်ခါက ဘယ်သွားတာလဲ ... ပြောလေ မေမေ"

"ဟိုဒင်းပါ ..."

မေမေက ချက်ချင်းမပြောဘဲ စိတ်အိုက်နေပုံရလေ တေးက သိချင်လေပင် ...။

"ဘယ်ဒင်းလဲ ... ပြောပါ မေမေရဲ့ ..."

"ဟို ... ကစားကွင်း ..."

"ဟင် ... ကစားကွင်းကို ဘာသွားလုပ်တာလဲ ..."

"ခဏလေး ... ခဏလေး သွားတာပါ၊ မေမေတို့ ငယ်ငယ်တုန်းက အတူတူကစားခဲ့တဲ့အကြောင်းတွေ ပြန်ပြောကြရင်း



www.burmeseclassic.com

www.burmeseclassic.com



သူက မေမေ့ကို ကစားကွင်းတွေ လိုက်ပြတာပါ၊ ခုခေတ်မှာတော့ ဒီလို ကစားစရာတွေ တိုးတက်ခေတ်မီနေပြီတဲ့၊ တို့ငယ်ငယ်တုန်းကလို ဒိုးပစ်တမ်း၊ ဖန်ခုန်တမ်း၊ စိန်ပြေးတမ်း၊ ထုပ်ဆီးထိုးတမ်းတွေ မကစားကြတော့ဘူးတဲ့၊ တို့ငယ်ငယ်တုန်းကသာ ဒီလို ကစားစရာတွေ ရှိရင် ပိုပျော်ဖို့ကောင်းမှာပဲတဲ့၊ အဲဒါတွေပဲ ပြောတာပါ"

"အဟိ ... ဟိ ... ခွိး ..."

"ကောင်မလေးနော် ... ဘာရယ်တာလဲ ..."

တေးသည် မအောင့်အည်းနိုင်တော့ဘဲ ရယ်ချလိုက်မိတော့သည်။ တေး ရယ်တာက တော်တော်နှင့် မရပ်တာမို့ မေမေက မနေတတ်မထိုင်တတ်ဖြစ်ကာ တေး အနားမှ ခပ်မြန်မြန် ထ,သွားတော့သည်။

ခဏကြာတော့ တေးတစ်ယောက်တည်း ငြိမ်သက်စွာ စဉ်းစားနေမိလေသည်။

မေမေဟာ ဖေဖေဆုံးပြီးကတည်းက ဖေဖေ့မိဘတွေမ,တည်ပေးတဲ့ငွေနဲ့ စတိုးဆိုင်သေးသေးလေးဖွင့်ကာ ရပ်တည်ခဲ့ရတာ ဖြစ်သည်။ မေမေ့ဘဝဟာ တေးအတွက် ရုန်းကန်ရင်း ...





ဒီစတိုးဆိုင်လေးထဲမှာ မြှုပ်နှံရင်း ဘယ်လောက်ခြောက်သွေ့ခဲ့ရှာမလဲ။

တေးက မေမေ့ကိုစိတ်ရောလူပါ ချမ်းသာစေချင်သူဖြစ်ပါသည်။ ဦးစည်သူမောင်နဲ့သာ လက်ထပ်ဖြစ်လျှင် မေမေ့ဘဝတစ်လျှောက်လုံး ပြည့်စုံချမ်းသာစွာနေရမည်။ ပြီးတော့ ဦးစည်သူမောင် ကြောင့် မေမေ စိတ်ချမ်းသာနေတာကလည်း အသိသာကြီးပင်။ မေမေ စိတ်ချမ်းသာဖို့ဆို တေးက ဘာမဆို လိုက်လျောပေးဖို့ အဆင်သင့်ပင်။ ပထွေးရမှာကိုလည်း တေးက မကြောက်ပါ။

ခု အခြေအနေအတိုင်းဆို သိပ်မကြာခင်မှာပဲ အပြောင်းအလဲတစ်ခု ကြုံရတော့မည်ဆိုတာ သေချာနေပါသည်။

ဒီပွဲမှာ ကံဆိုးရမှာက မြစည်သူပဲ ...။ တေးသည် မြစည်သူအကြောင်း တွေးမိတော့ ကျေနပ်သလိုလိုရှိသည်။ သူ မိထွေးရတော့မှာလေ ...။ ဘယ်လိုသမီးမျိုးက မိထွေးရတော့မည့်အဖြစ်ကို စိတ်ချမ်းသာနိုင်မှာလဲ။ စည်းစိမ်ချမ်းသာဖြင့် ပြည့်စုံသောအဖေကို သူမတစ်ဦးတည်းသာ ချစ်ချင်မှာပဲပေါ့။ တေးတို့သားအမိသာ သူတို့အိမ်ပေါ် ရောက်သွားရင် သူ တတိတိ စိတ်ဆင်းရဲသတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးက ကံကောင်းခြင်းတွေ ရရှိလာသော မြစည်သူက ကံဆိုးပြီး အမြဲကံဆိုးခဲ့သူ တေးက ကံကောင်းခြင်းတွေကို ရရှိတော့မည်ထင်သည်။

မကြာခင်မှာ တေးတို့ရဲ့ ကံတရားတွေ အလဲအလှယ် လုပ်ရတော့မယ့် အဖြစ်က ရင်ခုန်စရာကောင်းလှပါသည်။

❀ ❀ ❀



❀ ❀ ❀

တေး ထင်သည့်အတိုင်းပါပင် ...။ တစ်နေ့တော့ မေမေက သူနဲ့ ဦးစည်သူမောင်တို့ကို လက်ထပ်ခွင့်ပြုဖို့ တေးထံ ခွင့်တောင်းလာလေသည်။ တေးကလည်း ကြည်ဖြူစွာပင် ခွင့်ပြုခဲ့ပါသည်။ ပြီးတော့ တေးက စိတ်ဝင်စားစွာ မေးမိသည်မှာ ...

"မြစည်သူရဲ့ သဘောထားကရော ဘယ်လိုရှိသလဲ မေမေ"

"သူကလည်း ကြည်ဖြူပါတယ် သမီးရယ် ..."

"ဟင်း ... မေမေကလည်း အဲ့ဒါ သူ့စိတ်ရင်းအမှန် ဟုတ်ချင်မှ ဟုတ်မှာပေါ့၊ သူ့အဖေဆန္ဒကို မလွန်ဆန်နိုင်လို့သာ ခေါင်းညိတ်လိုက်ရတာ နေမှာပါ"

"ဟုတ်မယ်မထင်ပါဘူးကွယ်၊ သူက မေမေ့အပေါ် သဘောထား ပျော့ပျောင်းရှာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးကတော့ မယုံပေ … ။ မြစည်သူဟာ ခုလောက် ဆို စိတ်အဆင်းရဲကြီး ဆင်းရဲနေလောက်ရောပေါ့။ မေမေ့ရှေ့သာ ဟန်လုပ်ပြုံးချင်ပြုံးမည်။ စိတ်ထဲကတော့ မေမေ့အပေါ် နာကြည်း နေလောက်ပြီဟု တေး ထင်ပါသည်။

နောက်တစ်ပတ်အကြာမှာတော့ ဦးစည်သူမောင်က တေးတို့ သားအမိကို သူတို့သားအဖနှင့်အတူ ထမင်းစားရန် ဖိတ်ကြားလိုက်လေသည်။ မိသားစုချင်း ရင်းနှီးမှုရစေဖို့ ရည်ရွယ်ခြင်း ဖြစ်သည်ဟု မေမေက ပြောပြပါသည်။ ပြီးတော့ တေးကိုလည်း သူတို့သားအဖအပေါ် ယဉ်ယဉ်ကျေးကျေး ဆက်ဆံဖို့ ကြိုပြော ထားလေသည်။ ထိုနေ့ရောက်တော့ မေမေက တေးကို သတိပေး သည်မှာ …

"တေးရယ် … ဟိုရောက်ရင် ညည်းဆံပင်ဖွာကြီးကို မျက်နှာ တစ်ခြမ်းအုပ်ပြီး လက်ပြင်ကွန်းပြီး ထိုင်မနေနဲ့နော်၊ မျက်နှာ တေးကိုလည်း မဲတာတာကြီး လုပ်မထားနဲ့၊ တစ်ဖက်သား ကို ကြည့်ရင်လည်း ပျော့ပျော့ပျောင်းပျောင်းကြည့် … ကြား လား၊ ရန်လိုသလို မျက်လုံးလှန်ပြီး မကြည့်မိစေနဲ့"

"ဟင် … မေမေကလည်း တေးက ဒီလိုပဲနေတတ်တဲ့ဥစ္စာ၊ တေးပုံစံက ဒီလိုပဲ ပြင်လို့မှမရတာ"





"သတိထားပြီး ပြင်ပေါ့ဟယ်၊ မြစည်သူကို ကြည့်ပါလား မျက်နှာလေးကို ကြည်နေတာပဲ၊ စကားပြောရင်လည်း ရေးရေးရာရာ ချက်ချက်ချာချာ"

"မြစည်သူက မြစည်သူပဲ … တေးက တေးပဲ၊ တေးကို အဲဒီလို လာယှဉ်မပြောနဲ့ …"

"အေးပါ … အေးပါ … မပြောနဲ့ဆိုလည်း မပြောဘူး၊ လာပါ နောက်ကျနေဦးမယ် … သွားကြရအောင်"

တေးသည် မြစည်သူနှင့် နှိုင်းယှဉ်ခံရခြင်းအတွက် ခံပြင်းစွာ မျက်နှာထားက ပိုဆိုးလာလေသည်။ သို့သော် မေမေ့ကို သနားတာမို့ တေး မျက်နှာကို အတတ်နိုင်ဆုံး ပျော့ပျောင်းအောင် ကြိုးစားလိုက်ရပါသည်။

အတူစားသောက်ကြဖို့ ချိန်းဆိုထားသော Hotel စားသောက်ခန်းမထဲသို့ ဝင်မိသောအခါ ကြိုရောက်နေသော မြစည်သူတို့သားအဖက ပြုံးရွှင်ကြည်လင်စွာ ကြိုဆိုဖိတ်ခေါ်လိုက် လေသည်။

"ရောက်နေတာ ကြာပြီလား မသိဘူးနော်"

"မကြာသေးပါဘူး အန်တီ၊ အန်တီတို့က နောက်ကျတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါဘူး၊ မြတို့ သားအဖကသာ စောရောက်လာတာပါ”

တေးသည် မြစည်သူရဲ့ အပြုံးနောက်ကွယ်မှာ ဘာတွေများ သိုဝှက်ထားတာရှိမလဲဟု အကဲခတ်နေလိုက်သည်။ မျက်နှာကတော့ ပြုံးကြည်နေတာပဲ၊ ဒါပေမယ့် အလကားပါ သူ့အဖေ ကျေနပ်အောင် ဟန်လုပ်ထားတာပဲ နေမှာပါ။ ရင်ထဲမှာတော့ ဗလောင်ဆူပွက်နေမှာပေါ့။ တေးသည် မြစည်သူကို အကောင်းမမြင်နိုင်ပေ . . . ။

ထမင်းအတူစားကြသောအခါ မြစည်သူက သူ့အဖေနှင့်ရော မေမေနှင့်ပါ စကားစမြည်ပြောနေသော်လည်း တေးမှာတော့ ဘာပြောရမှန်းမသိပေ။ လူတကာချစ်ခင်အောင် ပြောတတ်ဆိုတတ်သော မြစည်သူကိုလည်း ပိုလို့ကြည့်မရနိုင်အောင် ဖြစ်လာရပါသည်။

ဟင်းတွေကို မြစည်သူကချည်း ခပ်ကာ တေးတို့အားလုံးရဲ့ပန်းကန်ထဲကို ထည့်ထည့်ပေးနေရာ မေမေက တေးကို မသိမသာ တံတောင်နှင့်တွတ်လိုက်ပါသည်။ တေးကိုလည်း မြစည်သူလို ခရောင်းခရာရှိဖို့ သတိပေးချင်တယ်ထင်ပါရဲ့။





တေးသည် စားပွဲပေါ်က အလွန်စပ်သော ယိုးဒယားငါးပိထောင်းပန်းကန်ကို မြင်လိုက်ရသောအခါ ဖြုန်းခနဲ ညစ်ကျယ်ကျယ် အတွေးလေး ဝင်လာရလေသည်။ တေးက ငါးပိထောင်းတွေကို ခပ်ကာ မြစည်သူရဲ့ ပန်းကန်ထဲ ထည့်ပေးလိုက်ပါသည်။ ထည့်တာမှ နှစ်ဇွန်းမောက်မောက်တောင်။

မြစည်သူက သူ့ပန်းကန်သူ အသေအချာငုံ့မကြည့်ဘဲ မေမေ့ကို စကားပြောရင်း ဇွန်းနှင့်ခပ်စားလိုက်ရာ တေးက ထိုအဖြစ်ကို ဝမ်းသာအားရ စောင့်ကြည့်နေလိုက်ပါသည်။ တရှူးရှူး တရှဲရှဲ လျှာထွက်အောင်စပ်ပေတော့ . . . ။

သို့သော် တေးထင်သလို ဖြစ်မလာခဲ့ချေ။ မြစည်သူက ဘာမှမဖြစ်သည့်အပြင် ကျေနပ်သွားသော မျက်နှာထားဖြင့် . . .

“အို . . . ယိုးဒယားငါးပိထောင်း ထင်ပါရဲ့၊ ကောင်းလိုက်တာနော်၊ မြက အရမ်းအစပ်ကြိုက်တာ တေးရဲ့၊ အငန်လည်းကြိုက်တယ်၊ အိမ်မှာဆို တော်ရုံ ငရုတ်သီးဆို မြပါးစပ်က မစပ်တော့ဘူး၊ ရွှေအပ်လောက်၊ ကုလားအော်သီးလောက်မှ စပ်ရုံပဲရှိတာ၊ ဖေဖေကဆို အစပ်တွေမစားဖို့ မြကို အမြဲပြောတယ်၊ မြကလည်း အစပ်ဆို ကြိုက်မှကြိုက်ပဲ၊ ထည့်ပေးတာ ကျေးဇူးနော် . . . ”



www.burmeseclassic.com

www.burmeseclassic.com



ဟင် ... သူက ကျေးဇူးတောင်တင်နေသေးရဲ့ ...။ မတင်ပါနဲ့ ... ကျွန်မက မကောင်းကြံလိုက်တာပါ။

တေးတို့ရဲ့ ထမင်းစားပွဲဟာ ငြိမ်းချမ်းစွာပင် ပြီးစီးသွားခဲ့တာ ဖြစ်သည်။ ဦးစည်သူမောင်ကလည်း မေမေ့ကို အထူးဂရုစိုက်လှသည်။

အဲဒီနောက် တေးတို့အားလုံး pool side မှာ ပြောင်းထိုင်ကြပြီး အအေးမှာသောက်ကြသည်။ မေမေနှင့် ဦးစည်သူမောင်က တစ်စားပွဲထိုင်ကြပြီး တေးတို့ လူငယ်ချင်းက တစ်စားပွဲထိုင်ကြရသည်။

တေးက မြစည်သူကို စကားအရာနဲ့ပဲဖြစ်ဖြစ် နည်းနည်းတော့ အနိုင်ယူကြည့်ချင်မိရာ ...

"မြစည်သူအတွက် တို့စိတ်မကောင်းပါဘူး"

ဟု တကယ် စိတ်မကောင်းမဖြစ်ဘဲ အယောင်ဆောင်၍ ပြောလိုက်သည်။ မြစည်သူက တေးကို နားမလည်သလို ကြည့်ရင်း ...

"ဘာကိုပြောတာလဲဟင် ... ဘာအတွက်လဲ ..."

"ရှင့်ရဲ့ ကံဆိုးမှုအတွက်ပါ"

ပုညခင်စာအုပ်တိုက်



"ကံဆိုးမှု ! ဟင် ... တို့ နားမလည်ဘူး၊ မြက ဘာကံဆိုးလို့လဲဟင် ..."

သေလိုက်စမ်း ...။ ကိုယ့်ရဲ့ကံဆိုးမှုကိုတောင် မသိဘူးတဲ့ ...။

"မြစည်သူ မိထွေးရတော့မယ့်အဖြစ်က ကံဆိုးမှုတစ်ခုပဲ မဟုတ်လား၊ ဘယ်သူမဆို မိထွေးကို အလိုမရှိကြဘူးလေ"

"အို ... ဒါကိုပြောတာလား ...၊ ဟင်း ... ဟင်း ... တေးထင်တာ မှားနေပြီ၊ ဒါ ... မြရဲ့ ကံဆိုးမှုမဟုတ်ပါဘူး၊ ကံကောင်းမှုပါ"

"ကံကောင်းတယ် ..."

"ဟုတ်တယ်လေ ... အမေတစ်ယောက် အစားရတာ ကံကောင်းတာပေါ့၊ ဖေဖေ့အတွက်လည်း ဆေးပေးမီးယူ အဖော်သဟဲလေးရတော့ မြ စိတ်အေးရတာပေါ့၊ ပြီးတော့ အန်တီကလည်း ဖေဖေ့ငယ်ချစ်ဆိုတော့ မြအနေနဲ့ ဘာမှပြောစရာမရှိဘူးလေ၊ ဖေဖေ့အတွက်တောင် ဝမ်းသာနေရသေးတာပါ၊ နှစ်တွေဒီလောက်ကြာ အိမ်ထောင်တွေ အသီးသီးကျ၊ သားသမီးတွေရပြီးမှ ပြန်ဆုံရတယ်ဆိုတာ နည်းတဲ့

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ဖူးစာကံမဟုတ်ဘူးလေ၊ အန်တီကိုလည်း မြ သဘောကျပါတယ်၊ အန်တီက မိန်းမလည်း ပီသတယ်၊ စိတ်သဘောထားလည်း ကောင်းတယ်ဆိုတာ မြ အကဲခတ်မိပါတယ်၊ အန်တီလို အိမ်ရှင်မတစ်ယောက် မြတို့အိမ် ရောက်လာတာ မြတို့မိသားစုအတွက် ကွက်လပ်တစ်ခု ပြည့်စုံသွားသလိုပါပဲ၊ မြကလည်း တေး မေမေကို အမေလိုပဲ သဘောထားမှာပါ၊ တေးကလည်း မြ ဖေဖေကို အဖေလို သဘောထားနိုင်ပါတယ်"

အို ... ဒီမိန်းမနယ် မိထွေးရတာကိုတောင် ဝမ်းသာနေတယ်ဆိုပါလား ...။ တေးသည် မြစည်သူကို ပို၍ အံ့သြရသည်။ တေးရဲ့အထင် လွဲမှားသွားသည့် အတွက်တော့ တေး ရင်ထဲခိုးလိုးခုလုဖြစ်သွားသည်။ ဒီလိုဆို မြစည်သူဟာ အရင်အတိုင်းပဲ ကံကောင်းတဲ့သူတစ်ယောက်အဖြစ် တည်ရှိနေဆဲပဲပေါ့။ တေးမှာသာ ကိုယ် ဘယ်လိုမှ မယှဉ်နိုင်သည့် မိန်းမတစ်ယောက်နှင့်အတူ နေထိုင်ရင်း ဒုံရင်းအတိုင်း ကံဆိုးသွားရဦးတော့မည်ပေါ့။ တေးဟာ သူနှင့်အတူနေထိုင်ရင်း သူ့ရဲ့ ကံကောင်းမှုတွေအတွက် မနာလိုခြင်းကြီးစွာဖြစ်ရင်း သိမ်ငယ်စွာ နေထိုင်သွားရတော့မည် ဖြစ်ပါသည်။

သို့သော် ဘာဖြစ်သလဲ ... တေးမှာလည်း အကြံနဲ့ပဲ။





တေးမရှုစိမ့်သည် မိန်းမတစ်ယောက်ရဲ့ ခြေလှမ်းတွေကို အနီးကပ်စောင့်ကြည့်ခွင့်ရခြင်းဟာလည်း ရခဲတဲ့အခွင့်အရေးတစ်ခုပဲပေါ့။

မြစည်သူကို ဘယ်လိုကံမကောင်းအောင် လုပ်ရမလဲဆိုတဲ့ အကြံဉာဏ်တွေဟာ တေး ဦးနှောက်ကလေးထဲမှ တစ်စချင်းအုံဖွဲ့နေခဲ့ပြီဖြစ်ပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

နောက် သုံးလခန့်ကြာသောအခါ တေး မေမေနှင့် မြစည်သူ ဖေဖေတို့ လက်ထပ်လိုက်ကြပြီး တေးတို့ သားအမိ နှစ်ယောက်မှာ ဦးစည်သူမောင်တို့ အိမ်သို့ ပြောင်းရွှေ့နေထိုင်ရလေသည်။ တေးသည် နေ့ချင်းညချင်း ပြည့်စုံကြွယ်ဝစွာ နေထိုင်ခွင့် ရသွားသည့်အတွက်တော့ ကျေနပ်လှပေသည်။ မေမေကတော့ ထိုအိမ်ကို ရောက်ရောက်ချင်းပင် တေးကို သတိပေးဆုံးမသည်မှာ ...

"တေး ... လိမ်လိမ်မာမာ ယဉ်ယဉ်ကျေးကျေး နေရမယ် နော်၊ သမီးရော မေမေပါ ခုလို အေးအေးချမ်းချမ်း နေခွင့် ရတာ သူတို့သားအဖရဲ့ ကျေးဇူးမဲ၊ သူတို့ကို ကျေးဇူးရှင် အဖြစ် သတ်မှတ်ရမယ်၊ အဆင်ပြေအောင် နေရမယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုကျတော့ တေးကသိပ်မခံချင်လှပေ။ မြစည်သူက ဦးစည်သူမောင် သမီး၊ တေးကလည်း မေမေ့သမီးမို့ တန်းတူရည်တူသာ ပေါင်းအပ်တယ်လို့ ထင်မိသည်။

"မေမေ့ကိုလည်း တေး ပြောစရာရှိတယ်၊ မေမေက သိပ်နှိမ့်ချတာပဲ၊ ကိုယ်က ဘာပဲပြောပြော ဒီအိမ်မှာ အုပ်ချုပ်စီမံရမယ့် အိမ်ရှင်မပဲ၊ ခပ်တည်တည် ထည်ထည်ဝါဝါ နေလို့ရသားပဲ မဟုတ်လား၊ ပြီးတော့ မြစည်သူကိုလည်း မေမေက ပျာနေအောင်ဂရုစိုက်တာပဲ၊ အဲဒါ တေး မကြိုက်ပါဘူး"

"သြော် ... ဒါကတော့ မြစည်သူ ဖေဖေကလည်း တေးကို ဂရုစိုက်တာပဲ မဟုတ်လား"

"ဦးမောင် ဂရုစိုက်တာက ပုံမှန်ပါ၊ မေမေ့လောက်ကြီးတော့ မဟုတ်ပါဘူး"

တေးကတော့ မေမေ ဘာပဲပြောပြော မြစည်သူကို ကျေးဇူးရှင်အဖြစ် သတ်မှတ်ရိုကျိုးမနေနိုင်ချေ။

တေးသည် မြစည်သူနဲ့အတူ နေရတော့မှ သူ့ရဲ့ စန်းပွင့်မှုတွေကို ပိုသိလာရလေသည်။ မြစည်သူထံကို တစ်နေ့





တစ်နေ့ ဖုန်းဆက်ကြတဲ့ ယောကျ်ားသံတွေဟာ လေးငါးယောက် ထက်မနည်း။ အိမ်ကိုလည်း အကြောင်းအမျိုးမျိုးနဲ့ဝင်ကြ ထွက် ကြသည်မှာ ခြောင်းပေါက်လုမတတ်။ နိုင်ငံခြားက အပြန်မှာ လက်ဆောင်ကလေးပါလာလို့ လာပေးရတာက တစ်မျိုး၊ မွေးနေ့ လက်ဆောင် လာပေးရတာက တစ်နည်း၊ ခရီးသွားမှာမို့လို့ ဘာမှာမလဲ လာမေးသူတွေကလည်း မနည်း၊ ဘာရယ်လို့ ရေရေ ရာရာ အကြောင်းပြချက် မရှိလှဘဲ ပန်းစည်းပွေ့ကာ ရောက်လာကြ သူများလည်း ရှိသေးသည်။ အံ့သြစရာကောင်းတာကတော့ အဲဒီ လူတွေအားလုံးဟာ ရုပ်ရည်အရရော အဆင့်အတန်းအရပါ ပြည့်စုံ မြင့်မားကြသူများချည်း ဖြစ်လေသည်။ မြစည်သူဆိုတဲ့ မိန်းမသား ကိုမှ ဒီလိုလူတွေ ဝိုင်းအုံနေကြခြင်းဟာ ဘယ်လိုကုသိုလ်ကံအကျိုး ပေးကြောင့်ပါလိမ့်မှာ တေးက မနာလိုခြင်း တစ်ဝက်၊ အားကျ ခြင်း တစ်ဝက်ဖြင့် တွေးရင်း ကိုယ့်ကိုကိုယ်တော့ အားငယ်မိလေ သည်။

*

တေးတို့ရဲ့ အကျိုးပေးကတော့ ဘယ်နေရာရောက် ရောက် မပြောင်းလဲပါ။ ဟိုတစ်နေ့ကတောင်မှ ခြံရှေ့အုတ်ခုံမှာ ခေတ္တလာထိုင်းတဲ့ လမ်းသူရဲဆန်ဆန် ကောင်လေးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



တေးကို တရွှတ်ရွှတ်လှမ်းခေါ်နေလို့ စိတ်တိုတိုနဲ့ ခဲနဲ့ကောက်ပေါက်ပြေးခဲ့ရသေးသည်။

တစ်နေ့တော့ မြစည်သူ အိမ်မှာမရှိခိုက် ဂုဏ်သရေရှိ သကောင့်သားလေး တစ်ယောက် ရောက်လာလေသည်။ သူ့လက်ထဲမှာလည်း ပန်းစည်းတစ်စည်း ပွေ့လျက်သား။ ဘာအထိမ်းအမှတ်အဖြစ် ပေးဦးမှာပါလိမ့် ...။

အဲ့ဒီနေ့က တေးတစ်ယောက်တည်းပဲ ခြံထဲမှာရှိနေတာမို့ အဲဒီလူက တေးထံ လျှောက်လာကာ ...

"မြစည်သူ ရှိလားခင်ဗျာ"

"ဟာမ် ... ဘာလဲ ..."

တေးသည် ထိုလူ့ကို အမြင်ကတ်ကာ မကြားချင်ယောင်ဆောင်ပြီး ထပ်မေးလိုက်သည်။ တစ်ပြိုင်နက်တည်း ညစ်ကျယ်ကျယ်အကြံပါ ရသွားသည်။

"မြစည်သူ ရှိသလားလို့ပါ၊ ကျွန်တော် မြစည်သူ ညီ့သည်ပါ"

"ဘာကိစ္စရှိလို့လဲ ..."

"ဒီပန်းစည်းလေး ပေးချင်လို့ပါ"





"ဪ ... သူတော့မရှိဘူးရှင် ..."

"ဘယ်များသွားလည်း မသိဘူး"

"ခုနပဲ သူ့အဖေနဲ့ ရန်ဖြစ်ပြီး ထွက်သွားတာ"

"ခင်ဗျာ ..."

"ရန်ဖြစ်တာလေ၊ မနက်စောစောကတော့ ဟိုဘက်ခြံက အမျိုးသမီးနဲ့ ဘာကိစ္စလည်း မသိဘူး၊ အော်ကြီးဟစ်ကျယ်တွေ ဖြစ်နေကြတာပဲ၊ အဲဒါကို သူ့အဖေက တားတော့သူ့အဖေနဲ့ ဆက်ဖြစ်ပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ထွက်သွားတာဘယ်အချိန်မှ ပြန်လာမယ်မသိပါဘူး"

"သူက အဲဒီလို ရန်တွေဘာတွေ ဖြစ်တတ်သလား"

"ဖြစ်တတ်တာပေါ့ ... ခဏခဏပဲ၊ သူက သိပ်စိတ်ကြီးတာလေ၊ တစ်နေ့တစ်နေ့ ဒရိုင်ဘာနဲ့လည်းဖြစ်၊ အိမ်ဖော်နဲ့လည်းဖြစ်၊ သူ့အဖေလည်း မနိုင်ဘူး၊ အိမ်ကလူတွေလည်း နားမချမ်းသာဘူး"

"ဒီလောက်တောင်ပဲလားဗျာ ..."

"ဒါ့ထက်ဆိုးတာတွေတောင် ရှိသေးတယ်"

"တော်ပါတော့ဗျာ ... မပြောပါနဲ့တော့ ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုသူက စိတ်ပျက်လက်ပျက်ပုံနှင့် လေးဖင့်စွာ လှည့်ထွက်သွားရာ တေးမှာ ဗိုက်နှိပ်ရယ်ရသည်။

တေးသည် ထိုနည်းဖြင့်ပင် မြစည်သူနားမှာ အမျိုးကောင်းသားတွေ ဝိုင်းမနေအောင် ကြံဆောင်ကြိုးပမ်းလေသည်။

မြစည်သူ မရှိတုန်း တယ်လီဖုန်းတွေလာလျှင်လည်း တေးက အရင်ဦးအောင် သွားကိုင်မြဲပင်။

"မြစည်သူ ရှိပါသလားခင်ဗျာ"

"ရှိတော့ရှိပါတယ်၊ ဒါပေမယ့် အိပ်ရာက မထသေးဘူးရှင်"

"ခင်ဗျာ ... ဒီအချိန်ကြီးကို ..."

မွန်းလွဲ တစ်နာရီရှိပြီမို့ တစ်ဖက်က တအံ့တသြ ပြန်မေးနေသည်။

"ညက ၁၂ နာရီမှ အိမ်ပြန်လာလို့လေ၊ သူ့အဖေဆူတာနဲ့ ငိုပြီးအိပ်သွားတာ၊ ဒီမနက်တော့ ခေါင်းကိုက်လို့ မထနိုင်သေးဘူး ထင်ပါရဲ့"

"သူ ... သူက အဲဒီလို အမြဲသွားတတ်သလား ခင်ဗျ ..."

"အင်း ... ဒီလိုပါပဲ၊ တစ်ခါတလေ အိမ်ကို မပြောဘဲ ထွက်ထွက်သွားတာ၊ သူပြန်ချင်တဲ့အချိန်ကျမှပြန်လာတာပဲ"





တစ်ဖက်က ဖုန်းချသွားသံ ဂွမ်ခနဲ ကြားလိုက်ရသည်။ တေးကတော့ ကိုယ့်အကြံအောင်တာမို့ တဟိဟိဖြစ်နေသည်။ အဲဒီနည်းနဲ့ပဲ မြစည်သူနားမှာ လူတော်တော် ရှင်းသွားလေသည်။

ရက်အနည်းငယ်ကြာတော့ မြစည်သူက ပြုံးတုံ့တုံ့ကလေး စကားဆိုသည်မှာ ...

"တေးရေ ... ယောကျ်ားတွေဟာ တစ်ခါတစ်ခါတော့ သိပ်ရယ်ဖို့ကောင်းတယ် သိလား၊ မြကို အသည်းအသန်လိုက်နေတဲ့ ယောကျ်ား နှစ်ယောက်ကလေ မနေ့က ပါတီပွဲတစ်ခုမှာ ဆုံတော့ မြကို မခေါ်ချင်သလို မပြောချင်သလို ခပ်ရှောင်ရှောင်လုပ်နေကြတာ၊ မြဖြင့်လေ အရမ်းပျော်သွားတာပဲ၊ နောက်မို့ဆို မြမှာ သူတို့ကြောင့် အမြဲစိတ်ညစ်ရတယ်၊ မြကို အနှောင့်အယှက်ဖြစ်အောင် သူတို့က အမြဲလုပ်နေကျလေ၊ သိပ်အတင့်ရဲကြတာ၊ သူတို့ကို ယဉ်ယဉ်ကျေးကျေးနဲ့ ဘယ်လို ရှောင်ရင်ကောင်းမလဲ စဉ်းစားနေတုန်း သူ့အလိုလို ဒီလိုဖြစ်သွားတာ မြ ကံကောင်းဖို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



တေးသည် မြစည်သူကိုသာ ပါးစပ်အဟောင်းသားလေး ငေးကြည့်နေလိုက်ရပါသည်။

တေး ဘာပဲလုပ်လုပ် သူ့မှာ ကံဆိုးတယ်လို့ကို မရှိပါလား။

❀ ❀ ❀



❀ ❀ ❀

ဖူးစာကံဆိုတာ သိပ်ကိုဆန်းကျယ်တာပဲရှင်။

တေးသည် အဲဒီနေ့က ထိုဖူးစာကံဆိုတဲ့အကြောင်းကို လေးလေးနက်နက် တွေးမိခဲ့လေသည်။ ထိုအတွေးဖြင့် ပျော်မြူးရွှင်ပျခဲ့ရသော နေ့တစ်နေ့လည်း ဖြစ်သည်။ တေးရဲ့ အားငယ်မှုတွေကို သိမ်းနုတ်လွှင့်ပစ်နိုင်ခဲ့သောနေ့၊ မြစည်သူရှေ့မှာ လက်မထောင် ခေါင်းမော့ရဲသော နေ့တစ်နေ့လည်း ဖြစ်လေသည်။ ဒီနေ့ဟာဖြင့် တေးရဲ့ ကံကောင်းမှုတစ်ခု၊ အစပျိုးလာသောနေ့ဟု တင်စားရမည်ဖြစ်ပါသည်။

ထိုနေ့မနက်ခင်းက ရာသီဥတုကလည်း မှိုင်းပျပျကလေး ညို့၍နေသည်။ ထိုမနက်မှာ တေးနှင့် မြစည်သူက ကား



www.burmeseclassic.com

www.burmeseclassic.com



တစ်စီးတည်းစီးလျက် အိမ်ကနေ အတူထွက်လာခဲ့ရတာဖြစ်သည်။ ကားမောင်းသူက မြစည်သူဖြစ်သည်။ သူက တေးကို တေးတက်နေသည့် သင်တန်းရှေ့မှာ ချပေးခဲ့ပြီး သူ့အဖေရုံးခန်းသို့ ဆက်သွားခဲ့သည်။

တေးက ကားပေါ်ကဆင်းပြီး သင်တန်းရှိရာ တိုက်ခန်းတွေဘက်သို့ လျှောက်လာဆဲ မိုးက ဖြန်းခနဲ ရွာချလိုက်လေသည်။ တေးမှာလည်း ထီးမပါတာမို့ ခပ်သုတ်သုတ်လျှောက်ရသည်။ ပုံမှန်လမ်းသွားတာတောင် ဆွဲဆောင်မှုမရှိတဲ့ တေးရဲ့ လမ်းသွားပုံဟာ ခပ်သုတ်သုတ်လျှောက်ရတော့ ပိုပြီးတော့တောင် ရယ်စရာကောင်းနေလေသည်။ တေး လျှောက်နေဆဲမှာပဲ မိုးက ပိုပြီး အုန်းအုန်းသဲသဲဖြစ်လာတော့ရာ တေးက အိတ်ကို ခေါင်းပေါ်ဆောင်းကာ ပြေးသွားတော့ရန်ပြင်ဆဲ လူတစ်ယောက်က တေးထံ ပြေးလာပြီး တေးရှေ့မှာပိတ်ရပ်လိုက်လေသည်။ ပြီးတော့ သူဝတ်ထားသော မိုးကာဂျာကင်အဖြူလေးကို ချွတ်ကာ တေး ခေါင်းပေါ်သို့ လှမ်း၍အုပ်မိုးပေးလိုက်ရင်း ...

"ဟိတ် ... ကိုယ့်ကို မှတ်မိတယ် မဟုတ်လား၊ ဟိုတစ်ခါ မင်းရဲ့အိတ်ကို ကိုယ့်ကားနဲ့ တက်ကြိတ်မိဖူးတယ်လေ၊





လာ ... လာ ... မိုးကာအောက်ကို ဝင်လိုက်လေ၊ ဟိုဘက်ကို အမြန်ပြေးရအောင် နို့မို့ဆို ဒီမိုးနဲ့ တို့နှစ်ယောက်စလုံး ရွှဲနစ်သွားလိမ့်မယ်"

မြတ်စွာဘုရား ... ဒီအဖြစ်အပျက်ဟာ အိပ်မက်များလား ဝိုးတဝါး။ ရုတ်တရက်ကြီးမို့ လူက ရင်ခုန်ဖို့ကိုတောင်မေ့ကာ ကြောင်တောင်တောင်ကလေး ဖြစ်နေသည်။ သူဟာ တေး တွေ့ချင်ဇောနဲ့ မောနေရတဲ့ သူအစစ်ပါပဲလား။ ခုတော့ ကံမကုန်လို့ ပြန်ဆုံရပြီ။

တေးသည် မှင်သက်စွာပင် တေးကို မိုးကာအင်္ကျီဖြင့် ကြင်နာယုယစွာ အုပ်မိုးပေးထားသော သူ့ကို မော့မော့ကလေး ငေး၍နေသည်။

"ဟိတ် ... ဘာကြည့်နေတာလဲ၊ မိုးတွေရွှဲတော့မှာပဲ"

ရွှဲပေစေ ... ဒီမိုးလောက်တော့၊ ဒီမိုးကို တေးက ကျေးဇူးတောင်တင်မိပါသေးရဲ့ရှင်။

အဲဒီနောက်တော့ တေးသည် သူ့မိုးကာအင်္ကျီစလေးရဲ့ တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး သူနှင့်အတူ ပြေးထွက်လာခဲ့ရသည်။ Rain coast အဖြူကလေးသည် မိုးသက်လေနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



တလွင့်လွင့်။ မိုးရေစက်များသည် တေးတို့နှစ်ယောက်ကို ကလို ကျီစယ်လျက်။ အို ... အိပ်မက်ဆန်လှချည်ရဲ့။ ကဗျာဆန်လှချည်ရဲ့။ Romantic ဖြစ်လှချည်ရဲ့။ တေး သိပ်ကြိုက်၊ သိပ်အားကျခဲ့ဖူးတဲ့ ရုပ်ရှင်ထဲကလိုပါပဲလား။ တေး သိပ်နှစ်သက်ခဲ့ဖူးတဲ့ 'အိပ်မက်ချစ်သူ' ဆိုတဲ့ ဇာတ်လမ်းတွဲထဲမှာလည်း ဒီလိုပဲနော်။ မင်းသားနဲ့ မင်းသမီးဟာ ကုတ်အင်္ကျီလေးတစ်ထည်ကို နှစ်ယောက်အတူ ဆောင်းပြီး ယာခင်းစိမ်းစိမ်းတွေကြားမှာ Slow motion ပြေးလွှား သွားကြသည်။ တေးတို့က ကတ္တရာလမ်းမှာ ပြေးနေရတာမို့ သူတို့လောက်တော့ ကဗျာမဆန်ချေ။

တေးသည် တေးတို့ ပြေးနေရသော ခရီးတိုကလေး ပြီးဆုံးသွားမှာကို စိုးလှတာမို့ ခြေလှမ်းတွေကို ရုပ်ရှင်ထဲကလို Slow motion လုပ်ပစ်လိုက်ချင်စိတ်ပင် ပေါ်လာရပါသည်။

Rain coast ကလေးရဲ့ တစ်ဖက်စွန်းကို ဆွဲကိုင်ထားရသော တေးရဲ့ လက်ချောင်းကလေးတွေပင် စိတ်လှုပ်ရှားစွာ တဆတ်ဆတ်တုန်လျက် ရှိတော့သည်။

ဆွဲဆန့်ချင်မိသော အချိန်ခဏလေးသည် မြန်းခနဲ ပြီးဆုံးသွားပါသည်။ ထိုအချိန်ကို တိုတောင်းလွန်းတယ်ရယ်လို့ တေးက အပြစ်တင်မိ၏။





"ညီမက ဘယ်ကိုလာတာလဲ ..."

"ဒီ ... ဒီက ဒုတိယထပ်မှာ ကွန်ပျူတာသင်တန်း လာတက်တာ"

"သင်တန်းထဲ ဒီအတိုင်းဝင်သွားရင် တစ်ချိန်လုံး ချမ်းနေလိမ့်မယ်၊ နွေးနွေးထွေးထွေးဖြစ်သွားအောင် ဒီနားက ကော်ဖီဆိုင်မှာ ကော်ဖီပူပူလေးတစ်ခွက်လောက် သောက်လိုက်ရင် အဆင်ပြေမယ်ထင်တယ်၊ သောက်မလား"

"ဟုတ်ကဲ့"

တေးသည် ခေါင်းကို ဆတ်ခနဲနေအောင် မြန်မြန်ဆန်ဆန် ညိတ်လိုက်သည်။ ပြီးတော့ သိုးကလေးလို ရိုကျိုးဝပ်တွားစွာ သူနှင့်အတူ တွဲလျက် ကော်ဖီဆိုင်ဘက်သို့ လျှောက်သွားရလေသည်။ ကော်ဖီဆိုင်မှန်ချပ်တွေရှေ့က ဖြတ်လျှောက်တော့ မှန်မှာ ပုံရိပ်ထင်နေသော တေးတို့နှစ်ယောက်ရဲ့ စုံတွဲပုံကို မျက်လုံးကလေး အသာအယာ ခိုးစွေ၍ ကြည့်မိသေးသည်။ တေးတို့ လိုက်ဖက်သလားရယ်လို့ပင်။ သို့သော် ရွှေမင်းသားနှင့် ဘဲရုပ်ဆိုးကလေးလို ကွာခြားလွန်းတာမို့ စိတ်ဓာတ်ကျသွားသည်။ တေးပုံစံဟာ မိုးရေထဲမှာ ပြေးလွှားလာခဲ့ရတာမို့ စိုကပ်နေတဲ့ ဆံပင်တချို့က



www.burmeseclassic.com

www.burmeseclassic.com



စင်းကျလျက်၊ တချို့တစ်ဝက် နေရမစိုသော ဆံပင်များက ထုံးစံအတိုင်း ပွယောင်းယောင်းဖြစ်နေတဲ့အပြင် ရှုပ်ပွနေလိုက်သေးရဲ့။ သူလို စမတ်တကျ ခပ်မတ်မတ်လှမ်းသွားနေသူရဲ့ နံဘေးမှာ အတူလိုက်လာရတဲ့ တေးဟာ သူ့ရဲ့အရှိန်အဝါကို စိုးရွံ့လန့်ထိတ်ကာ ရှေ့ကဆက်ပိုလို့တောင် ကုပ်ချောင်းချောင်း ဖြစ်နေရပါသည်။ တေးရဲ့ လက်ပြင်ကလေးဟာ ကုန်းနေတာပဲ။ ရင်ကိုကော့ကာ ခပ်မတ်မတ်မလျှောက်ရဲ။ ကြည့်ပါဦး ... သူ့ကျတော့ လျှောက်နေလိုက်တာ တကယ့်ကို ငေးကြည့်ချင်စရာ ...။ နိုင်ငံခြားကားတွေထဲက မင်းသားလိုပါပဲ။

တေးသည် ဆံပင်မွမွတွေကြားမှာ ပြူးပြူးကလေး ပေါ်နေသော မျက်လုံးများကို ခွာကာ သူ့ကို ခိုးကြည့်မိပြန်သည်။ ကော်ဖီရောင် ဖျော့ဖျော့ ဂျင်းဘောင်းဘီ ပွပွအိအိကလေးနှင့် စပို့ရှပ် အဖြူကလေးဟာ သူ့ခန္ဓာကိုယ်ပေါ်မှာ ထင်းလင်းနေသည်။ ဒီလိုအဝတ်အစားမျိုးကို တခြားဘယ်သူတွေ ဝတ်ဝတ် သူ့လောက် ကြည့်မကောင်းဘူးဆိုတာ တေး အတပ်ပြောရဲပါသည်။ သူမို့လို့သာပဲ ဘာဝတ်ဝတ် ကြည့်ကောင်းနေတာဖြစ်မှာပါ။

တေးတို့သည် အတူယှဉ်တွဲလျက် ကော်ဖီဆိုင်ထဲ





ဝင်လာကြပြီး သူက တေးထိုင်ဖို့ ထိုင်ခုံကလေးတစ်လုံးကို တေးအတွက် အသင့်ဖြစ်အောင် ရွှေ့ပေးပြီး တေးကိုအရင်ထိုင်စေသည်။ သူ့အမူအရာများက တေးကို ဦးစားပေးလွန်းသည်။ တေးအတွက်တော့ ဒီအဖြစ်ဟာ အလွန်ထူးဆန်းနေပါသည်။ တေးဘဝမှာ ဒီလို ဂုဏ်သရေရှိ ယောကျ်ားမျိုးရဲ့ ဦးစားပေးမှု၊ အလေးထားမှုမျိုးကို မခံယူဖူးခဲ့ပါ။ ငယ်ငယ်တုန်းက စက်ဘီးမှောက်ပြီး တစ်ခဏမှာ ခံယူခဲ့ဖူးတဲ့ အဖြစ်သနစ်ဟာလည်း အိပ်မက်ပမာသာ။ ဟို ... လူထုချဉ်ဖတ်လို အမျိုးအစားကသာ တေးကိုမှ စွဲစွဲမြဲမြဲ တော်ပါ ... မတွေးဘူး။ တေးက ယောင်ပြီးတော့တောင် ခေါင်းကို ဆတ်လိုက်မိသေး၏။

ပြီးတော့ တေးသည် ဘာလုပ်ရမှန်းမသိစွာ ငြိမ်သက်နေလိုက်ပါသည်။

"ဘာကော်ဖီသောက်မလဲ ..."

"ရှင် ..."

တေးသည် လန့်သွားကာ ဖျတ်ခနဲ မျက်လွှာပင့်လျက် မျက်လုံးပြူးကြည့်မိတော့ သူက တေးကို လူကြီးလူကောင်းဆန်စွာ ပြုံးပြရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာကော်ဖီသောက်မလဲ ..."

"ဟို ... ဘလက်(ခ်)"

"ဒီလိုဆိုင်မျိုးမှာ ဘာဖြစ်လို့ ဘလက်(ခ်)ကော်ဖီ သောက်မှာလဲ၊ ကက်ပချီနို ရှိတယ်၊ ဘရာဇီးရှိတယ်၊ ဒီမှာလေ မီနူးကြည့် ..."

သူက တေးကို မီနူးပြသော်လည်း တေးက မကြည့်ဖြစ်ဘဲ ....

"အဲ ... အဲဒါက ဘာကော်ဖီတွေလဲ ..."

"နိုင်ငံခြားဖြစ် ကော်ဖီတွေလေ၊ ဈေးလည်းကြီးတယ်၊ ကောင်းလည်းကောင်းတယ်"

"ကျွန်မ တစ်ခါမှ မသောက်ဖူး ..."

"ဒါဆို သောက်ကြည့်လေ"

"ရှင်ကရော ဘာသောက်မှာလဲ ..."

"ကက်ပချီနို သောက်မယ်"

"အဲ့ဒါ ... ကောင်းလားဟင်"

"ကောင်းတယ်၊ ကျွန်တော်တော့ သိပ်ကြိုက်တယ်"

"ဒါဆို ကျွန်မလည်း ကက်ပချီနိုပဲ ..."

တေးရဲ့ အပြုအမူတွေ၊ အပြောအဆိုတွေဟာ ဘယ်





တော့မှ စမတ်တကျ ဖြစ်မလာဘဲ အူကြောင်ကြောင်ဖြစ်ရမြဲပင်။ တကယ်ပါ ... ဒီလိုအဆင့်မြင့်မြင့် ကော်ဖီဆိုင်မျိုးကို တေး တစ်ခါမှ မရောက်ဖူးပါ။ ပြီးတော့ တေးက ကော်ဖီလည်း မကြိုက်ပါ။ သူ တိုက်လို့သာ ကြိတ်မှိတ်သောက်ရမှာ ... ။

Waiter ကလေးက ကော်ဖီ လာချပေးသောအခါ သူက တေးရှေ့သို့ ကော်ဖီခွက်ကလေး တိုးရွှေ့ပေးရင်း ...

"ကဲ ... နွေးထွေးသွားအောင် သောက်လိုက်ဦး"

တေးက မဆိုင်းမတွပင် ကော်ဖီပန်းကန်ကို ကောက်ကိုင်ပြီး မော့ချလိုက်ရာ ...

"ဟာ ... ဖရူး ... ဖူး ..."

တေး အာခေါင်တစ်ခုလုံး ပူခြစ်ကာ တချို့ကော်ဖီတွေဟာ ဖိတ်စင်သွားပြီး သူ့ပခုံးစွန်းကိုပင်သွားစင်သည်။ တေးသည် ပူလွန်းသော ကော်ဖီကို ကယောင်ကတမ်း မျိုချလိုက်ရာ ရင်ဘတ်တစ်ခုလုံး ပူကျွမ်းသွားရသလိုတည်း ... ။

"ဆောရီး ... ဆောရီး ... ပေကုန်ပြီ"

"ရတယ် ... ရတယ်၊ သိပ်ပူသွားတယ်ထင်တယ်၊ ရေအေးအေးလေး သောက်ချလိုက်နော်"

သူက ရေအေးတစ်ခွက် ငှဲ့ပေးရာ တေးလည်း သူ့ရဲ



www.burmeseclassic.com

www.burmeseclassic.com



ကျိုး နပ်သွားတော့သည်။ အို … ဒီလိုသာ ဂရုစိုက်ခံရမယ်ဆိုရင် နှစ်ခွက်ဆင့်လို့သာ မျိုချလိုက်ချင်ပါရဲ့။

တေး ပုံစံ ဘယ်လောက်အချိုးမပြေ ဖြစ်ဝစေ သူ့အပြုံးမပျက် သည်းခံနိုင်တာ မထူးဆန်းဘူးလား။ သူ တေးအပေါ် လိုက်လျောလှပါလား။ တေးသည် မျက်လွှာချကာ ရေကိုင့်သောက်နေရင်း သူ့အကြောင်းတွေးနေသည်။ သူနဲ့တေး နီးစပ်သွားပုံဟာ မြန်ဆန်လွန်းလို့လေ။

"ဟိုတစ်ခေါက် တွေ့တုန်းက ကျွန်တော်တို့ချင်း နာမည်တောင် မပြောဖြစ်ခဲ့ကြဘူးနော်၊ ကျွန်တော်နာမည် နိုင်လုံပါ၊ မင်းနာမည်ကရော …"

"တေးလက်ာဖြူ"

"သိပ်လှတဲ့ နာမည်ပဲ …"

"ကျေးဇူးတင်ပါတယ်"

"တေးလက်ာရဲ့ မိဘတွေက နာမည်ပေး တော်တယ်နော်"

"တေးလို့ခေါ်ရင် ရပါပြီ"

"အင်း … တေးရဲ့ ညီအစ်ကို မောင်နှမတွေလည်း ဒီလို နာမည်လှလှတွေနဲ့ပဲလား"

"တေးက တစ်ဦးတည်းသော သမီးပါ"





"ခုန တေးကို ကားမောင်းပို့ခဲ့တဲ့ တစ်ယောက်က တေးရဲ့ ညီအစ်မတော် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး"

"ဪ … တေး သူငယ်ချင်းထင်တယ်"

"မဟုတ်ပါဘူး၊ သူက တေးမေမေရဲ့ ယောကျ်ားရဲ့သမီးပါ"

သူက မျက်မှောင်တစ်ချက် တွန့်လျက် စဉ်းစားဟန်ပြုကာ …

"တေးမေမေရဲ့ ယောကျ်ားရဲ့ သမီးဆိုတော့ အင်း … ဘာတော်မှာပါလိမ့်၊ နေပါဦး တေး မေမေရဲ့ ယောကျ်ားဆိုတာ တေးဖေဖေ မဟုတ်ဘူးလားကွာ"

"မဟုတ်ပါဘူး၊ မေမေ့နောက်အိမ်ထောင်ဆိုတော့ ပထွေးတော်ပါတယ်၊ အဲ့ဒီအသုံးအနှုန်းက နည်းနည်းရင့်သီးလို့ အလွယ်တကူ မသုံးရဘူးလို့ မေမေက မှာထားလို့ပါ"

"ဪ … သိပြီ၊ ကျွန်တော် သဘောပေါက်ပါပြီ၊ အင်းလေ ဘာပဲဖြစ်ဖြစ် တေးတို့ရွယ်တူချင်း အဖော်ရနေတာပေါ့၊ ဒါလည်း ညီအစ်မလို့ သတ်မှတ်လိုက်ရင် ရတာပါပဲ၊ သူကရော တစ်ဦးတည်းသော သမီးပဲလား …"

"ဟုတ်ကဲ့ …"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေကရော သူ့သမီးကို နာမည်ပေးတော်ရဲ့လား"

"ရှင် ..."

"ဩော် ... သူ့နာမည်က တေးနာမည်လောက် လှရဲ့လား လို့ပါ"

"လှလှ တေး မပြောတတ်ပါဘူး"

"ဒါဆို ကျွန်တော် ဆုံးဖြတ်မယ်လေ၊ သူ့နာမည်က ဘာတဲ့လဲ"

"မြစည်သူ ... တဲ့"

"ဩော် ... မဆိုးပါဘူး၊ လှပါတယ်၊ ဒါပေမယ့် တေးလက်ာ ဆိုတဲ့ နာမည်လောက်တော့ မလှဘူးပေါ့ ..."

တေးစိတ်ထဲမှာ တော်တော်ကျေနပ်သွားပါသည်။ တေးကို မြစည်သူထက် သာတယ်ရယ်လို့ ပြောတာဆိုလို့ သူ တစ်ယောက်သာ ရှိသေးသည်။ နာမည်ပဲ သာလည်းဘာဖြစ်သလဲ၊ တေးက ဘာကလေးမဆို သာတော့ သာလိုက်ချင်သေးသည်။

သူ့ရဲ့ ချိုသြရှတသော အသံကို ခံစားနားဆင်ရင်း သူ့မေးခွန်းတွေကို အလိုက်သင့်ဖြေရင်း တေးပျော်လာသည်။ သူ မေးသမျှကို ပြည့်ပြည့်စုံစုံ ရှည်ရှည်ဝေးဝေး ဖြေပေးချင်လှပါသည်။





တေးက စကားလည်း သိပ်မပြောတတ်သူမို့ သူမေးသမျှဖြေနေတာသာ အကောင်းဆုံးလို့ ထင်ပါသည်။

"တေးတို့က ရွယ်တူချင်းတွေ တစ်အိမ်တည်း နေနေကြတာပဲ၊ သင်တန်းတွေတက်တော့ အတူတူမတက်ဘူးလား"

"ဟင့်အင်း ... သူက တခြားသင်တန်းတွေ တက်တယ်၊ သူတက်တဲ့ သင်တန်းတွေ တေး ဝါသနာမပါလို့ မတက်တာ၊ သူက ( ... ) မှာ မနက်ပိုင်း တစ်ချိန် ဂျပန်စာ သင်နေတယ်၊ တစ်ပတ်နှစ်ရက် စနေ တနင်္ဂနွေပဲ သင်တာ၊ ပြီးတော့ ပြင်သစ်ယဉ်ကျေးမှုဌာနမှာ ပြင်သစ်စာ သင်နေသေးတယ်၊ အဲဒါကျတော့ ညနေပိုင်းပေါ့၊ တနင်္လာကနေ သောကြာအထိပဲ ..."

"မြစည်သူက ဘာသာစကားတွေကို တော်တော် ကြိုးကြိုးစားစား လေ့လာနေပုံပဲ"

အံမယ် ... သူ့ကြည့်ရတာ မြစည်သူကို အသားလွတ် အထင်ကြီးသွားတဲ့ ပုံစံပါလား။ ဒီလိုမဖြစ်ရပါဘူး။

တေးသည် သတိလက်လွတ် နှုတ်သွက်အာသွက် ဖြေနေရာက သတိဝင်လာကာ ...

"အလကားပါ ... သူက သင်တန်းဆိုတာကို ဖက်ရှင်တစ်ခု



www.burmeseclassic.com

www.burmeseclassic.com



လို့ သဘောထားပြီး တက်နေတာပါ၊ သိတယ်မဟုတ်လား တချို့က တကယ်တတ်တာ မတတ်တာ အပထားလို့ ဘယ်မှာ ဘာတက်နေတယ်လေလို့ ပြောလိုက်ရတာကိုက အရသာတစ်မျိုးလို့ ယူဆနေကြတာ ...”

“သူ့ကြည့်ရတာ bright တော့ ဖြစ်ပုံရပါတယ်”

“ရှင်က ခဏလေးပဲ လှမ်းမြင်ရရုံနဲ့ ဒီလိုယူဆလိုက်ရော လား၊ တကယ်တမ်းက ထုံမှထုံပဲရှင်၊ သူဌေးသမီးဆိုတဲ့ ဟန်ကလေးထည်နေလို့သာ လူတွေက သူ့ကို အထင်ကြီး ကြတာပါ”

“သူ့မှာ ယောကျ်ားလေး မိတ်ဆွေတွေ ဘာတွေရော ရှိသလား”

“ရှိတာပေါ့ ... ရှိတာမှ အများကြီးပဲ၊ ဝင်လိုက်၊ ထွက်လိုက် ဖုန်းဆက်လိုက်၊ ဟိုဟာလာပေးလိုက်၊ ဒီဟာလာပေးလိုက် ရှုပ်နေတာပဲ”

“ကဲ ... ကဲ ... ကော်ဖီသောက်ပြီး နွေးသွားရင် ဘာဂါလေး ပါ စားလိုက်ပါဦး”

သူက ဘာဂါပန်းကန်ကို တေးရှေ့သို့ တွန်းရွှေ့ပေး လိုက်ပြီး သူ့မေးခွန်းတွေကို ရပ်နားသွားလေသည်။ ကော်ဖီ





သောက်ပြီး နွေးရုံမက ပူကျွမ်းနေပြီဖြစ်သော တေးက ဘာဂါကို ကောက်ကိုင်ကာ တစ်ကိုက် ကိုက်လိုက်ပါသည်။ သူကတော့ ကော်ဖီသောက်ရင်း တစ်ခုခုကို တွေးနေပုံရသည်။ ပြီးတော့ တေး စားပြီးမပြီး တစ်ချက်ကြည့်သည်။ တေး ပန်းကန်ထဲက ဘာဂါ ကုန်သွားတော့မှ တစ်ချက်ကြည့်ကာ ...

“တေး ... သင်တန်းချိန် နောက်ကျနေပြီထင်တယ်”

“ဟုတ်တယ် ... အချိန်တစ်ဝက်ကျိုးနေပြီ၊ တေး မတက် တော့ဘူး”

“အိုကေ ... ဒါဆို တေး အိမ်ကို ကျွန်တော် လိုက်ပို့ပေးမယ်”

သူ့ပုံစံက တက်ကြွသွားသလိုပင် ...။

တေးကတော့ ဉာဏ်နီဉာဏ်နက် တစ်ချက်ထုတ်မိ တာ ...

“ဟို ... ဟိုဒင်းလေ ...”

“ပြောလေ ... တေး ဘာပြောချင်လို့လဲ ...”

“ဟိုနေ့က ပျက်စီးသွားတဲ့ တေးပစ္စည်းတွေထဲမှာ သော့ချိတ် လေး တစ်ခုပါတာ ဟိုနေ့က ရှာမတွေ့လို့ မဝယ်ခဲ့ရဘူး၊ အဲဒါ ဒီနေ့ သွားဝယ်ရင် ကောင်းမလားလို့ ...”

“ဝယ်လေ ... ကျွန်တော် လိုက်ပို့ပေးမှာပေါ့”



www.burmeseclassic.com

www.burmeseclassic.com



အိုကေ ... သိပ်အဆင်ပြေတာပဲ။ တေးသည် ပျော်မြူးရွှင်ပျသွားကာ သွက်လက်စွာ ထ,ရပ်လိုက်လေသည်။ တေးစိတ်ထဲမှာ အားမာန်တွေပြည့်နေသည်။ တေးဘဝသည် ယနေ့မှစ၍ အပြောင်းလဲကြီး ပြောင်းလဲသွားပေပြီ။ ဒီလိုယောကျ်ားတစ်ယောက်ရဲ့ အလိုလိုက်ခံ၊ ဂရုစိုက်ခံဘဝတဲ့လေ။ တေးသည် သူနဲ့လည်း စကားလက်ဆုံပြောခွင့်ရသည်။ သူ ကျွေးမွေးပြုစုသော စားသောက်ဖွယ်ရာတွေကိုလည်း စိတ်ကြိုက်စားခွင့်ရသည်။ အခုလည်း သူနှင့်အတူ shopping ထွက်ရဦးမည်။ ဘယ်လောက် ခမ်းနားတဲ့ ဘဝလဲ ...။

တေးရဲ့ ခြေလှမ်းတွေသည် ပေါ့ပါးလွင့်မြောက်နေပါသည်။ တေး ဈေးဝယ်ပြီးတော့ သူက တေးကို အိမ်ပြန်ပို့ပေးလိုက်သေးသည်။

တေးက သူ့ကား တေး မြင်ကွင်းကနေ ပျောက်သွားသည်အထိ လက်တပြပြနှင့်ကျန်ရစ်သည်။ ပြီးတော့ နေရာမှာပင် တစ်ချက်ခုန်ပေါက်ကာ 'အူးဟူး' ဟု အော်လိုက်မိတော့ ခြံစောင့်ကြီးက အလန့်တကြား ပြေးထွက်လာကာ တေးကို ပြူးစိုက်၍ကြည့်နေတော့သည်။

❀ ❀ ❀



❀ ❀ ❀

တစ်နေ့တော့ မြစည်သူက တေးကို ရင်ဖွင့်လာပါသည်။

"တေးရေ ... မြတော့ အချစ်ကို တွေ့ပြီထင်ပါရဲ့ဟယ် ..."

"ဟုတ်လား ..."

တေးကလည်း တေးအကြောင်း ကြွားဝါလိုတာမို့ ဘယ်အချက်မှာ ဖွင့်ချရင်ကောင်းမလဲ စဉ်းစားနေသူဖြစ်သည်။ ခုတော့ အဆင်ပြေသွားပဲ။ သူရင်ဖွင့်တာ နားထောင်ပြီး တေးလည်း အသာဓာလေး ပြောပြလိုက်ရုံပင်။

မြစည်သူက မှန်တင်ခုံရှေ့မှာ ထိုင်ရင်း မှန်ထဲက သူမရဲ့ ပြုံးမြမြ မျက်နှာကလေးကို ငေးကြည့်နေသည်။ သူမ မျက်နှာပေါ်မှာ ကြည်လင်မှုအပြင် တောက်ပမှုကိုပါ တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... မျက်နှာက ဖြစ်နေလိုက်တာများနော်၊ သူတွေ့ထားတဲ့ အချစ်က ဘယ်လောက်များ ထုထည်ကြီးမားလို့လဲ ...။ သူ့လူက ဘယ်လောက်တောင် ကြီးကျယ်ခမ်းနားမြင့်မြတ်နေလို့လဲ ...။ မနာလိုစိတ်ကလေးသည် တေးထံ ဝင်လာမြဲ။ သို့သော် ဒီတစ်ကြိမ်တော့ ကိုယ့်မှာလည်း ဂုဏ်ယူစရာရှိပြီးသားမို့ သူ့လောက်တော့ ဘာမထိပင်။

"သူက တော်တော်ထူးဆန်းတယ် တေးရဲ့၊ သူ့ကြည့်တော့ တကယ့်ကို စမတ်ကျကျ အဆင့်မြင့်မြင့်ပဲ၊ ဒါပေမယ့် သူ မြကို ချဉ်းကပ်တဲ့ပုံက အရမ်းလွယ်ဆန်တယ်၊ မြ တက်နေတဲ့ သင်တန်းတွေနဲ့ သင်တန်းအချိန်တွေကို ဘယ်က ဘယ်လို သတင်းအစအန ရလာသလဲမသိပါဘူး၊ နေ့တိုင်း သင်တန်းရှေ့မှာ လာလာစောင့်ပြီး မြကို ငေးနေတာ၊ မြကို အနှောင့်အယှက်လည်း မပေးဘူး၊ စကားလည်း လာမပြောဘူး၊ ဒါပေမယ့် သူ့မျက်လုံးလေးတွေက သိပ်အသက်ဝင်တာပဲ၊ အဲ့ဒီ မျက်လုံးတွေနဲ့ ဆုံမိတိုင်း မြမှာ ကယောင်ချောက်ချားတွေ ဖြစ်ရတယ် ...

"မြ တစ်ခါမှ ဒီလိုမဖြစ်ဖူးဘူး တေ... ၊ မြကို ချစ်ကြတဲ့ လူတွေတော့ အများကြီးရှိပါတယ်၊ ဒါပေမယ့် ..."





သိပ်ကြွားမနေပါနဲ့ ...။ တေးက မြ မမြင်အောင် နောက်ဘက်ကနေ မျက်စောင်းထိုးလိုက်သည်။

"ဒါပေမယ့် မြ ဘယ်သူ့အတွက်နဲ့မှ ခုလို မတုန်လှုပ်ခဲ့ဖူးဘူး၊ အချစ်ဆိုတာ တော်တော်ထူးဆန်းတာပဲနော်"

အင်း ... ဟိုကဖြင့် သူ့ကို တကယ်ချစ်မှန်းမသိ မချစ်မှန်းမသိ။ ယောကျ်ားဆိုတာတွေက ဒီလိုပဲဥစ္စာ။ လှတာလေး မြင်ရင် မျက်စိအရသာခံပြီး လာကြည့်ချင်ကြည့်မှာပဲပေါ့။ သူတို့ မျက်စိထဲ ရိုးသွားရင် လာပါဦးတော့မလား။ ကြည့်ရုံကလေးနဲ့ ကိုယ့်ကိုချစ်တာပါလို့ ပုံသေယူဆလိုက်တာကတော့ ကိုယ့်ကိုကိုယ် သိပ်အထင်ကြီးလွန်းပြီထင်တာပဲ။ တေးသည် မြစည်သူကို စိတ်ထဲက ကျိတ်၍ဟားမိလေသည်။

"အဟမ်း ..."

တေးသည် ကိုယ့်မှာလည်း လူလူသူသူ ပြောစရာရှိပြီမို့ ဒီတစ်ခါတော့ အားမငယ်မိတော့ပဲ လည်ချောင်းတစ်ချက်ရှင်းကာ ...

"တေးလည်း အဲ့ဒီ အချစ်အတွက် တော်တော်ဦးနှောက်ခြောက်နေမိတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... တေး ချစ်သူ ရသွားပြီလားဟင် ..."

မြက ပြုံးလက်သော မျက်ဝန်းကလေးများဖြင့် တေးကို လှည့်ကြည့်လာပါသည်။ တေးက ဝှဲကြွားစွာပြုံးကာ မြ အမေးကိုတော့ မဖြေတော့ဘဲ ...

"တကယ့်တော့ ဖူးစာကံဆိုတာ သိပ်ဆန်းကြယ်တာပဲလို့ တေး တွေးမိတယ်၊ တစ်ယောက်နဲ့တစ်ယောက် ခဏ တစ်ဖြုတ်လေး တွေ့ပြီး နာမည်တောင် မသိဘဲ ကွဲသွားကြပေမယ့် ဟော ဖူးစာကံက ပါလာတော့ တိုက်တိုက် ဆိုင်ဆိုင်ကို ပြန်တွေ့ရတာပဲ၊ တေးအပေါ် နားလည်ကြင်နာမယ့် အရာရာပြီးပြည့်စုံတဲ့ ယောကျ်ားမျိုးကို နတ်ပြည်က သိကြားမင်း ဖန်ဆင်းပြီး လွှတ်လိုက်သလားလို့တောင် အောက်မေ့မိပါတယ်"

"ဒါဆို တေး ကံကောင်းတာပေါ့နော်၊ တေး လူနဲ့ မြကို မိတ်ဆက်ပေးဦးလေ ..."

"အင်း ... စောပါသေးတယ်လေ၊ တစ်နေ့နေ့တော့ မိတ်ဆက်ပေးမှာပေါ့"

"သူက ရုပ်ချောလား ..."





"တေးဖြင့် ငေးကြည့်နေမိတာပဲ ..."

"ဒီလောက်တောင်ပဲလား ..."

"အင်းပေါ့ ... မြ မြင်ရင်လည်း ငေးမိမှာပဲ ..."

မြက ခဏတွေသွားပြီး ...

"ရုပ်ချောတာ တစ်ခုတည်းအတွက်တော့ ဘာမှမမြင်ဘဲ ညွတ်မသွားမိစေနဲ့နော် တေး၊ အကျင့်စာရိတ္တနဲ့ စိတ်ဓာတ်က အရေးကြီးတယ်၊ သေသေချာချာလေ့လာဦးနော်၊ မြက စိတ်ပူလို့ပြောတာ ..."

"လေ့လာတယ်ဆိုမှတော့ အချစ်ဆိုတာကြီးက မှိန်ဖျော့နေပြီပေါ့ မြရဲ့၊ မြရော မြလူကို လေ့လာရသေးလို့လား၊ မျက်လုံးအကြည့်လေးနဲ့ပဲ ငြိသွားတယ်မဟုတ်လား၊ တေး လည်း ဒီလိုပဲပေါ့၊ အချစ်ဆိုတာကို ခံစားပြီးတော့ ချစ်တာ လေ ..."

"စိတ်ထဲက ခံစားတာတော့ မှန်တယ်လေ တေးရဲ့၊ ခံစားပြီး ချစ်လို့ရတယ်လေ၊ ဒါပေမယ့် ချစ်သူအဖြစ် ပွင့်ပွင့် လင်းလင်း လက်ခံ လက်တွဲလိုက်ဖို့ကျတော့ နားလည်မှုတွေ လိုတယ်၊ စိတ်ချင်း ဟာမိုနီဖြစ်ဖို့လိုတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်းလေ ... ဒါတော့ဟုတ်ပါတယ်၊ တေးတော့ တကယ့်ကို ဦးနှောက်ခြောက်နေတာပဲ၊ သူက တေးကို ဂရုစိုက်လွန်းလို့ ဘယ်နှားသွားရှောင်ပုန်းနေရမှန်းကို မသိတော့ပါဘူး"

ဧတေးသည် ဂုဏ်ယူစွာ ညည်းတွားလိုက်မိပါသည်။ မြကတော့ တေးရဲ့ စကားလုံးတွေအောက်မှာ ပိပြားနစ်မြုပ်သွားသည်ပဲ ထင်ပါရဲ့၊ အသံတောင် ထွက်မလာတော့။ အဲဒါပဲ ... လူတွေဟာ ပြိုင်ဘက်မရှိခင်သာ စွတ်တင်နေကြတာ။ တကယ်တမ်း ပြိုင်ဘက်ရှိလာတော့ တိတ်သွားကြရော မဟုတ်လား။

တေးသည် ဟိုအရင်ကလို စိတ်ညစ်မနေတော့ဘဲ သိချင်းတလေး ညည်းကာ စိတ်လက်ပေါ့ပါးနေပါသည်။

မြချစ်တဲ့သူဆိုတာ ဘယ်လိုမျိုးပါလိမ့်ဆိုတာတော့ တေးက သိပ်သိချင်နေမိပါသည်။ သိပြီးလျှင်တော့ တေးချစ်ရတဲ့ သူနဲ့ ကျိတ်ပြိုင်လိုက်ချင်သေးသည်။

တေးသည် ခုတော့ဖြင့် မြစည်သူရဲ့ ပြိုင်ဘက်အဖြစ် ကိုယ့်ကိုကိုယ် ခံယူရခဲ့ပြီ။

❀ ❀ ❀



❀ ❀ ❀

အဲဒီနေ့ကို တေး သိပ်မုန်းတာပဲ၊ တေးဘဝမှာ အဲဒီလိုနေ့မျိုး မရှိခဲ့ဖူးလို့သာ မှတ်ယူချင်သည်။

ထိုနေ့က တေးနဲ့ မြစည်သူသည် ခြံထဲတွင် အတူရှိနေခဲ့ကြတာ ဖြစ်သည်။ မြက သူ့ အနှစ်သက်ဆုံး ပန်းအိုးရှေ့မှာ ရပ်ရင်း ရေလောင်းနေခဲ့သည်။ တေးကတော့ မြက်ခင်းစိမ်းပေါ်မှာ ပြားပြားချထိုင်ကာ ခွေးကလေး ဘော်ဘီကို သတင်းစာ ကောက်တတ်အောင် သင်ပေးနေခဲ့သည်။

တေးသည် သတင်းစာခေါက်ကို အဝေးသို့ လွှင့်ပစ်ကာ ...

"ဟဲ့ ... ဘော်ဘီ၊ သွား ... သွားကောက်၊ ဒီကိုယူလာခဲ့၊ သွားနော် ... ဒီမှာတွေ့လား၊ နင်ယူလာရင် ဒီအမဲရိုး ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



တေးက ခွေးစာထုပ်ထဲက အမဲရိုးကို နှိုက်ယူပြီးမှ ပြကာ ဆော်ဘီကို မက်လုံးပေးပြီး ခိုင်းနေခဲ့တာ ဖြစ်ပါသည်။

ထိုခဏမှာ တေးတို့ ခြံရှေ့မှာ ကားတစ်စီး ရပ်လာခဲ့သည်။ အို … ဒါ … ကိုခိုင်လုံရဲ့ ကားပါလား။ ရင်ထဲ ဒိန်းခနဲ ခုန်သွားတာမို့ တေးက ကိုယ့်ရင်ဘတ်ကို ကိုယ်ဖိထားလိုက်ရသည်။

တေး ကြည့်နေဆဲ သူက နှင်းဆီနီလေးတစ်ပွင့်ကို ကိုင်ဆောင်ကာ ကားပေါ်မှ လှမ်းဆင်းလာလေသည်။

သူ … သူ … ငါ့ဆီကို ရဲရဲဝံ့ဝံ့ လိုက်လာခဲ့ပြီ။ ပြီးတော့ နှင်းဆီနီလေး တစ်ပွင့်ဟာ အချစ်ကို ကိုယ်စားပြုတယ်လို့ တေး ကြားဖူးသည်။

သူဟာဖြင့် အင်မတန် Surprise လုပ်တတ်သူပါလား။ ဒီမှာဖြင့် ထူပူတုန်ယင်ကာ မြက်ခင်းပေါ်မှာ ဒူးကလေးတုပ်၍ ကုပ်ချိချိကလေး ထိုင်နေရသည်။

မဖြစ်သေးပါဘူး …။

သူ့ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုမှပါပဲ …။ နောက်မို့ဆို သူ ရှက်သွားဦးမည်။

တေးသည် မတ်တတ်ထရပ်ဖို့ ကြိုးစားသော်လည်း ဒူးတုန်နေတာမို့ ချက်ချင်းရပ်လို့မရချေ။





သူ့ကို လှမ်းကြည့်တော့ သူ့မျက်လုံးတွေဟာ တေးကို လှမ်းကြည့်နေသည်ဟု ထင်မိသည်။ သို့သော် ဘာကြောင့်မှန်းတော့ မသိ၊ သူ့ရဲ့ မျက်လုံးတွေက ရီဝေဝါးနေသလိုပင်။ မျက်စိသူငယ် အိမ် အနက်ကလေးဟာ တေးနဲ့တည့်တည့်မှာ စူးစိုက်တည်ရှိ မနေဘူးဟုပင် ထင်မိသည်။

တေးက မြက်ခင်းပေါ်မှာ ထိုင်နေတာမို့ တေးကို မမြင်တာပဲလား မသိပါ။ တေးက သူမြင်အောင် ထ,ရပ်ဆဲ … သူက တေးထံ လှမ်းလာနေပါသည်။ တေးက သူ့ကိုဝမ်းသာအားရ လက်လှမ်းပြလိုက်သည်။

တဖြည်းဖြည်းနှင့် သူ့ခြေလှမ်းတွေသည် တေးနဲ့ နီးကပ်သထက် နီးကပ်လာသည်။ တေးကလည်း သူ့ကို အားပါး တရပြုံးပြနေမိသည်။ အဲ့ဒီအခိုက်မှာ သူ့ရဲ့ မျက်လုံးတွေကို တေး ကြေကွဲစွာ မြင်ရလေသည်။

တကယ်တော့ သူကြည့်နေတာ တေးရဲ့ နောက်ဘက် ဆီကိုပါလား။ သူ့ခြေလှမ်းတွေ တေးကို လွန်မြောက်ကျော်ဖြတ် သွားတော့ ပြုံးမိနေသော တေးမျက်နှာဟာ တဖြည်းဖြည်း မဲ့ကျ လာသည်။



www.burmeseclassic.com

www.burmeseclassic.com



တေးက အသာအယာပင် နောက်သို့ လှည့်ကြည့်မိ၏။ မြစည်သူနဲ့ ကိုခိုင်လုံတို့ နှစ်ဦးသားဟာ မျက်နှာချင်းဆိုင် ရပ်နေကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးနေဆဲ။ ကိုခိုင်လုံက မြစည်သူကို နှင်းဆီပွင့်ကလေး ကမ်းပေးလိုက်ရာ သူမက လှမ်းယူမွှေးရှိုက်လိုက်သည်။

တေးသည် ဝမ်းလည်းနည်း၊ ရှက်လည်းရှက်မိကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသော မျက်နှာကို မလှမပ ဆံပင်ဖွာဖွာတွေကြားမှာ ဖွက်လိုက်သည်။

ဒီလိုဆိုရင် မြ တဖွဖွပြောနေတဲ့ သူဟာ ကိုခိုင်လုံပေါ့။ သူဟာ မြစည်သူအကြောင်းကို သိချင်လို့ တေးကို ချဉ်းကပ်ခဲ့တာပေါ့။ တေးထံကမြရဲ့ သင်တန်းတွေအကြောင်း သိရပြီးနောက်မှာ မြရဲ့ သင်တန်းတကာကို လိုက်လံမိုးပန်းခဲ့တယ်ပေါ့။

ကြည့်စမ်းပါဦး ... တေးအဖြစ်တာ ယောကျ်ား တစ်ယောက်ရဲ့ အသုံးချလိုက်ရတဲ့အဖြစ် ...

အိပ်မက်ထဲက ခမ်းနားလှပတဲ့ ဘဝသည် လျှင်မြန်စွာ ပျောက်ဆုံးသွားပါသည်။

ခုတော့ တေးဟာ ကံဆိုးမြဲ ကံဆိုးဆဲ ...။





တေးရဲ့ လက်ပြင်ကလေးဟာ ကုန်းသထက်ကုန်း ဝပ်သထက်ဝပ်ကာ နေရာမှာ ပြန်ထိုင်ချပြီး ဒူးနှစ်လုံးကို ဖက်ပိုက်ထားလိုက်သည်။ ပြီးတော့ မျက်နှာမှောက်အပ်ကာ ဆံပင်တွေဖြင့် ဆေးကိုယ် တေး ဖွက်ထားလိုက်သည်။

တေး သတင်းစာကောက်ခိုင်းထားသော ဘော်ဘီ ကတော့ တေး ရှေ့မှာ သတင်းစာကို ချကာ တေးကို ကြည့်ရင်း တဝုတ်ဝုတ်ဟောင်နေသည်။

သွားစမ်းပါဟယ် ...။

ငါ့ကိုဟောင်မယ့်အစား မြစည်သူကို သွားကိုက်ပါ တော့လား။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

အဲဒီနောက်မှာတော့ တေးရဲ့ မြစည်သူအပေါ် ထားမိသော အာဃာတနှင့် မနာလိုမှုသည် ကြီးထွားသထက် ကြီးထွားသာခဲ့ရတော့သည်။

'မြစည်သူသည် ကံကောင်းသော မိန်းမဖြစ်စေရ' ဟု အားက အခိုင်အမာ သံနှိဋ္ဌာန်ထားလိုက်သေးသည်။

လောကမှာ သူကတော့ အကောင်းဆုံးတွေကိုသာ သိမ်းကျုံးယူငင်သွားပြီး တေးမှာတော့ အဆိုးဆုံးတွေကိုသာ မလိုချင်ဘဲ လက်ခံနေရသော အဖြစ်ကို တေးက ပြောင်းပြန်ဆွဲလှန်ပစ်ထိုက်ချင်သည်။

တေးကို ကောက်ကျစ်သူလို့ပဲဆိုဆို တေးကတော့



www.burmeseclassic.com

www.burmeseclassic.com



မြစည်သူ ကံမကောင်းအောင် ကြဲဆောင်ဖို့ကိုသာ ကြိုးစားအားထုတ်နေခဲ့မိပါသည်။

တေး ဘာလုပ်သည်ထင်ပါသနည်း။

တေးသည် အသေအမွှားကိစ္စကလေးတွေမှ အစပြု၍ မြစည်သူကို ကိုခိုင်လုံ စိတ်ပျက်သွားအောင် ကြိုးစားအားထုတ်တော့သည်။

တစ်နေ့တော့ မြစည်သူက ပြုံးရွှင်သော မျက်နှာကလေးဖြင့် တေးကို အသိပေးသည်မှာ ...

"တေးရေ ... ဒီနေ့ သိပ်အရေးကြီးတယ် သိလား၊ ကိုလုံ သူ့မိဘတွေနဲ့ မြကို တွေ့ပေးမယ်တဲ့လေ၊ ဟိုတယ်မှာ Dinner စားဖို့ Reserve လုပ်ထားပြီးသားတဲ့၊ မြ ရင်သိပ်ခုန်တာပဲ၊ လူကြီးတွေ မျက်စိထဲလည်း အမြင်မရိုင်းအောင်၊ လှလည်းလှ၊ စမတ်တကျ အဆင့်မြင့်မြင့်လေး ဖြစ်အောင် ဘာဝတ်သွားရင် ကောင်းမလဲမသိဘူး၊ တေး ကူစဉ်းစားပေးပါဦးနော် ..."

တေးသည် ချက်ချင်းပင် အကွက်ဝင်သွားကာ အဝတ်အစားတွေ ရွေးချယ်ရင်း ...





"ဒီတွင်းဆက်ကလေး ဝတ်လေ ... မြရဲ့၊ သူက ရိုးလည်း မရိုးဘူး၊ မဟာလည်း ဆန်းတယ်၊ မိုးပြာရောင်ကလေးဆိုတော့ ယဉ်လည်းယဉ်တာပေါ့၊ သူ့အသားက AK သားတွေလို မဖျော့ဘူးလေ၊ ထူထူတောင့်တောင့်လေး၊ ချုပ်ထားပုံက ကုတ်အင်္ကျီပုံစံကလေး၊ လည်ပင်းအတိုလေးဆိုတော့ စမတ်တကျလည်း ဖြစ်နေတယ်"

"အင်းနော် ... တေး အကြံပေးတာ မဆိုးဘူး၊ အဲ့ဒါလေးပဲ ဝတ်လိုက်မယ်လေ ..."

"တေး မီးပူတိုက်လိုက်မယ်"

"အို ... မဟုတ်တာ တေးကလည်း အေးအေးတို့ကို တိုက်ခိုင်းမှာပေါ့"

"မဟုတ်ဘူး မြရဲ့၊ ဒီလိုအင်္ကျီပုံမျိုးလေးက မီးပူတိုက်တာ ဂရုစိုက်ရတယ်၊ ကုတ်အင်္ကျီတိုက်သလိုမျိုး တိုက်ရမှာ၊ လက်နှစ်ဖက်ကို အပြားလိုက်ကြီးချပြီး ဗမာအင်္ကျီတိုက်သလို တိုက်ရင် ပုံမကျပန်းမကျတွေ ဖြစ်ကုန်မှာ၊ တေး အတွက် အပန်းမကြီးပါဘူး၊ တိုက်ပေးပါမယ် ..."

"မလုပ်ပါနဲ့ ... မြဘာသာပဲ တိုက်လိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"မြကႈ ရေချိုးပြီးကာစကြီး၊ ခါတ်တွေအာဝေ့ လိုက်ဓေ ဦးမယ်၊ အလှပြင်ဖို့ကလည်း အချိန်ယူရဦးမှာ၊ လုပ်ပါ လုပ်ပါ ... မြကသာ အေးအေးဆေးဆေး အလှပြင်၊ မီးပူ တိုက်တဲ့ကိစ္စကို လှည့်မကြည့်နဲ့၊ အားလုံးအဆင်ပြေအောင် တေး လုပ်ပေးပါမယ်"

"တေးရယ် ... ကန်တော့နော် တေး၊ တေးက မြထက် တစ်လကြီးတာ၊ နောက်တစ်ခါ တေး အပြင်သွားစရာရှိရင် မြ တစ်လှည့်ပြန်တိုက်ပေးမယ်နော်"

"ရပါတယ် ... မြရယ် ... ပြောနေရမယ့်သူတွေမှ မဟုတ်တာ"

မြက အားနာလို့မဆုံး ရှိရချိန်တွင် တေးက မြဘက်ကို ကျောခိုင်းကာ မြရဲ့အင်္ကျီကလေးကို မီးပူတိုက်နေခဲ့ပြီ ဖြစ်သည်။ အောက်ခံအင်္ကျီ လက်ပြတ်ကလေးကိုတော့ တေးက အသေအချာဝင် တိုက်ပေးပါသည်။ အပေါ်က ထပ်ဝတ်သည့်အင်္ကျီ ကျမှ ကျောဘက်တည့်တည့်မှာ ပူကျွမ်းပြီး မွန်းရိသွားအောင် အားကုန် ဖိတိုက်လိုက်တော့သည်။ တေးသည် ဘယ်လိုမှ မလှပနိုင် တော့ပြီဖြစ်သော အင်္ကျီကို စိုက်ကြည့်ကာ ကျေနပ်သွားလေသည်





အင်္ကျီရဲ့ ချည်စမျှင်ကလေးများသည် မီးပူမှာကပ်ပါလာပြီး ညော်နံ့ ရလာတာမို့ တေးက မီးပူကို ပလပ်ဖြုတ်ပြီး ထောင့်တွေကြားမှာ ထိုးဖွက်ထားလိုက်သည်။ ပြီးတော့မှ မြအနားသို့ ထ,သွားကာ မြအလှပြင်နေတာကို သွားထိုင်ကြည့်နေမိပါသည်။

မြက ကျွမ်းကျင်စွာ အလှပြင်နေခဲ့သည်။ မြရဲ့ လက်ချောင်းရှည်သွယ်သွယ်တွေဟာ အဖုအပိန့်မရှိ ဖြူစင်ဝင်းမွတ် နေသော မျက်နှာပြင်ပေါ်မှာ ညင်သာစွာ လှုပ်ရှားနေသည်။ မြ လှတာ မဆန်းပါဘူး၊ ပြင်ဆင်တတ်တာကိုးဟု တေးက မလိုတမာ တွေးရင်း နှုတ်ခမ်းကို မသိမသာမဲ့လိုက်သည်။ မြကတော့ တေး မဲ့တာကို မမြင်ဘဲ မျက်ခုံးကလေးပင့်ချိကာ ...

"ဘာဖြစ်လို့ ဒီလောက်ကြည့်နေတာတုန်း တေးရဲ့"

"လှလို့ကြည့်တာပါ ... သိပ်လှနေလို့ ..."

တေးက ငေါ်တော့တော့ လေသံမပေါက်အောင် ထိန်းပြီး ဖြေရသည်။ မြက လှပစွာပြုံးကာ ...

"တေးလည်း လှပါတယ်"

"အံမယ် ... မလှပါဘူး"

"လှပါတယ် တေးရဲ့၊ တေးက မပြင်တတ်လို့သာပါ"



www.burmeseclassic.com

www.burmeseclassic.com



တေးကတော့ ဒါဟာ တေးကို မြှောက်ပင့်တာလို့ခဲ ထင်ပါသည်။ တေးသည် ပြင်ရင်း ပြင်ရင်း တဖြည်းဖြည်း ပိုပို၍ လှလာသော မြကို ဘယ်လို မကောင်းကြံရင်ကောင်းမလဲဟု ဉာဏ်နီဉာဏ်နက်တွေ ထုတ်နေဆဲ မြက အလှပြင်လို့ ပြီးသွားကာ မှန်တင်ခုံရှေ့မှ ထ,လိုက်သည်။

တေးက မြရဲ့ အဝတ်အစားတွေကို ပျာပျာသလဲ သွားယူလာကာ...

"မြ ဝတ်လို့အဆင်ပြေအောင် တေး ကူပေးမယ်"

ဟု ပြောလိုက်ပြီး အပေါ်ကထပ်ဝတ်သည့် အင်္ကျီလေးကို အသာဖယ်ထားကာ လက်ပြတ်အင်္ကျီနှင့် စကတ်ကို အရင်ထုတ်ပေးလိုက်သည်။ မြ ဝတ်သည့်အခါ တေးက အင်္ကျီ အနားစကလေးကို ဆွဲဆန့်ပေးတာမျိုး၊ စကတ်ကိုတည့်အောင် လှည့်ပေးတာမျိုးတွေ ပျာနေအောင် လုပ်ပေးလိုက်သည်။

မြက သူ့ခန္ဓာကိုယ်ကို မှန်ရှေ့မှာ လှည့်ပတ်ကြည့်လိုက်ပြီး ...

"တေးရေ ... အပေါ်အင်္ကျီပေးပါဦး ..."

"အို ... နေပါဦး မြရဲ့၊ အပြင်ထွက်ခါနီးမှဝတ်ပါ၊ ဒီအတိုင်း





လေးက သိပ်ကြည့်ကောင်းတာပဲ၊ မြကိုယ်လုံးလှတာလေးလည်း ပေါ်တယ်၊ တေးဖြင့် ကြည့်လို့ကို မဝဘူး ..."

"လှပေမယ့် ကိုလုံ့ မိဘတွေနဲ့ တွေ့ရမှာဆိုတော့ ဒီလို အင်္ကျီ တိုပြတ်ပြတ်ကလေးနဲ့ဆို ရိုင်းသလိုဖြစ်သွားမှာပေါ့၊ ပြီးတော့ မြကလည်း ဒီလို တိုတာ ကျပ်တာမျိုး မဝတ်ရဲပါဘူး"

"အင်းပါ ... တေး သိပါတယ်၊ အပြင်ထွက်ခါနီးတော့ ထပ်ဝတ်သွားပေါ့၊ ဪ ... ဒီမှာ မြ လက်ဝတ်ရတနာတွေ ဝတ်ဦးလေ၊ လည်ပင်းလေး ရှင်းနေတော့ ဒီဆွဲကြိုးကလေးနဲ့ဆို အရမ်းလှမှာပဲ"

"သိပ်အများကြီး မဝတ်ချင်ပါဘူး တေးရယ်၊ ဟို ဝုလဲသီးကလေးနဲ့ ပလက်တီနမ် ကြိုးမျှင်မျှင်ကလေးပဲ ဝတ်မယ်"

"လာ ... တေး ဝတ်ပေးမယ်"

တေးက မြ လည်ပင်းမှာ ဆွဲကြိုးလေး ဆွဲပေးလိုက်သည်။ ပြီးတာ့ မြ မှန်ကြည့်နေတုန်းမှာ နှုတ်ခမ်းနီတစ်ဘူးကို ဖွက်ယူထားလိုက်လေသည်။

"ကဲ ... ပြီးပြီ၊ မြ သွားတော့မယ် တေး ..."



www.burmeseclassic.com

www.burmeseclassic.com



"လာ ... လာ ... ဒါဆို ဒီအင်္ကျီလေး ထပ်ဝတ်တော့ ..."

တေးသည် အင်္ကျီကို သတိကြီးစွာကိုင်ကာ မြကို ကိုယ်တိုင်ကိုယ်ကျ ထပ်ဝတ်ပေးလိုက်သည်။ မြ နောက်ကျောဘက် လှည့်ကာ မှန်ကြည့်ပါစေနဲ့။ တေးက ရင်တထိတ်ထိတ် ရှိရဆဲ မြကလည်း မှန်ရှေ့မှာရပ်၍ တစ်ချက်ကြည့်ကာ ...

"သွားမှပဲ တေးရေ ... သူတို့ ကြိုရောက်နေရင် အားနာစရာကြီး ဖြစ်နေမယ်"

ဟု ပြောကာ အခန်းထဲမှ ခပ်မြန်မြန် ထွက်လေသည်။ တေးသည် ခုမှပဲ သက်ပြင်းချနိုင်ကာ မြရဲ့ နောက်ကျောကို အကာအကွယ်ပြုရင်း အိမ်ရှေ့သို့ လိုက်ထွက်လာသည်။ ကံကောင်းထောက်မစွာပင် တေး မေမေရော မြ ဖေဖေပါ အိမ်မှာရှိမနေချေ။ အိမ်ကကောင်မလေးတွေကလည်း မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်လျက် ရှိသည်။ မြက ကိုယ်တိုင်ကားမောင်းသွားမည်သူမို့ ဒရိုင်ဘာ မြင်သွားမှာကိုလည်း မပူရချေ။

တေးသည် မြ အင်္ကျီကျောဘက်က အပေါက်ကြီးကို ကြည့်ကာ ရင်ထဲမှာ တဟီဟီဖြင့် ကျေနပ်လျက်ရှိ၏။ အိမ်တံခါး၀ အရောက်မှာတော့ တေးက ဖွက်ယူလာသော နှင်းဆီခိုင်ဘူးကို ဖွင့်ကာ အသင့်ရှိနေသော တစ်ရှူးစမှာ သုတ်လိုက်ပြီး ...





"မြရေ ... ခဏလေး ... ခဏလေး ... မိတ်ကပ်က အမှုန်ကလေးတွေ ကပ်နေတာတွေ့လို့ တေး သုတ်ပေးလိုက်မယ်"

တေးက မြရဲ့ လည်ကုပ်စပ် နားသယ်စပ်တွေကို နှင်းဆီခိုင်သုတ်ထားသော တစ်ရှူးဖြင့် ဖိသုတ်လိုက်ရာ မြရဲ့ လည်ကုပ်တစ်ဝိုက်မှာ မြင်မကောင်းအောင် ရဲရဲတွတ်သွားတော့သည်။

ဟေဟေ့ ... ဘယ်လောက် ကသီးကရွဲနိုင်လှတဲ့ ချွေးမကလေးလဲလို့ ...။ ယောက္ခမလောင်းကြီးတွေက မြ ဖြစ်လာပုံကို တွေ့ရင် ဘယ်လောက်တောင်များ အထင်သေးသွားမလဲ ဆိုတာ တွေးကြည့်ရုံနဲ့တောင် အရသာရှိလှပါသည်။ ကိုခိုင်လုံက ရော ဘာသားနဲ့ ထုထားတာမို့လို့ ဒီလို မိန်းမမျိုးကို စိတ်မပျက်ဘဲ နေမှာလဲ ...။

တေးသည် အဖြစ်ဆိုးရတော့မည့် မြကို တစိမ့်စိမ့် ကြည့်ရင်း မချိုမချဥ်ပြုံးမိနေရသည်။ တစ်ပြိုင်နက်တည်းမှာပဲ ကိုခိုင်လုံတို့ မိသားစုရှေ့မှာ ကမောက်ကမ အရှက်ရသွားမည့် မြစည်သူရဲ့ အဖြစ်ကို မျက်ဝါးထင်ထင် မြင်ချင်စိတ် တွေ့ချင်စိတ် ပေါ်လာရကာ ...

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"မြ … ဟိုလေ … တေး လိုက်လို့မဖြစ်ဘူးလား …"

"တေးက လိုက်ချင်လို့လား"

"အင်း … တေးက … တေးက မြတို့နဲ့အတူတော့ မထိုင်ပါဘူး၊ ခပ်ဝေးဝေးစားပွဲမှာပဲ ၊ စားစရာတွေ မှာစားမှာ၊ တေးက စားချင်လို့ … မြနဲ့ လမ်းကြုံလိုက်တာ"

"လိုက်ပါ တေးရဲ့၊ ရပါတယ် … အဝတ်အစား သွားလဲလေ၊ မြ စောင့်နေမယ်"

"ဟင့်အင်း … မလဲတော့ပါဘူး၊ ဒီအတိုင်းပဲလိုက်မယ်"

တေးက မြနံဘေးမှာ ဝင်ထိုင်လိုက်သည်။ မြ ကား မောင်းထွက်လာတော့မှ တေးက ပြောရသည်မှာ …

"မြ … တေး ပါလာတာကို ကိုခိုင်လုံတို့ကို မပြောနဲ့နော်"

"ဘာဖြစ်လို့လဲ … တေးရဲ့"

"တေးက ဒီလိုအိမ်နေရင်းပုံနဲ့ လိုက်လာတာ ဘယ်အသိနဲ့မှ မတွေ့ချင်ပါဘူး၊ တေးက စားရုံသက်သက်ပဲ၊ ဒီညနေ အိမ်မှာချက်တဲ့ ဟင်းတွေလည်း တေး မကြိုက်ဘူး၊ အဲဒါ ကြောင့်သာ တေး လိုက်လာတာ၊ တေး စားပြီးရင်လည်း ပြန်နှင့်လိုက်မယ်"





"ဟင် … မြကို မစောင့်တော့ဘူးလား"

"မစောင့်တော့ဘူး၊ မြတို့က စကားပြောကြမှာနဲ့ ဘာနဲ့ ကြာဦးမှာ၊ တေးဘာသာ တက္ကစီငှားပြန်လိုက်မယ်"

"အေးလေ … တေး သဘောပါပဲ"

တေးသည် တေးရဲ့အကြံအစည်တွေကို အကွက်ချ ပုံဖော်ရင်း မြရဲ့နံဘေးမှာ လိုက်ပါလာပါသည်။

ဟိုတယ်ရောက်တော့ တေးက နောက်ချန်နေခဲ့ပြီးမှ မြတို့ စားပွဲကို လှမ်းမြင်နိုင်သော ချောင်ကျကျစားပွဲမှာ သွားထိုင် နေလိုက်သည်။

တေးသည် မြရဲ့အဖြစ်ကို စိမ်ပြေနပြေ ထိုင်ကြည့် လိုလှပါသည်။ ပြီးတော့ သူတို့စားပွဲဆီက စကားပြောသံတွေကို တေး ထိုင်နေသော နေရာမှ ကြားနိုင်သေးသည်။ ထောင့်ချိုး ချောင်ကျကျနေရာမှာမို့ တေးကိုတော့ သူတို့မမြင်နိုင်ချေ။

"ဖေဖေ … မေမေ … ဒါ … မြစည်သူပါ ခင်ဗျာ"

"အေးကွယ် … တွေ့ရတာ ဝမ်းသာပါတယ်၊ သမီးကို ကြည့်ရတာ သိပ်ကျက်သရေရှိတာပဲကွယ် …"

တေးက နှုတ်ခမ်းကိုမဲ့လိုက်မိသည်။ ဒါ မြစည်သူကို သေသေချာချာ မကြည့်မိသေးလို့ ပြောတာပါ။



www.burmeseclassic.com

www.burmeseclassic.com



တေးက ပန်းအိုးလေးကိုကွယ်ကာ အသာလေး ချောင်းကြည့်နေသည်။ တေး လည်ပင်းနားက နှုတ်ခမ်းနီတွေကို စ,တင်တွေ့ရှိသွားသူက မြစည်သူရဲ့ယောက္ခမ မိန်းမသူကြီး ဖြစ်ပါသည်။ သူမကြီးက တွေ့စမှာ မျက်ခုံးတစ်ချက်ပင့်သွားပြီးမှ တစ်ရှူးစက်လေးကို လှမ်းယူကာ ...

"သမီး ... လာ ... လာ ... ဒီနားနည်းနည်းတိုး ..."

ဟုဆိုကာ မြစည်သူ လည်ပင်းတစ်ဝိုက်က နှုတ်ခမ်းနီတွေကို ပြောင်စင်အောင် သုတ်ပေးလိုက်သည်မှာ အပြုံးတောင် မပျက်ချေ။ ပြီးတော့ ဟန်မပျက်ပင် စကားဆက်ပြောနေသည်။

အဲဒီနောက် ကျောဘက်မှ အကျီပြဲကို မြင်သွားသူက ကိုခိုင်လုံ ဖြစ်သည်။

ကိုခိုင်လုံက မြကို ကြင်နာငဲ့ညှာသော မျက်ဝန်းတွေဖြင့် ကြည့်ကာ သူ့ကုတ်အကျီကို ချွတ်လိုက်သည်။

"မြရေ ... မြတို့အိမ်က အိမ်ဖော်ကောင်မလေးတွေကို သေသေချာချာ သတိပေးဆုံးမဖို့တော့ လိုပြီထင်တယ်"

ဟုပြောရင်း မြရဲ့ ကျောဘက်ကို အကျီဖြင့် ခြုံလွှမ်း ပေးလိုက်လေသည်။





တေးသည် 'အိမ်ဖော်ကောင်မလေး' ဟူသော စကား အတွက် ရင်ထဲက အောင့်လုပါသည်။

တေး ဘာပဲလုပ်လုပ် မအောင်မြင်ပါလား။ မြဟာ ခုထိ ကံကောင်းနေဆဲ။ သဘောထားကြီးပုံရသော ယောက္ခမ လောင်းတွေသည် အပြုံးမပျက်။ ကိုခိုင်လုံကလည်း မြရဲ့အဖြစ်ကို ကြင်နာသနားဟန်ဖြင့် မိုလို့တောင် ဂရုတစိုက်နေခဲ့သေးသည်။ တေး လုပ်သမျှဟာ မြအတွက် ကောင်းဖို့သာပဲ ဖြစ်နေရသည်။

တေးသည် ဒေါသဖြင့် ဆို့နင့် နာကျင်နေသော မျက်နှာကို ငုံ့သထက်ငုံ့ကာ ဆံပင်ပွတွေထဲ ဖွက်ထားလိုက်မိသည်။ မြတို့စားပွဲဆီက ရယ်သံတွေကြားရသည်။ မြက ချစ်စဖွယ်စကား ဆိုလျက်ရှိသည်။ ယောက္ခမလောင်းလျာတွေကလည်း မြကို သဘော ကျသော မျက်ဝန်းများဖြင့် ကြည့်လျက်ရှိသည်။

အို ... သူတို့တွေ မြစည်သူရှေ့မှာတော့ ဒီလိုပဲ ပြုံးရယ်နေကြမှာပေါ့၊ ကွယ်ရာကျမှသာ ဒီလိုတွေ့ဆုံပွဲမျိုးကို ဒီအဖြစ်မျိုးနှင့် ရောက်ရှိလာသော မြကို အထင်တသေးဖြစ်ကာ 'ဒီလိုမိန်းမမျိုးတော့ မယူပါနဲ့ သားရယ်' ဟု ပြောကြမှာပါ။

တေးသည် ကိုယ့်ကိုကိုယ် အားပေးကာ ထိုင်ရာမှ



www.burmeseclassic.com

www.burmeseclassic.com



ထ,လိုက်သည်။ ပြီးတော့ ဟိုတယ်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

တေး စိတ်သည် မနာလိုမဇ္ဈရစိတ်ဖြင့် ပြည့်သီးမွန်းကြပ်နေသည်။ အမြဲ ကံမကောင်းခဲ့သော တေးကိုယ်တေးလည်း ဒေါသဖြစ်ရသည်။

အိမ်ပြန်ရောက်တော့ 'တေးက မှန်ရှေ့မှာရပ်ကာ ကိုယ့်ရုပ်ကို ကိုယ် အသေအချာကြည့်မိပါသည်။

မှန်ထဲက ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိသော ကုပ်ချောင်းချောင်း မိန်းမတစ်ယောက်သည် ဒေါသဖြင့် ခက်ထန်သော မျက်ဝန်းများဖြင့် တေးကို စိုက်ကြည့်နေခဲ့သည်။

ဘာမှမတတ်နိုင်တော့ပြီဖြစ်သော တေးသည် အိပ်ရာပေါ် ပစ်လှဲချကာ ကိုယ့်ကံကြမ္မာ ကိုယ် နာကြည်းလျက်ရှိပါသည်။

❀ ❀ ❀



❀ ❀ ❀

အကျီကျောပေါက်ပေါ်မှာ ချစ်သူရဲ့ ကုတ်အကျီကို နွေးထွေးစွာ ဝတ်ဆင်ခဲ့သော မြစည်သူရဲ့ မျက်နှာကလေးသည် ခုပင် ရယ်မောတော့မည့် ပုံမျိုးဖြင့် ရွှင်လန်းနေခဲ့ကာ အိမ်ပြန်ရောက်ရောက်ချင်း တေးကို ပြောသည်မှာ ...

"တကယ် ရယ်ရတယ် တေးရယ် ... သိလား၊ တေး မီးပူတိုက်ပေးလိုက်တဲ့ အကျီဟာလေ ဘယ်လိုကနေ ဘယ်လိုဖြစ်ပြီး ပေါက်သွားတယ်မသိဘူး၊ ကေနဲ့တော့ ဗီရိုထဲမှာ သိမ်းထားတာကို ပိုးဟပ်တွေဘာတွေ ကိုက်ထားလို့ အစကတည်းက ပွန်းရိနေတယ်ထင်ပါရဲ့၊ မြမှာ ယောက္ခမလောင်းတွေနဲ့ ပတမဦးဆုံးတွေ့တဲ့နေ့က အကျီကျောပေါက်ကြီးနဲ့လေ ... မရယ်ရဘူးလား ... ကဲ ...



www.burmeseclassic.com

www.burmeseclassic.com



"မြကလည်း ကိုယ့်အဖြစ်ကို ကိုယ်မသိပါဘူး ကိုလုံက ဗျာပျာသလဲ အကျီခြုံပေးတော့မှ ဘာဖြစ်သလဲ မေးရတာ၊ နောက်တော့ မြတို့အားလုံး ပွင့်ပွင့်လင်းလင်း ပြောပြီး ရယ်မိကြတာပဲ၊ ကိုလုံ့မေမေက မြ လည်ပင်းက နှုတ်ခမ်းနီတွေကို သုတ်ပေးလိုက်ရသေးတာတဲ့၊ နှုတ်ခမ်းနီ ပေတဲ့ တစ်ရှူးနဲ့ တေး မှားသုတ်လိုက်မိတာထင်တယ် ...

"သူတို့က ပြောကြသေးတယ်၊ မြစည်သူဟာ အင်မတန် သပ်ရပ်စမတ်ကျတယ်လို့ သူတို့ကြားဖူးထားတာ ခု ဒီလိုဖြစ်ရတယ်ဆိုတာ သိပ်စိတ်လှုပ်ရှားလို့သာ အမှားမှား အယွင်းယွင်းတွေ ဖြစ်လာတာဆိုတာ အန်တီတို့ သဘော ပေါက်ပါတယ် သမီးရယ်တဲ့၊ ဘာမှရှက်စရာ အားနာစရာ မလိုပါဘူးတဲ့၊ အန်တီတို့က သမီး ဒီလိုဖြစ်လာရတာကို သနားနေတာပါတဲ့ ...

"မြ ဒီလို အမှတ်တကဲ့သွားတာ တေး ကျေးဇူး သိလား၊ မြတို့တွေ ဒီအဖြစ်ကြောင့် ရယ်မောဖြစ်ကြရင်း အရမ်းရင်းနှီးသွားကြတာလေ ..."

ပျော်နေသော မြရဲ့မျက်နှာ၊ မြရဲ့အသံ ... အားလုံး





အားလုံးသော အရာများသည် တေးရဲ့ အသည်းနှလုံးကို နုပ်နုပ် စဉ်းလျက်ရှိလေသည်။

တေး ဘယ်လိုကြိုရပါ့မလဲ ...။

တေးသည်လက်လျှော့မှိုင်တွေချကာနေသည်။နောက် တစ်နေ့မနက်ကျတော့ တေး တိတ်တခိုး မျှော်လင့်ခဲ့ရဖူးသော ... ရှုးသွပ်ခဲ့ရဖူးသော ... တေးကို အသုံးချတံတားခင်းကာ မြစည်သူထံ သွားဖို့ နင်းဖြတ်သွားခဲ့သော ကိုခိုင်လုံက မြထံရောက်လာကာ ...

"မနေ့ကကွာ ကိုယ့်ဖြင့် အကျီကျောပေါက်ကြီးကိုလည်း မြင်ရော ရင်ဘတ်စည့်တည့်ကို မိုးကြိုးပစ်ခံလိုက်ရသလား အောက်မေ့တယ်၊ မြကို အကျီခြုံပေးပြီးတော့မှ မြဖြစ်လာပုံ ကို သနားလည်း သနား ရယ်လည်းရယ်ချင် ဖြစ်လာရတာ၊ အိမ်မှာတော့ မေမေတို့က အဲဒီအကြောင်းပြောပြီး ရယ်နေကြ တာပဲ၊ ဟဲ ဟဲ ... ပြီးတော့ မြကိုလည်း သဘောကျပါသတဲ့ ခင်ဗျာ ..."


မြအတွက်တော့ အရာအားလုံးဟာ မင်္ဂလာရှိပေစွ။ တေး ဖန်တီးလိုက်သောအဖြစ်ကို ပြန်ပြောကာ ရယ်မောနေသော ရယ်သံတွေသည် တေးကို တစ္ဆေလိုခြောက်လှန့်၍ နေခဲ့လေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အေသင်

(သို့မဟုတ်)

လှမကြည့်ချင်သော ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

အချစ်ဆိုတာ ဘယ်ကစသနည်း ...။

အဲဒီမေးခွန်းမျိုးကို ဘယ်သူကမှလည်း သူ့ကို လာမမေးစဖူး။ ဘယ်သူ့ကိုမှလည်း သူက မမေးခဲ့ဖူးချေ။ အေသင်ဆိုတာ အချစ်အကြောင်း သိလည်းမသိ၊ စိတ်လည်းမဝင်စားသော ယောကျ်ားတစ်ယောက်သာ ဖြစ်ပါသည်။

သူ အကြမ်းဖျင်း နားလည်ထားတာကတော့ ယောကျ်ားဆိုတာ မိန်းမလှလှမြင်ရင် သဘောကျမှာပဲ၊ ပိုးပန်းမှာပဲ၊ လိုချင်မှာပဲ။ အဲဒါဟာ ယောကျ်ားသဘာဝစစ်စစ် ဖြစ်သည်။ အချစ်ဆိုတာ အလှနဲ့တော်တော်နီးစပ်သည်ဟု သူထင်၏။ အချစ်ဆိုတာ လှပခြင်းတွေဘက်ကိုသာ ယိမ်းယိုင်လေ့ရှိ၏။ လှသော



www.burmeseclassic.com

www.burmeseclassic.com



အရာကို လူတိုင်းက ချစ်မက်ကြမည်ဟု သူ နားလည်ထားခဲ့ပါသည်။

သူကိုယ်တိုင်လည်း လှတပတ မိန်းမတွေ တွေ့ရင် သမင်လည်ပြန် ငေးကြည့်မိမြဲ။ တစ်ခါတစ်ခါများဆို ပျင်းပျင်းရှိတာနဲ့ မိန်းကလေးတွေ ဈေးသွား၊ ကျူရှင်သွား၊ ရုံးသွား အဖြတ်များသည့် လမ်းထိပ် လက်ဖက်ရည်ဆိုင်ထဲ သွားထိုင်ကာ မျက်စိစားပွဲထိုင်မိတာကိုလည်း မရှက်မကြောက်ဝန်ခံပါမည်။

မလှမပ မိန်းမများကိုဆို သူက အချိန်ကုန်ခံ၍ နှစ်ခါမကြည့်တတ်၊ ကြုံကြိုက်လို့ တစ်ခါလောက် ကြည့်လိုက်မိရင်တောင် အမြန် မျက်နှာလွှဲမိတတ်ပါသည်။ စက္ခုပသာဒလေးမှ မဖြစ်စေသော မိန်းမများကို ဘာကြောင့်များ အချိန်ကုန်ခံကြည့်နေရဦးမည်နည်း။ လှသော မိန်းမများကိုတွေ့လျှင် သူ စိတ်နှလုံးရွှင်လန်းလာတတ်ပြီး ရုပ်ဆိုးသော မိန်းမများကိုတွေ့လျှင်တော့ သူ့စိတ်ထဲ ထိုင်းထိုင်းမှိုင်းမှိုင်းနှင့် တယ်ပြီး မရွှင်လှချေ။ ဒါကြောင့်ပင် သူက ရုပ်ဆိုးသော မိန်းမများကို အတတ်နိုင်ဆုံး မျက်နှာလွှဲကာ နေမိတတ်ပါသည်။

သူ့အိမ်မှာ မွေးထားသည့် ကြောင်တွေထဲမှာပင်





ပိန်ရှုံ့ရှုံ့ မည်းညစ်ညစ် ကြောင်ဆို သူမချစ်၊ လက်ဖျားနဲ့တောင် မထိဘဲ ငေးငေးကရှောင်၏။ ဝတုတ်တုတ် ဖြူလွလွ ကြောင်ကလေးကိုဆို သူက မကြာခဏ ပွေ့ချီပွတ်သပ်ပေးမိတတ်ပါသည်။ (ဒါကြောင့် … 'အချစ်ဆိုတာ အလှကနေ မြစ်ဖျားခံလာတတ်တဲ့အရာ' ဟု သူ့အတွေ့အကြုံအရ လက်ခံထားလိုက်ပါသည်။)

တကယ်တော့ သူက အဖေတူသားဖြစ်သည်။ သူ့အဖေနဲ့ သူဟာ ယောကျ်ားဆိုတဲ့ အမျိုးအစားချင်း အတူတူပဲမို့ သဘာဝချင်း တူလေသလားမသိပါ။ သူ့အဖေကတော့ အိမ်ကကြောင်လှလှလေးတွေထက် သူ့ရုံးက မိန်းမလှလှလေးတွေကိုမှ ပိုပြီးချစ်တတ်ပါသည်။ အေသင် ကြောင်လှလှကို ချစ်တတ်တာက အန္တရာယ်မရှိ၊ လက်ဖက်ရည်ဆိုင်မှာ မျက်စိစားပွဲထိုင်သည်က အန္တရာယ်မရှိ။ ဒက်ဒီ ကောင်မလေး လှလှတွေကို ချစ်တတ်တာက တော်တော်အန္တရာယ်ကြီးပါသည်။

ဘာပဲဖြစ်ဖြစ် သူကတော့ သူ့အတွေ့အကြုံတွေအရ 'အချစ်ဆိုတာ အလှကနေ မြစ်ဖျားခံလာတဲ့အရာ' ဟု ယုံကြည်ပါသည်။ လက်ခံထားခဲ့ပါသည်။

တစ်နေ့တော့ အေသင်သည် သူ့စိတ်ကို ထိုင်းမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



စေသည့် နှစ်ခါပြန်မကြည့်လောက်စရာ မလှမပ မိန်းမတစ်ယောက်ကို စ,တွေ့လေသည်။

အဲဒီ မိန်းမဟာ မလှရတဲ့ကြားထဲ ထူးဆန်းကာ ရယ်စရာကောင်းနေသေးသည်။

မလှတဲ့ မိန်းမမို့ အသေအချာ မကြည့်ချင်သော်လည်း သူမ လုပ်ရပ်က ထူးဆန်းလွန်းတာမို့ သူ စိတ်ဝင်တစား လိုက်ကြည့်ခဲ့မိတာ ဖြစ်သည်။

အဲ့ဒီအချိန်က သူ့မှာ ပိုက်ဆံအလွန်ပြတ်လပ်နေခဲ့တာမို့ ထမင်းမစားနိုင်ဘဲ ငှက်ပျောသီး ငါးလုံးဝယ်ကာ ဗိုက်ဆာခာဖြင့် စားနေရသော အချိန်ဖြစ်သည်။

သူက လက်ကျန်ငှက်ပျောသီးတစ်လုံးကို ဂျင်းဂျာကင်အင်္ကျီအိတ်ထဲထည့်ကာ ခြေဦးတည့်ရာ လျှောက်လာခဲ့ရင်း မီးရောင်စုံလင်းလက်နေသည့် ခြံဝန်းတစ်ခုနားသို့ ရောက်ရှိလာခဲ့လေသည်။

သူက ပျင်းပျင်းရှိတာနဲ့ စုံစမ်းစပ်စုလိုတာမို့ လူတချို့နှင့် ရောနှောကာ ကားတချို့နှင့်ကွယ်လျက် ခြံထဲသို့ လိုက်ဝင်လာခဲ့သည်။ ခြံထဲရောက်တော့မှ မှောင်ရိပ်ကျကျဆီမှ သစ်ပင်တစ်ပင်ကို မှီရပ်ရင်း မီးရောင်အောက်က လူတွေကို ရပ်ကြည့်နေလိုက်သည်။





အားပါး ... လှမှလှ ...။ လှလှပပ မိန်းကလေးတွေ သူ့မြင်ကွင်းရှေ့ကနေ တစ်ယောက်ပြီးတစ်ယောက် ဖြတ်လျှောက်သွားကြတာမို့ သူ့စိတ်တွေ ရွှင်လန်းလာသလိုလို ရှိ၏။ ပြင်ဆင်ထားလိုက်ကြတာကလည်း ခေါင်းဖျားခြေဆုံး အကြားအလပ်မရှိစေရ။ ဆံပင်လေးတွေ ဖြောင့်စင်းနေတာ၊ မျက်တောင်လေးတွေ ကော့ရွှန်းနေတာ၊ နှုတ်ခမ်းလေးတွေ ငုံဖူးနေတာ၊ အားလုံးဟာ ကြည့်ချင်စရာချည်းသာ။ အဲဒီလို ကြည့်ချင်စရာဖြစ်အောင်လည်း သူတို့ အချိန်တွေအကုန်ခံ၊ ငွေတွေအကုန်ခံပြီး ပြုပြင်လာကြရရှာတာ ဘယ်လောက်ကရုဏာသက်ချင်စရာ ကောင်းသလဲ။ ဒါ့ကြောင့်သာ သူက သူမတို့တစ်တွေ ပြင်ဆင်လာရကျိုးနပ်အောင် ကရုဏာတသက်သက်နှင့် ကြည့်ရလေသည်။

သူ အဲဒီလိုကြည့်နေဆဲမှာပင် ဆွမ်းဆန်ထဲ ကြွက်ချေးရောသလို မိန်းမတစ်ယောက်ကို တွေ့လိုက်ရလေသည်။ လှလှပပ မိန်းကလေးတွေကြားထဲမှာ သူမတစ်ယောက်တည်း ကြွက်ချေးတုံးကလေးလို ခွဲထွက်နေသည်။ သူမရဲ့ ဆံပင်တွေသည် အဖျားတွေလည်း မညီမညာဖြစ်လျက် မွပွနေခဲ့ပါသည်။ တချို့ မိန်းမတွေလို တမင်လှအောင် Beauty salon မှာ သွားပြင်ထားတာမျိုးမဟုတ်ချေ။

www.burmeseclassic.com



သူမရဲ့ ကိုယ်ဟန်က မတ်မတ်ကြော့ကြော့ မရှိဘဲ လက်ဖြင့်ကလေးကုန်းကာ ကုပ်ချောင်းချောင်းဖြစ်နေရတဲ့အထဲ လမ်းသွားပုံကလည်း တောက်ဆတ်ဆတ်နှင့်မို့ မိန်းမသားတွေရဲ့ အလှတရားကို သူမထံမှာ ရှာမတွေ့ခဲ့ချေ။ သူများတကာ မိန်းမတွေလို လက်ကိုင်အိတ် လှလှပပ ကိုင်မထားဘဲ သူမခန္ဓာကိုယ်ထက်ကြီးသော သားရေအိတ် ပျော့တွဲတွဲကြီးကို လွယ်ထားသေးသည်။ ကြည့်ရတာ အရှုးလွယ်အိတ်ကြီးနဲ့တောင် တူနေသေးသည်။ နည်းနည်းမှ ကြည့်ချင်စရာမရှိပါဘူး။

အောင်သင်သည် အာရုံနောက်သွားကာ သူမထံမှ မျက်နှာလွှဲလိုက်ပြီး တခြားတစ်ဖက်သို့ လျှောက်ကြည့်နေလိုက်သည်။ သူ့မြင်ကွင်းထဲသို့ ထင်ထင်ရှားရှားဝင်လာသည်မှာ စားချင်စဖွယ် ပြင်ဆင်ထားသော စားသောက်ဖွယ်ရာများ ဖြစ်သည်။ ခုန ရုပ်ဆိုးမကလေးကို ကြည့်ကာ မသိမသာ နှုတ်ခမ်းမဲ့လိုက်မိသော အောင်သင်သည် ခုတော့ နှာခေါင်းကို ရှုံ့မှုရှုံ့မှုလုပ်ကာ စားသောက်ဖွယ်ရာများဆီမှ ပျံ့လွင့်လာသော အနံ့တွေကို ခိုး၍ ရှူလိုက်မိလေသည်။ ထိုခဏမှာ သူ့ဗိုက်ကလည်း ဆာသလိုလို ရှိလာတာနှင့် အိတ်ထဲက လက်ကျန် ငှက်ပျောသီးတစ်လုံးကို နှိုက်ကာ အခွံခွာစားလိုက်ရပါသည်။

---





သူ ငှက်ပျောသီးကို တစ်ကိုက် ကိုက်မိချိန်မှာပဲ ရုပ်ဆိုးမကလေးက သူ့မြင်ကွင်းရှေ့သို့ ရောက်လာပြန်လေသည်။ သူမပုံစံက တစ်ခုခု မကောင်းကြံစည်တော့မည့် ရုပ်မျိုး ဖြစ်သည်။ ဆံပင်တွေကြားမှာ မြုပ်ကွယ်နေသော မထင်မရှား မျက်နှာသည် ကောက်ကျစ်မှုပ်စပ်မှုကို ဖော်ပြလျက်ရှိသည်။ သူမ မျက်လုံးတွေက ဟိုဟိုဒီဒီ ကျီးကန်းတောင်းမှောက် ကြည့်နေသည်။ နည်းနည်းမှ ရင်ခုန်စရာ မကောင်းသော မျက်လုံးတွေ။ သူမ မျက်လုံးတွေသည် တစ်ခုခုကြောင့် ဒေါသပိလျက်ရှိလေသည်။ မလှတာဆို မကြည့်ချင်ပါဘူးဆိုမှ ရှေ့တည့်တည့်မှာ မြင်လျက်သား။

အဲဒီအခိုက်မှာ သူမ မျက်လုံးတွေက မှောင်ရိပ်ကျကျမှာ ရပ်နေသော သူ့ထံ တည့်တည့်ရောက်လာသည်။ သူ့လက်ထဲက ငှက်ပျောသီးကို အတွေ့မှာ သူမ မျက်လုံးတွေ ဝင်းခနဲလက်သွားပုံက တော်တော် အံ့ဩစရာကောင်းသည်။ ပြီးတော့ သူမက သူ့ထံ ခပ်သုတ်သုတ်လျှောက်လာကာ ...

"ဒီမှာ ... ဒီမှာ ... ကျွန်မကို အဲဒီငှက်ပျောခွံ ပေးပါလား"

မြတ်စွာဘုရား ... ဘာလုပ်ဖို့ပါလိမ့်။ အံ့ဩစရာ ...။

"ငှက်ပျောခွံကို ! နေပါဦး ခင်ဗျားက ဘာလုပ်ဖို့ တောင်းတာလဲ"

---



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်လုပ်ပေါ့ရှင် ... မစဝ်စုပါနဲ့ ..."

ရုပ်က ဆိုးရတဲ့အပြင် အပြောကလည်း ဆိုး၊ ဒီလို မိန်းမမျိုးတော့ ရှေ့ထွက်လာတောင် မယူသေးဘူး။ သူက စိတ်ထဲက ကျိတ်ပြောလိုက်သည်။

"ကဲ ... ဘယ်လိုလဲ ပေးမှာလား၊ ငှက်ပျောခွဲဆိုတာ ဘာ တန်ဖိုးမှ မရှိပါဘူးရှင်၊ ရှင် ကျွန်မကို ပေးလိုက်ရင် အမိုက်ပစ်ရတောင် သက်သာသေးတယ်"

"ဒါပေမယ့် ဒီမှာ ငှက်ပျောသီးက စားလို့မကုန်သေးဘူး လေ၊ တစ်ကိုက်ပဲ ကိုက်ရသေးတယ်၊ ချက်ချင်းတော့ မရဘူး၊ စိတ်ရှည်ရှည်ထားပြီး စောင့်ယူမှရမယ် ..."

"ငှက်ပျောသီးတစ်လုံးစားတာ ဒီလောက်ကြာရသလားရှင်၊ ကဲ ... ကဲ ... စောင့်မယ်၊ မြန်မြန်စားလိုက် ..."

"အလကားတော့ မရဘူးနော် ..."

"ဘာရှင့် ..."

"ဟုတ်တယ်လေ ... အလကားတော့ မပေးနိုင်ဘူး"

"ရှင့် ငှက်ပျောခွဲက ဘယ်လောက်တန်လို့လဲ ..."

"သူ့မူရင်းက တန်ဖိုးမရှိဘူးဆိုပေမယ့် မင်းက အသည်း





အသန် လိုချင်နေပြီဆိုတော့ တန်ဖိုးကရှိလာပြီလေ၊ ဘယ် အရာမဆို လိုချင်တဲ့သူ မရှိရင် တန်ဖိုးကျတယ်၊ လိုချင်တဲ့ သူ ရှိရင် တန်ဖိုးတက်တယ်၊ ဒါ ... သဘာဝပဲ"

သူမက ခဏငိုင်သွားပြီးမှ ...

"ကဲ ... ဒါဆိုလည်း ဘယ်လောက်နဲ့ ဝယ်ရမလဲ ပြော"

"ငွေနဲ့ မဝယ်ရပါဘူး၊ ဟိုမှာတွေ့လား စားစရာတွေ ပြင် ထားတာ အများကြီးပဲ၊ အဲဒီအထဲက ကျုပ်တစ်ယောက်စာ စားဖို့ သွားယူခဲ့ပေး"

"ရှင့်ဘာသာ သွားယူလို့ မရဘူးလား"

"မရဘူး ... ကျုပ်က ဖိတ်ကြားခံရတဲ့ ဧည့်သည်တော်ထဲမှာ မပါဘူး၊ ကဲ ... သွားပါဗျာ သွားယူပါ၊ ကျုပ် အရမ်းဗိုက်ဆာ နေပြီဗျ"

"အင်တော် ..."

သူမက ပွစိပွစိ ရေရွတ်ကာ ဘောက်ဆတ်ဆတ် ခြေလှမ်းများဖြင့် စားစရာတွေ ရှိရာဘက်သို့ ထွက်သွားလေ သည်။

အောသင်ကတော့ ရယ်ချင်စိတ်ဖြင့် ကျန်ရစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောခွံကိုရလျှင် သူမ ဘာလုပ်မယ်ဆိုတာ စိတ်ဝင်စားစရာ မကောင်းဘူးလား။

ခဏကြာတော့ သူမက စားစရာပန်းကန်ကို ကိုင်ကာ သူ့ရှေ့သို့ ပြန်ရောက်လာပြီး ...

"ကဲ ... ကိုအင်တော်၊ ဒီမှာ စားပေတော့"

"ဟာဗျာ ... လူကို ဘယ်လိုခေါ်တာလဲဗျ၊ ကျုပ်နာမည် ကိုအင်တော်မဟုတ်ဘူး၊ အေသင် ... အေသင်၊ ဂရိနိုင်ငံရဲ့ မြို့တော် အေသင်၊ ဘယ်လောက်ခမ်းနားသလဲ"

"အရေးထဲ နာမည် လာကြွားတဲ့သူနဲ့ တွေ့နေရသေးတယ် ကဲ ... ပေးပါ၊ အဲဒီငှက်ပျောခွံကို ..."

သူမက သူ့လက်ထဲမှ ငှက်ပျောခွံကို ဆတ်ခနဲဆွဲယူ လှည့်ထွက်သွားလေသည်။

အဲ့ဒီ ငှက်ပျောခွံကို သူမ ဘာလုပ်မှာပါလိမ့် ...။ သူက သိချင်စိတ်ဖြင့် သူမနောက်မှ နောက်ယောင်ခံ လိုက်လာခဲ့မိလေသည်။

သူမက ငှက်ပျောခွံကို လက်ထဲမှာ ဖွက်ကိုင်ကာ အလင်းရောင်နည်းသည့်ဘက်မှာ ရပ်ရင်း တစ်စုံတစ်ယောက်ကို





စောင့်နေပုံရလေသည်။ သူက သူမကို မြင်နေရသည့် ထိုင်ခုံ တစ်လုံးမှာထိုင်ကာ သူမယူပေးသွားသော စားစရာတွေကို အားပါးတရ စားရင်း သူမကို စောင့်ကြည့်နေလိုက်လေသည်။

ထိုခဏမှာ အင်မတန်လှပသော မိန်းမတစ်ယောက် သူမရှေ့မှ ဖြတ်လျှောက်သွားတာကို မြင်ရသည်။ သူမ ဘာလုပ်သည် ထင်ပါသနည်း။

သူမက သစ်ဝင်ပုကလေးကို ကွယ်ရပ်နေရင်းက ငှက်ပျောခွံကို မိန်းမလှလေးရဲ့ ခြေလှမ်းရှေ့သို့ ပစ်ချလိုက်သည်။

"အမေ့ ..."

"ဟာ ... ချော်လဲပြီ"

"မြစည်သူပါလား"

"မြရေ ... မြ"

"ဖြစ်ရလေ ..."

မိန်းမလှလေး ဘိုင်းခနဲပစ်အလဲမှာ အာမေဋိတ်သံတွေ ဆူညံသွားလေသည်။ အလွန်စမတ်ကျသော ယောကျ်ား တစ်ယောက်က ထိုမိန်းမလှထံသို့ ပြေးလာကာ ယုယုယယ ဆွဲထူရင်း ...

"မြ … ထနိုင်ရဲ့လား၊ ခြေထောက်နာသွားလား …"

ဟု တဖွဖွမေးလျက်ရှိသည်။ ပြီးတော့ ထိုမိန်းမလှကို တွဲကာ သူ့မြင်းကွင်းရှေ့မှ ထွက်ခွာသွားလေသည်။ ရုပ်ဆိုးမကလေး ကတော့ သစ်ပင်နောက်မှာ ကွယ်ရပ်နေဆဲဖြစ်သည်။

အေသင်သည် အံ့ဩခြင်းဖြင့် သူမကို စိတ်ဝင်စားသွားကာ သူမထံ လှမ်းသွားလိုက်ရင်း …

"ဟေ့ … မင်း ဘာလုပ်လိုက်တာလဲ"

"ဟင် … ရှင်"

"မေးနေတယ်လေကွာ၊ ခုန ဘာလုပ်လိုက်တာလဲ"

"ဘာမှမလုပ်ဘူး"

"မညာနဲ့ … ငါမြင်တယ်၊ မင်း တစ်ဖက်သားကို မကောင်းကြံလိုက်တာ မဟုတ်လား၊ စိတ်ပုပ်မ … ရုပ်နဲ့စိတ်နဲ့ လိုက်ပါတယ်"

"ဘာ … ဘာ … ရှင် ဘာပြောလိုက်တယ်"

"မင်း မကြားဘူးလား၊ ထပ်ပြောရမလား၊ ရုပ်ဆိုးသလောက် စိတ်ကလည်းပုပ်"

"တော် … တော် … ရှင့်ပါးစပ် ပိတ်ထား၊ ရှင် ကျွန်မကို ဒီလိုပြောဖို့ အခွင့်အရေးမရှိဘူး"





"ရှိတယ် … ငါက ငှက်ပျောခွံ ပေးလိုက်ရတဲ့သူ၊ မင်း ဒီလို သူများအကာကို မကောင်းကြံမယ်မှန်း သိရင် ငါ မပေးဘူး၊ ခုတော့ ငါပါကြံရာပါဖြစ်နေပြီ၊ ဟိုမိန်းမလှလေးခမျာ ဘယ်လောက်သနားစရာကောင်းသလဲ"

"ဘာ … ဘာ … မိန်းမလှ … ဟုတ်လား"

"ဟုတ်တယ်လေ … အင်မတန် လှပတဲ့ မိန်းမလှလေး ခုလို လူကြားသူကြားမှာ ချော်လဲပြီး အရှက်ရသွားတာ ဘယ်လောက်သနားစရာကောင်းသလဲ …"

"အဲ့ဒါပဲ … ရှင်တို့ယောကျ်ားတွေဟာ အဲ့ဒါပဲ၊ မိန်းမဆို လှမှကြည့်ချင်တယ်၊ လှမှ ကူညီချင်တယ်၊ လှမှ သနားချင်တယ်၊ နေရာတကာ လှတဲ့ မိန်းမတွေဘက်ကပဲ ရပ်တည်ချင်တယ်၊ လှတဲ့မိန်းမတွေကပဲ အမြဲကံကောင်းနေကြတယ်၊ မတရားဘူး၊ ရှင်တို့ ယောကျ်ားတွေလည်း မတရားဘူး၊ လောကကြီးလည်း မတရားဘူးသိလား … အီ … အင့် …"

သူမက ပြောရင်း ပြောရင်း အင့်ခနဲ ရှိုက်ကာ ငိုချလိုက်လေသည်။ သူက သူမအဖြစ်ကို ရယ်ချင်သွားတာမို့ ပြုံးစိစိဖြစ်နေဆဲ …



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား … တွေ့လား … ရှင် အခုရယ်ချင်နေပြီ မဟုတ်လား၊ ကျွန်မလို ရုပ်ဆိုးတဲ့ မိန်းမတစ်ယောက် ငိုပြီဆို ရှင်တို့ ယောကျ်ားတွေမှာ ဟာသကိုဖြစ်လို့၊ လှတဲ့ မိန်းမတစ်ယောက်ယောက်ကများ ငိုကြည့်ပါလား၊ ရှင်တို့မှာ ပျာပျာသလဲ မေးရတာနဲ့ ထပ်တူခံစားပြရတာနဲ့ …"

"ဟား … ဟား …"

သူက သူမ ရန်တွေ့နေပုံကို ရယ်ချင်လာကာ တဟားဟား အော်ရယ်လိုက်မိတော့သည်။

"ကြည့်စမ်း … ရယ်စရာလား၊ ရှင် ကျွန်မကို လှောင်ပြောင်သရော်နေတာလား"

"မင်း ဖြစ်နေပုံက ရယ်စရာကောင်းတာကိုးကွ၊ ကိုယ်မလှတာနဲ့ပဲ လှတဲ့မိန်းမကို မကောင်းကြံရတယ်လို့ …"

"ရှင့်စကားထဲမှာ ကျွန်မ မလှတဲ့အကြောင်း မပါရင် မပြီးဘူးလား …"

"ကျုပ်က အရှိကိုအရှိအတိုင်းပဲ မြင်တာလေ၊ လှတဲ့မိန်းမဆို လှတယ်လို့ အသိအမှတ်ပြုပေးတယ်၊ မလှတဲ့ မိန်းမဆို မလှဘူးလို့ အသိအမှတ်ပြုတယ်၊ လူကြားကောင်းအောင် လိမ်ညာမြှောက်ပင့်တာမျိုး မလုပ်ဘူး …"





"ကဲ … ဒါဆို ရှင့်မျက်စိထဲမှာ သိပ်လှတဲ့ မိန်းမတစ်ယောက်ကို သိပ်လှတာပဲလို့ ပြောရဲလား …"

"ဘာလို့မပြောရဲရမှာလဲ …"

"ဒါဆို မလှတဲ့ မိန်းမတစ်ယောက်နောက်ကို လိုက်ပြီး မလှဘူး … မလှဘူး၊ ခင်ဗျား သိပ်ရုပ်ဆိုးတယ်လို့ကော ပြောမလား … ကဲ …"

"အင်း … ဒါကတော့ …"

"ရှင် မပြောရဲဘူး မဟုတ်လား၊ ဒါဆိုလည်း ကျွန်မ မလှတာကို ရှာဖွေ လာပြောမနေနဲ့၊ သူများတကာ အားနည်းချက်ကို အထပ်ထပ်အခါခါ ပြောတတ်တာ လူယုတ်မာပဲ၊ လူယုတ်မာ မဖြစ်ချင်စမ်းပါနဲ့"

"မင်းလည်း စိတ်ပုပ်မ မဖြစ်ချင်စမ်းပါနဲ့"

"ရှင့်အပူ မပါပါဘူး"

သူမက သူ့ကို ခပ်ဆတ်ဆတ်ပြောပြီး လှည့်ထွက်သွားလေသည်။ သို့သော် တစ်လှမ်း နှစ်လှမ်းသာလှမ်းပြီး ခြေလှမ်းတို့က ရပ်သွားသည်။ သူ့ကို ကျောခိုင်းအနေအထားဖြင့်ပင် ခဏငြိမ်သွားပြီးမှ သူ့ဘက်ကို ဆတ်ခနဲ ပြန်လှည့်လာကာ ဝမ်းသာအားရ မေးသည်မှာ …



www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ... ရှင် တော်တော် ဘိုင်ပြတ်နေသလား”

“မေးတဲ့ပုံက သူများတကာ ငွေပြတ်နေတာကို ဝမ်းသာအားရပုံမျိုးနဲ့ ...”

“ကျွန်မ မေးတာဖြေပါဦး၊ ရှင့်ကြည့်ရတာတော့ တော်တော်ငွေပြတ်နေပုံပဲနော်၊ ထမင်းတောင် ဝဝစားရမယ့်ပုံ မဟုတ်ဘူး”

သူမ သူ့ကို သနားလို့ မေးတာမဟုတ်တာတော့ သေချာပါသည်။ တစ်စုံတစ်ရာ အကျပ်ကိုင်ချင်လို့ မေးတာမျိုး။

“ငွေပြတ်တာတော့ အမှန်ပဲဗျို့၊ ဒီနေ့တစ်နေ့လုံး ငှက်ပျောသီးပဲ စားနေရတာ ...”

“ဒါဆို ပိုက်ဆံရမယ့် အလုပ်တစ်ခုခု မလိုချင်ဘူးလား”

“ပိုက်ဆံမရချင် နေပါစေဗျာ အစားကောင်းကောင်း စားရရင် တော်ပါပြီ၊ နေပါဦး ... ခင်ဗျား ဒီလို မေးနေတာ ကျုပ်ကို အလုပ်ပေးမလို့လား ...”

“ဟုတ်တယ် ...”

“ဘာအလုပ် လုပ်ရမှာလဲ”

“ခုန ချော်လဲသွားတဲ့ မိန်းမလှလေးကို သူ့ချစ်သူက မချစ်တော့အောင် အထင်လွဲအောင် လုပ်ရမှာ”





“ဟာဗျာ ... ခင်ဗျားအလုပ်က သူများချစ်ခြင်းကို ခွဲရမယ့်အလုပ်ကြီးပဲ၊ ခင်ဗျား အဲဒီလိုလုပ်ရင် နောက်ဘဝကျဒါ့ထက်ရုပ်ဆိုးလိမ့်မယ်”

“လာပြန်ပြီလား ဒီရုပ်ဆိုးတာ ...”

“ဟဲဟဲ ... ဆောရီးပါ”

“ရှင် လုပ်မှာလား ... မလုပ်ဘူးလား ပြော”

“ဘာတွေဘယ်လိုလုပ်ရမှာလဲ ...”

“ဒါကတော့ ကျွန်မ ပြောပြမှာပေါ့ ...”

“ကျွန်တော် လုပ်ပေးရင် ခင်ဗျားက ဘာပေးမှာလဲ”

“ရှင်က ပိုက်ဆံမလိုချင်ဘူးဆိုတော့ ရှင်စားချင်တဲ့ ထမင်းဖြစ်ဖြစ် မုန့်ဖြစ်ဖြစ် တဝကြီးကျွေးမယ်လေ”

အေသင်သည် မိန်းမတစ်ယောက်ရဲ့ ထူးဆန်းသော မနာလိုခြင်းကို အံ့ဩ၍နေသည်။ စိတ်ဝင်စား၍လည်းနေလေသည်။ သူ့စိတ်သည် သိချင်စိတ်ဖြင့် ဇာက်ကြွလာသည်။ သူ့ရှေ့က မလှပသော မိန်းကလေးဟာ သူမရဲ့ မလှပခြင်းအတွက် အားငယ်ဝမ်းနည်းနေခဲ့ဟာ လှပသော မိန်းမတစ်ယောက်ကို ချောက်ချဖို့ကြံရွယ်နေခဲ့ခြင်းဖြစ်သည်။ သူမရဲ့ အကြံအစည်က လျှို့ဝှက်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကောက်ကျစ်ယုတ်မာတာမျိုးတော့ မဟုတ်ချေ။ သူမလုပ်ရပ်က ကလေးဆန်သည်။ သူမ အကြံက ကလေးကျင့် ကလေးကြံဖြစ်၍ နေခဲ့သည်။ သူက ထိုအဖြစ်အပျက်ကလေးထဲကို အသာလေး လျှိုဝင်ကြည့်ဖို့ ဆုံးဖြတ်လိုက်လေသည်။

"ကဲ ... လုပ်မယ်ဗျာ"

"အိုကေ ... ဒါဆို လိုအပ်တဲ့အခါ ရှင့်ကိုဆက်သွယ်လိုက်မယ်၊ ရှင့်လိပ်စာ ပေးထား ..."

သူက သူ ခဏနေနေသော သူငယ်ချင်းအိမ်လိပ်စာနှင့် အိမ်နားက တစ်ဆင့်ခေါ် ဖုန်းနံပါတ်ကို ပေးလိုက်လေသည်။

"ဒါဆို ကျွန်မသွားပြီနော်"

သူမက သူ့ကို နှုတ်ဆက်ထွက်ခွာသွားတော့မှ သူက သူမနာမည်မေးဖို့ သတိရကာ ...

"ဟော့ ... နေဦး ..."

"ဘာလဲ ..."

"မင်းနာမည် ပြောခဲ့ဦး"

"တေးလင်္ကာ ..."

"ဟာ ... လှက ရုပ်ဆိုးသလောက် နာမည်ကျတော့ တယ်လှပါလား"





"ရှင် ... ရှင် ..."

သူမက ဒေါပွကာ ဆွေ့ဆွေ့ခုန်သွားတာမို့ သူက အားပါတရ ရယ်မောရင်း သူမရှေ့မှ ပြေးထွက်လာခဲ့လေသည်။

ရုပ်ဆိုးမလေးကို ဒေါသထွက်အောင် စ,ရတာဟာ ပျော်စရာတော့ အကောင်းသား ... ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

မိန်းမလှလေးတွေကိုသာ ဖေးမောသဘောကျခဲ့ဖူးသော အေသင်သည် ခုတော့ ရုပ်ဆိုးမလေးနဲ့ တွေ့ဆုံနီးစပ်တော်သက်နေရလေသည်။

နောက်နှစ်ရက်အကြာမှာပဲ တေးလက်ာက သူ့ကို ဆက်သွယ်လာခဲ့ခြင်းဖြစ်သည်။ သူမက သူမရဲ့ အကြံအစည်ကို သူ့အား ပြောပြသည်မှာ . . .

"ဒီကိစ္စက သိပ်မခက်ပါဘူး၊ သူ့ချစ်သူ ကိုခိုင်လုံဆိုတဲ့လူ အထင်လွဲသွားအောင် သူတို့ချင်း ပြဿနာတက်အောင် ဓာတ်ပုံလေးတွေ ဖန်တီးပေးရုံပဲ"

"ဘယ်လိုဖန်တီးပေးရမှာလဲ . . ."

---

ပုညခင်-စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်မှာ ဓာတ်ပုံရိုက်ပြီးသား ရှိလား"

"မရှိဘူး ..."

"ဒါဆို ဓာတ်ပုံအသစ် ထပ်ရိုက်လိုက်၊ ဓာတ်ပုံဖိုးတွေ ကျွန်မ ထုတ်ပေးလိုက်မယ်၊ ရော့ ... ဒီမှာ ဒီဓာတ်ပုံတွေ ယူထား၊ ဒါ မြစည်သူရဲ့ ပုံတွေလေ၊ ရှင့် ဓာတ်ပုံတွေ ရလာရင် မြစည်သူရဲ့ပုံနဲ့တွဲပြီး ကွန်ပျူတာနဲ့ Scan ဖတ် လိုက်၊ ပြီးရင် ရှင်တို့စုံတွဲပုံကို print out ထုတ်လိုက်ရုံပဲ"

"ဪ ... ဒါဆို မင်း မနှာလိုတဲ့ မိန်းမလှလေးနဲ့ ကိုယ်နဲ့ စုံတွဲပုံတွေ ရပြီဆိုပါတော့"

"ရှင် စကားကို ကြည့်ပြောပါ"

"လူတွေဟာ အမှန်ပြောတော့လည်း မကြိုက် ..."

"စကား အပိုတွေ မပြောစမ်းပါနဲ့၊ ကျွန်မပြောတာသာ သေသေချာချာ နားထောင်ပါ၊ အဲဒီလို စုံတွဲပုံတွေရရင် စာအိတ်ထဲထည့်ပိတ်ပြီး ကိုခိုင်လုံဆီ စာတိုက်ကနေပို့ပေးပါ"

"ဟာ ... ဒါဆို ကျုပ်က အလကားသက်သက် သူများ ရည်းစားကို အချောင်နှိုက်တဲ့သူလို့ အထင်ခံရတော့မှာပေါ့ဗျ"

"ရှင်နဲ့ ကိုခိုင်လုနဲ့ ဆုံစရာအကြောင်းမရှိပါဘူး"





"ဟ ... ဒါက ဘယ်ပြောနိုင်မလဲ၊ ဆုံချင်ဆုံမှာပေါ့၊ အဲဒီလို ဆိုရင် ခင်ဗျား မနှာလိုတဲ့ မိန်းမလှလေးကို သိပ်ချစ်တဲ့ သူက ကျုပ်ကို လက်သီးနဲ့ လာဆွဲထိုးမှာပေါ့၊ ပြီးတော့ တစ်ခုရှိသေးတယ်၊ တစ်ချိန်ချိန်ကျ ကျုပ်မှာ ရည်းစားတွေ ဘာတွေများ ရခဲ့ရင် အဲ့ဒီဓာတ်ပုံကြီးက ကျုပ်အတွက် အမည်းစက်ပဲ၊ တကယ် ဟုတ်ဟုတ်မဟုတ်ဟုတ် ကျုပ် မိန်းကလေးက ဘယ်ကြိုက်မှာလဲဗျ ..."

"ရှင်ဟာလေ လူကသာ ဘာမှမဟုတ်တယ် ... သိပ်ကြီး ကျယ်တယ်၊ ကျွန်မခိုင်းသလို လုပ်မှာလား မလုပ်ဘူးလား၊ ရှင်းရှင်းပြော"

"ဘယ်တတ်နိုင်မလဲ ... လုပ်ရတော့မှာပေါ့"

"ဟင်း ... ဟင်း ... ရှင် ထမင်းကောင်းကောင်းစားရမယ့် အခွင့်အရေးကိုတော့ လက်လွှတ်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ ကျွန်မ သိပြီးသားပေါ့၊ ဒါနဲ့များ အလကားသက်သက် မိုးပြောချိုးပြော ပြောနေလိုက်တာ"

နှစ်ယောက်သားဟာ တစ်ယောက်တစ်ပြန် အပေါ်စီးရအောင်ပြောနေကြပါသည်။ အေသင်ကလည်း ကိုယ့်အကြံနှင့်ကိုယ်မို့ ရယ်သွမ်းသွေးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... ဓာတ်ပုံဖိုး ပိုက်ဆံပေးလေ"

"ရော ... ဒီမှာ ပိုရင်ပြန်ပေးနော်"

သူမက ပိုက်ဆံထုတ်ပေးရင်း မယုံသလို ပြော
သည်။

"ပေးမှာပေါ့ဗျာ ... လူကိုမယုံရင် အစကတည်းက မခိုင်း
သော် ... ဒါနဲ့ ခင်ဗျား ကျုပ်ကို ထမင်းကျွေးမယ်ဆို
ဘယ်တော့ ကျွေးမှာလဲ ..."

"ရှင့်ကိစ္စပြီးရင် ကျွေးမှာပေါ့"

"ကိစ္စကတစ်နေ့တည်းတော့ မပြီးဘူးနော်၊ဒီနေ့ ဓာတ်ပုံရို
ရင် အမြန်ဆိုရင်တောင် မနက်ဖြန်မှရမယ်၊ ကွန်ပျူတာ
စုံတွဲပုံ လုပ်ရမှာက တစ်ရက်၊ စာတိုက်ကနေ ပို့ရမှာ
တစ်ရက် ..."

"ဒါဆို ... ရှင် ဓာတ်ပုံသွားရိုက်ပြီးရင် ကျွေးမယ်ရှင်"

"အိုကေ ... ညနေကျရင် ဆီဒိုးနားမှာ ကျွေးပေါ့ ဟုတ်လား"

"ဘုရားရေ ... ဆီဒိုးနားမှာ ကျွေးရမယ်၊ ကျွန်မ အဲဒီလော
မချမ်းသာဘူးရှင့်၊ ကျွန်မ အမေပေးတဲ့ မုန့်ဖိုးပဲ သုံးရတာ"

"ခင်ဗျားပဲ ပြောထားတယ်လေ၊ ကျုပ် စားချင်တာ
ကျွေးမယ်ဆို၊ စားချင်တာက ဆီဒိုးနားမှာပဲ"





သူမက ချက်ချင်း မျက်နှာစူပုပ်လာကာ ...

"အံမယ် ... ငှက်ပျောသီးပဲ စားနေရတဲ့သူကများ ကြီးကျယ်
လို့ ဆီဒိုးနားလေး ဘာလေး လာလုပ်နေတယ်၊ မရဘူး
မနုဖြူ ဒေါ်စောရီပဲ ကျွေးမယ်"

"ဟာ ... ကျုပ် ဗမာစာ မကြိုက်ဘူးဗျ"

"ဒါဆို တရုတ်တန်းမှာ စားမလား"

"လမ်းဘေးမှာ မီးခိုးတလူလူနဲ့၊ ညှော်ကလည်းညှော်၊
ပူကလည်းပူ၊ မစားချင်ပါဘူး"

"ဒါဆို ချစ်တီးစာ စားမလားဟင်"

"မဆလာနံ့တွေနဲ့ မကြိုက်ပါဘူး"

"ဒါဆို ရှင်က ဘာစာကြိုက်တာလဲ ..."

"တရုတ်စာကို တရုတ်တန်းမှာ မဟုတ်ဘဲ Air con ရှိတဲ့
ဆိုင်ကောင်းကောင်းမှာ စားမယ်"

"ကဲရှင် ... ဒါဆိုလည်း feel မှာ ကျွေးပါ့မယ်၊ တကတည်း"

"ကတိတည်ပစေနော်၊ ညနေ ၅ နာရီခွဲလောက် ဆုံကြမယ်၊
အဲဒီအချိန်ဆို ကျုပ် ဗိုက်ဆာနေလောက်ပြီ၊ ဆာတုန်းစားမှ
စားလို့လည်းကောင်း များများလည်းဝင်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဆာတုန်းစားရင် ဘာနဲ့စားစား ဝင်တာပဲတဲ့၊ feel မှာ မဟုတ်လည်း ရှင် စားနိုင်မှာပါ"

"ပြောပြီးစပြီးပဲ၊ ဈေးထပ်ဆစ်မနေနဲ့"

"ပြီးရော ... ရှင်လည်း လုပ်စရာရှိတာ မြန်မြန်ပြီးအောင် သွားလုပ်၊ ညနေ ရန်ကင်းစင်တာက feel မှာ စောင့်နေမယ်"

"အိုကေ ..."

အေသင်သည် တေးလက်ကို ကျောခိုင်းထွက်လာရင်း ရယ်ချင်စိတ်က တလှိုက်လှိုက်တက်လာလေသည်။

အဲဒီနေ့တစ်နေ့လုံး သူက ဘယ်ဓာတ်ပုံဆိုင်ကိုမှ မသွားဘဲ ဓာတ်ပုံဖိုးကို အသုံးပြုကာ သွားချင်ရာ လျှောက်သွား စားချင်တာတွေ ဝယ်စားနေခဲ့သည်။ ပြီးတော့ ကစားကွင်းသွားပြီး တော့တောင် ဆော့လိုက်သေးရဲ့ ...။

ညနေစောင်းတော့မှ သူက သူမနှင့် ချိန်းဆိုထားသော စားသောက်ဆိုင်သို့ သွားကာ ဟင်းတွေ တစ်မျိုးပြီးတစ်မျိုး လက်ညှိုးထိုးမှာလိုက်ပြီး သူမကျေနပ်အောင် လှိမ့်ရသည်မှာ ...

"ဓာတ်ပုံကို သေသေချာချာ ရိုက်ခဲ့တယ် သိလား၊ ကိုယ့်





ပုံကလည်း စမတ်ခပ်ကျကျဆိုတော့ ခင်ဗျားရဲ့ မိန်းမလှ လေးနဲ့တော့ လိုက်ဖက်ညီနေမှာ သေချာတယ်၊ ဒါမှ ကိုခိုင်လုံက ယုံမှာပေါ့၊ ကျုပ်ကသာ မချောရင် စမတ်တကျ မဖြစ်ရင် ဒီကောင်မျိုးလောက်တော့ မြစည်သူက မကြိုက် လောက်ပါဘူး ထင်မှာပေါ့"

အေသင်က ညာဝါးဖြီးဖြန်းရင်း အားပါးတရ စား သောက်လေသည်။ ထမင်းပြီးတော့ အအေး၊ ပြီးတော့ ဒိုမိနို၊ မဆုံမပြီဖြစ်အောင်ကို စားလေသည်။ ရုပ်ဆိုးမကလေးကတော့ သူ့ရှေ့မှာ ကုပ်ချောင်းချောင်းထိုင်ကာ သူစားသမျှကို ကြည့်ရင်း ရင်မ,နေသည်။

"ဒါပေမယ့် တစ်ခုတော့ရှိတယ်နော်၊ ကိုခိုင်လုံဆိုတဲ့လူကို ကြည့်ရတာ မြစည်သူကို သိပ်ချစ်ပြီး သဘောထားကြီးမယ့် သူ၊ နားလည်မှုရှိတဲ့သူမျိုး ဖြစ်ပုံရတယ်၊ မြစည်သူ ချော်လဲတုန်းက လာဆွဲထူတာ ပျာနေတာပဲ၊ ဓာတ်ပုံတွေ တွေ့တောင် သူယုံချင်မှယုံမယ်၊ဘာပဲဖြစ်ဖြစ်လေ ဒီတစ်နည်း မဟုတ် နောက်တစ်နည်း ကြိုးစားကြည့်ရသေးတာပေါ့"

တေးက သူ့စကားကြောင့် ငိုင်နေဆဲ သူက အခွင့် ကောင်းယူကာ စားပွဲထိုးလေးကို လှမ်းခေါ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး ... ကဏန်းနဲ့ကြော်တဲ့ ထမင်းကြော် တစ်ပွဲရယ် ကြက်ကင်တစ်ပွဲရယ် ပါဆယ်ထုပ်လိုက် ..."

သူမက ဖျတ်ခနဲ သတိဝင်လာပုံဖြင့် ...

"ဟင် ... ရှင့်ကို အဝကျွေးမယ်ပဲ ပြောထားတာ၊ ပါဆယ် မပါဘူးလေ၊ နေ ... နေ့ မောင်လေး၊ မထုပ်နဲ့တော့ ..."

ဟု ပျာပျာသလဲ တားရင်း သူ့ကို စိတ်တိုသော မျက်ဝန်းများဖြင့် ဂျစ်ကန်ကန် ကြည့်လိုက်လေသည်။

❀ ❀ ❀



❀ ❀ ❀

သေင်ဆိုတာ ဘယ်လိုယောကျ်ားမျိုးလဲ ...။

တေး အမြင်မှာတော့ သိပ်ထောင့်မကျိုးလှသော ယောကျ်ား တစ်ယောက်၊ အထင်ကြီးစရာရယ်လို့ ဘာတစ်ကွက်မှ မရှိသော ယောကျ်ားတစ်ယောက်ဖြစ်သည်။

သူ့ကို စတွေ့ခဲ့ရတာကိုက ဖိတ်ကြားခြင်းမခံရဘဲ ခြံထဲခိုးဝင်လာကာ ထမင်းမစားရသဖြင့် ငှက်ပျောသီးသာ စားနေခဲ့ရသော၊ သူများတကာ စားဖို့ ပြင်ဆင်ထားသည့် စားသောက်ဖွယ်ရာတွေကို အဝေးကနေမျှော်ငေးကာ သွားရည်တမျှားမျှား ကျနေသော ယောကျ်ားတစ်ယောက်အဖြစ်မျိုးနှင့်သာ ဖြစ်သည်။ ကဲ ... ဘယ်လောက်တောင် အထင်မကြီးစရာ အဖြစ်မျိုးနည်း။



www.burmeseclassic.com

www.burmeseclassic.com



တေး စိတ်ဝင်တစား အားကျ ရင်ခုန်ခဲ့ဖူးသော ယောကျာ်းများနှင့်တော့ လားလားမျှဖဆိုင်ချေ။ အနီးဆုံးပြောရရင် ကိုခိုင်လုံနဲ့ ယှဉ်ကြည့်ဦး ... ။ သူဟာ ကိုခိုင်လုံ့ ခြေဖျားကလေး ကိုမျှ မမီ။ ကိုခိုင်လုံက စမတ်တကျ အဆင့်မြင့်သလောက် သူက ပေပေတေတေနှင့် အရိုင်းဆန်ပုံရသည်။

နာမည်ကတော့ 'အေသင်' တဲ့။ နည်းနည်းတော့ ကြီးကျယ်ခမ်းနားသည်ဟုတော့ ထင်စရာရှိသည်။ သို့သော်လည်း လူနဲ့တော့ ဘာမှမဆိုင်ချေ။

သူ့ဆံပင်တွေသည် ခုခေတ်ကောင်လေး တချို့မှာ တွေ့ရတတ်သည့် Alter ဆံပင်ခေါ်မလား၊ ခပ်တိုတိုမှာ တချို့ တချို့ စုပြီး အပေါ်သို့ ထောင်လျက်ရှိသည်။ မျက်ခုံးတွေ မည်းနက် နေကာ မျက်လုံးတွေကြည်လင်တောက်ပနေတာကတော့ နည်းနည်း သတိပြုချင်စရာ ကောင်းပါရဲ့။ သို့သော် နှုတ်ခမ်းတွေကတော့ ထိမထင်ဟန်ရှိုလိုရှိသည်။ ဝတ်ထားသည့် ဂျင်းဘောင်းဘီဟာ အကောင်းစားလို့ ထင်ရပေမယ့် တော်တော်အရောင်မွဲနေပြီ။ တီရှပ် အဖြူရောင်ကလည်း တယ်ပြီးမဖြူချင်တော့ပြီ။

သို့သော် ဘယ်လိုပဲဖြစ်စေ တေးကတော့ တေးလိုရ





ခိုင်းစေဖို့ သူ့ကို လက်ကိုင်တုတ် လုပ်ထားရလေသည်။ ဓာတ်ပုံ သွားရိုက်ခိုင်းလိုက်တာက တစ်နေ့၊ ကွန်ပျူတာဆိုင်မှာ ဓာတ်ပုံ ချင်း သွားတွဲခိုင်းလိုက်ပြီး စာတိုက်ပို့ခိုင်းတာက တစ်နေ့၊ အဲဒီနေ့ နှစ်နေ့မှာ သူ့ကို ထမင်းဝဝကျွေးပြီးသောအခါ တေး ပိုက်ဆံအိတ် ကလေးလည်း ဖြူခါပြာခါ ကျသွားရလေသည်။ တကတည်း သူမို့လို့ အားမနာလျှာမကျိုး စားလိုက်တာ ဘီလူး သရဲစီးသလို ပါပင်။ ဘယ်တုန်းကတည်းက ငတ်နေသလဲ မသိချေ။

တေးသည် အဲဒီလို တစ်ဖက်က ရင်းနှီးမြှုပ်နှံခဲ့ပြီး သောအခါ တစ်ဖက်က ရလဒ်ကိုလည်း သိချင်လှတာမို့ မြစည်သူ တို့ရဲ့ အခြေအနေကို အမြဲမပြတ် အကဲခတ်၍နေလေသည်။ သို့သော် ထူးဆန်းသည်မှာ မြထံမှ ထိုအကြောင်း တစ်စွန်းတစ်စ ပြောသံလည်း မကြားရ။ မြပုံစံကလည်း ခါတိုင်းလို ပျော်ရွှင်တက်ကြွ နေကာ မျက်နှာပေါ်မှာ သောကရိပ်ကို မတွေ့၊ ကိုခိုင်လုံနဲ့လည်း ပုံမှန်အတိုင်း တွဲသွားတွဲလာမြဲ၊ ဖုန်းပြောကြမြဲ တည်း။

တေးသည် မြစည်သူတို့ကို စောင့်ကြည့်ရင်း အကြောင်းမထူးသောအခါ အေသင့်ကို သံသယဝင်လာရလေသည်။ တေး ခိုင်းတာကို အေသင် တကယ်မှလုပ်ရဲ့လား။ ညာဝါးဖြီးဖြန်း ပြီး အစားကိုတော့ သေအောင်စားသွားသလား ... ။



www.burmeseclassic.com

www.burmeseclassic.com



တေးသည် မြတ်ဘိုအက်က အကြောင်းမထူးသည့် အဆုံးမှာ အေသင့်ကို ဖုန်းဆက်ခေါ်လိုက်လေသည်။ အေသင်က ချိန်းဆိုထားသော ကော်ဖီဆိုင်ကို ရောက်တာနှင့် တေးကိုတောင် စကားမပြောအားဘဲ စားပွဲထိုးကို လက်ခုပ်တီးခေါ်ကာ သူ့လက်ချောင်းတွေကို တစ်ချောင်းချင်း ဆန့်ထုတ်ရင်း ...

"ကော်ဖီ ... ဘာဂါ ... ဆင်းဒဝစ် ... ဟော့ဒေါ့ ... ပီဇာ၊ ပြီးတော့ ဘာရှိဦးမလဲ ..."

တေးသည် သူ့ကိုကြည့်ရင်း စိတ်တိုသွားကာ စားပွဲခုံပေါ် လက်ဖြင့် ဖြန်းခနဲ ရိုက်ချလိုက်ရင်း ...

"ဒီမှာ ... ဒီတစ်သက် မှာလို့ပြီးဦးမှာလား၊ အစားကိုတော့ စားပိုးနင့်အောင် စားပြီး အလုပ်ကျတော့ သေသေချာချာ မလုပ်ခဲ့ဘူး မဟုတ်လား ..."

"ဟာ ... ဘာလို့ မလုပ်ရမှာလဲ၊ မင်းခိုင်းတာအားလုံး လုပ်ပေးခဲ့သားပဲ"

"ဒါကတော့ ရှင့်အပြောပဲ၊ ရှင့်အပြောကို ယုံလိုက်ရတာပဲ၊ မလုပ်ဘဲ လုပ်တယ်ပြောလည်း ကျွန်မ မသိနိုင်ဘူး"

"သံသယစကားတွေနဲ့ မပြောနဲ့လေ၊ အိုကေ ... ညီလေး၊





ခုလို မြန်မြန်ရအောင် ကြိုးစားပေးတာ ကျေးဇူးပဲ၊ ကျန်တာတွေလည်း ခပ်သွက်သွက်ကလေးချ ..."

အေသင်က waiter လေး လာချပေးသော ဆင်းဒဝစ် ပန်းကန်ကို အမြန်ဆွဲယူကာ တစ်ခုကို နှစ်ကိုက်သာကိုက်ပြီး စားလိုက်ပါသည်။ သူ့ကိုကြည့်ပြီး တေး ပိုပြီးဒေါသဖြစ်သွားရကာ ...

"ကျွန်မပြောတာလည်း နည်းနည်းအာရုံစိုက်ပြီး နားထောင်ဦးပေါ့ရှင်၊ အစားချည်းပဲ မစားမနေနဲ့ပေါ့ ..."

"ပြောပါ ... နားထောင်နေပါတယ် ..."

အသံက ပလုတ်ပလောင်းသံ ...။

"ရှင်သာ ကျွန်မခိုင်းတဲ့အတိုင်းလုပ်ရိုးမှန်ရင် ခုလောက်ဆို သူတို့ချင်း ပြဿနာတက်နေလောက်ပြီ၊ ခုတော့ လုံးဝ ဘာမှကိုမဖြစ်ဘူး၊ ပုံမှန်အတိုင်းပဲ ..."

"ဒါကတော့ အစကတည်းက ကျုပ်ပြောသားပဲ၊ သူတို့ချင်းက နားလည်မှု သိပ်ရှိမယ့်ပုံပဲလေ၊ ခုတ်ပုံရလည်း တကယ်မဟုတ်မှန်းသိလို့ တစ်ယောက်ကိုတစ်ယောက် ယုံလို့ ဘာမှမဖြစ်တာနေမှာပေါ့၊ ကျုပ်အထင်တော့ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွေကို သူတို့နှစ်ယောက် အတူကြည့်ပြီး ဟားနေကြ မလွှား မသိဘူး”

တေးက ချက်ချင်း ဟန်မဆောင်နိုင်လောက်အောင် ရှုပ်ပွစ်စပ်သွားသည်။ အေသင်က ရယ်ချင်စိတ်ကို မနည်းအောင့်ထား လိုက်ရတာမို့ တေးလက်စတွေ လည်ချောင်းထဲ နင်သီးသွားကာ ချောင်းတဟွတ်ဟွတ် ဆိုးရလေသည်။

သူမက မခံမရပ်နိုင်သလို ပုံစံမျိုးနှင့် …

“အဲဒါ ရှင်ညှဲ့လို့သိလား၊ ရှင့်ကို ကျွန်မ မယုံဘူး၊ ရှင် ပို့လိုက်တဲ့ ဓာတ်ပုံတွေ ပြဝါဆိုလည်း မပြဘူး”

“ပုံတွေက ရရချင်းပဲ စာတိုက်ကနေ သွားပို့လိုက်တယ် လေဗျာ …”

“မဖြစ်နိုင်ပါဘူး၊ ရှင်က ငတ်ငတ်နဲ့ ဓာတ်ပုံဖိုးတွေ မုန့် လျှောက်စားပြီး ကျွန်မကို ညာပြောတာပဲဖြစ်မှာ …”

“ကဲ … ဒါဆိုလည်း ခင်ဗျားကိုယ်တိုင် လိုက်ခဲ့လေ၊ ကျုပ် ဓာတ်ပုံရိုက်တာကို ခင်ဗျားလိုက်စောင့်ကြည့်၊ ကွန်ပျူတာခန်း ကိုလည်း လိုက်ခဲ့၊ စာတိုက်ကိုလည်း လိုက်ခဲ့ပေါ့”

“လို[illegible] ရှင့်ကို မယုံဘူး”





အေသင်က ခေါင်းတစ်ချက်ကုတ်ရင်း မျက်နှာကို ရှုံ့တွကာ …

“တစ်ခုတော့ စိုးရိမ်တယ် …”

“ဘာကိုလဲ …”

“ခင်ဗျားနဲ့ ကျုပ် ဒီလိုတတွဲတွဲသွားနေရင် သူများတကာက ချစ်သူစုံတွဲတွေလို့ ထင်ကြမှာပေါ့၊ ကျုပ်ဆိုတဲ့ ကျုပ်ကလည်း ထင်ခြင်း အထင်ခံရရင် မိန်းမလှလေးတွေနဲ့မှ အထင်ခံချင် တာဗျ၊ ခင်ဗျားနဲ့ အထင်ခံရမယ်ဆိုရင်တော့ … အင်း …”

အေသင်က သံရှည်ဆွဲ၍ ညည်းညူလိုက်ရာ တေးက ဒေါသဖြင့် ဝုန်းခနဲ ထ,ရပ်လိုက်ရင်း …

“ဒီမှာ … ကျွန်မကလည်း ရှင်နဲ့ သိပ်အထင်ခံချင်တယ် မှတ်သလား၊ ရှင့်လို လူကြီးလူကောင်းမဆန်တဲ့ လူပေလူတေ မျိုးကြောင့်များတော့ ဓားလက်ာတို့က တစ်သက်လုံး စိတ်မလှုပ်ရှားဘူး၊ ရှင့်လို ယောကျ်ားမျိုးအတွက် ကျွန်မ ရင်ထဲမှာ နေရာမရှိဘူး …”

အေသင်ကရုတ်တရက်ငြိမ်သွားကာ သူမကို မျက်လုံး ပြူးကြီးဖြင့် စိုက်ကြည့်လိုက်ရာ သူမက မလုံမလဲလိုလို ရှက်အမ်း

www.burmeseclassic.com



အမ်းလိုလို အကြည့်လွှဲသွားသည်။ ထိုအခါကျမှ အေသင်က ပြုံးခနဲရယ်ချကာ ...

"ဟား ... ဟား ... သူများကျပြောတယ်၊ သူ့ကိုယ်သူတော့ ပြန်မကြည့်ဘူး၊ ခင်ဗျားကရော ဘယ်လောက်များ ချောနေလှနေလို့လဲ၊ ကျုပ်အတွက်တော့ ရင်ထဲမှာ ပေးစရာနေရာ မရှိဘူးတဲ့၊ ပြောရဲသေးတယ်၊ ခင်ဗျားနေရာပေးထားတဲ့ သူမျိုးကျတော့ရော ခင်ဗျားနေရာကို ဝင်လာလို့လား၊ ရှောင်ကွင်းသွားရင် ခင်ဗျား ဘာတတ်နိုင်ဦးမလဲ"

"ကြည့်စမ်း ... မိန်းကလေးတစ်ယောက်နဲ့ ပြိုင်ပြီးရန်ဖြစ်ရဲရတယ်လို့ ... အံ့ရော ... ဘယ်လိုယောကျ်ားမျိုးလဲ ..."

"ရန်ဖြစ်တာပဲ ... ကျား၊ မ မဟူ လူမှန်ရင် ဖြစ်လို့ရတာပဲ၊ မိန်းကလေးမို့လို့ ဘာမှမပြောဘဲ ငြိမ်ခံနေရမှာလား ..."

"တော်ပြီ ... တော်ပြီ ... ရှင်လိုလူနဲ့ ရန်မဖက်မဖြစ်ဘူး၊ သွားမယ် ..."

"အပြီးသွားတာလား၊ ခင်ဗျားကိစ္စတွေ ဆက်မလုပ်တော့ဘူးလား"

"ဓာတ်ပုံဆိုင်ကို သွားမယ်ပြောတာရှင့် ..."





"နေပါဦး ... မှာထားတာလေးတွေ ကုန်အောင် စားပါဦးနော် ... စေဦး"

"နှစ်ဆယ့်လေးနာရီ ငတ်ကြီးကျနေတာပဲ"

အေသင်က တေးကို ဘာမှပြန်မပြောတော့ဘဲ အစားကိုသာ စိမ်ပြေနပြေ စားနေတော့တာမို့ တေးက သက်ပြင်းချကာ နေရာမှာ ပြန်ထိုင်စောင့်ရလေသည်။ ပြီးတော့ ပါးစပ်က ခပ်တိုးတိုး ရေရွတ်မိသည်မှာ ...

"မြွေပွေး ခါးပိုက်ပိုက်ထားရသလိုပဲ၊ ကိုယ့်ကို ပြန်ပေါက်တာပဲ ခံခံနေရတယ်"

"သူများကို မကောင်းကြံတာပဲ ဒီလောက်တော့ ခံပေါ့ဗျာ"

သူက တစ်ခွန်းမခံချေ။ သူ့ရဲ့စကားလုံးတိုင်းဟာ တေးစိတ်ကို ဒေါသသင့်စေသည်။ ခိုင်းစရာလူမရှိလို့သာ သည်းခံနေရတာပဲ။

အဲဒီနောက်တော့ တေးသည် အတတ်နိုင်ဆုံး သည်းခံစိတ်မွေးကာ အေသင်နှင့်အတူ ဓာတ်ပုံဆိုင်သို့ လိုက်ရလေသည်။ ဓာတ်ပုံဆိုင်မှာ သူက ပို့စ်အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ခံနေတာကို စောင့်ရတာလည်း ငိုက်တောင်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အ ဓာတ်ပုံရိုက်ပြီး ကွန်ပျူတာခန်းသွားကာ စုတွဲပုံဖြစ်အောင် ဖန်တီးတော့လည်း တေးက အေသင်နှင့်အတူ လိုက်ပါကာ ၎င်းစီဒေါက်ထောက် ကြည့်ရလေသည်။ ပုံတွေ ရသောအခါ အေသင်က ပုံတွေကို သဘောတကျ ပြုံးကြည့်ရင်း …

"ဟား … တကယ်လိုက်ဖက်တာပဲ၊ မြစည်သူရဲ့ မျက်နှာကလေးကလည်း စိတ်ကောင်းရှိလို့ ထင်ပါရဲ့၊ ကြည်လင်နူးညံ့နေတာပဲ၊ သူ့ချစ်သူက သူ့ကို သိပ်ချစ်တာလည်း မပြောနဲ့လေ၊ သူက စိတ်ကောင်းရှိတာကိုး၊ ဒီမှာ တစ်ခုတော့ မှတ်ထားဗျ၊ ကျုပ်တို့လို ယောကျ်ားတွေဟာ စိတ်သဘောထား နူးညံ့ပျော့ပျောင်းပြီး စိတ်ကောင်းရှိတဲ့ မိန်းမမျိုးကိုပဲ များသောအားဖြင့် သဘောကျတတ်ကြတာ၊ စိတ်ပုပ်စပ်တဲ့ မိန်းမမျိုးဆို ဘယ်သူမှ မကြိုက်ချင်ကြဘူး၊ ကြည့်စမ်း ဒီပုံလေးက အသက်ဝင်လိုက်တာ၊ တကယ့် စုတွဲပုံကို ရိုက်ထားတဲ့အတိုင်းပဲ၊ ပုံကြီးချဲ့ပြီး အခန်းထဲမှာတောင် ကပ်ထားလိုက်ချင်ပြီ …"

အေသင်သည် ဓာတ်ပုံတွေကို မြှောက်ကြည့်ရင်း တေးလက်ာကို မခံချိမခံသာဖြစ်အောင် ဆွလျက်ရှိလေသည်။





တေးလက်ာက သူပြောတာကို သိပ်တောင်ကြားဟန်မတူဘဲ ငိုက်မြှည်းနေရာက "တစ်ချက်သမ်းဝေကာ …

"ဓာတ်ပုံတွေလုပ်တာကလည်း ကြာလိုက်တာ" မှ

"ဒီမှာ အားလုံးပြီးပြီလေ၊ စာတိုက်ကို သွားပို့ရုံပဲ၊ မင်းက စာတိုက်အထိ လိုက်ဦးမှာလား"

"လိုက်မှာပေါ့ …"

"ပြီးရော … ဒီမှာနော်၊ ဒီမှာကြည့် … ဒီစာအိတ်အဝါထဲကို ပုံတွေထည့်လိုက်ပြီ၊ ဟော … ပိတ်လိုက်ပါပြီ၊ သေသေချာချာ ကြည့်နော် … ဟောဒီမှာ ကိုခိုင်လုံလိပ်စာ ရေးလိုက်ပြီ၊ အိုကေနော် … တွေ့တယ်မဟုတ်လား"

"အင်းပါ … တွေ့ပါတယ်"

"ခဏစောင့် … Toilet ခဏဝင်လိုက်ဦးမယ်၊ စာအိတ် ဒီမှာထားခဲ့တယ်နော်"

"အင်း … အင်း …"

သူမက အိပ်ချင်စိတ်ဖြင့် ငိုက်မြည်းစင်းကျနေသော မျက်လုံးများဖြင့် သူ့ကိုကြည့်ကာ ခေါင်းညိတ်ပြလိုက်သည်။ သူက သူမနံဘေးမှာ ချထားသော file ထဲမှာ စာအိတ်ကို ထည့်ပြီ

www.burmeseclassic.com



ပြီး နောက်အက်သို့ ဝင်လာခဲ့သည်။ နောက်ဘက်ရောက်တော့ ခုန စာအိတ်နှင့်ဆင်တူစာအိတ်အလွတ်ထဲမှာ ကွန်ပျူတာလုပ်ငန်းရဲ့ လက်ကမ်းစာစောင် တစ်ထပ်ကို ဆွဲထည့်ပိတ်လိုက်ပြီး ကိုရိုင်လုံ့ လိပ်စာ ရေးလိုက်သည်။

အေဒသင် ရှေ့ဘက်သို့ ပြန်ထွက်လာတော့ ထိုင်ခုံနားက ပန်းအိုးကြီးကို ခေါင်းမေးကာ ငိုက်နေသော တေးလက်ကို တွေ့ရလေသည်။ ကြည့်ပါဦး ... ဒီလို နေရာတကာ ငိုက်မြည်းဖို့ ဝန်မလေးတဲ့ ကဗျာမဆန်တဲ့ မိန်းမမျိုးကို ဘယ်သူက ကြိုက်မှာတဲ့လဲ ...။

သူမ နံဘေးမှ စာအိတ်ကို အသာဆွဲယူပြီး စာအိတ် ချင်းလဲသည့် ကိစ္စဟာ လွယ်လင့်တကူပင် ပြီးဆုံးသွားခဲ့လေသည်။

"ဒီမှာ ... ဟော့ ... ဘာငိုက်နေတာလဲ၊ သူများကို မကောင်းကြံစည်တဲ့သူဆိုတာ အန္တရာယ်အနံ့ခံရင်း သတိနဲ့နေတတ်ရတယ်ဗျ၊ ထဲတော့ ... စာတိုက်သွားရမယ် ..."

"အင်း ... အင်း ... သွားမယ်လေ၊ စာအိတ်ရော ..."

"ခင်ဗျားဘေးနားမှာပဲ၊ ခုနကတည်းက သေသေချာချာ ပြောထားခဲ့တာ ..."





"သြော် ... ဟုတ်သားပဲ"

တေးသည် အညာခံနေရတာကို မသိဘဲ စာတိုက်ထိ လိုက်ပါလာကာ သူစာထည့်တာကို လိုက်ကြည့်လေသည်။

အဲ့ဒီနေ့ကလည်း ထုံးစံအတိုင်း သူမက သူ့ကို စေတနာမရှိဘဲ သူစားချင်သည့်ဆိုင်မှာ ထမင်းလိုက်ကျွေးရပြန်သည်။

သူစားသမျှကို မျက်လုံးပြူးကြည့်ရင်း ကုပ်ချောင်းချောင်း ထိုင်နေသော သူမပုံစံကို သူရယ်ချင်နေခဲ့ရပါသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

အေသင်ဟာ စကားလုံးနင့်နင့်သည်းသည်းတွေကို အားမနာတမ်း သုံးစွဲတတ်သော ယောကျ်ားတစ်ယောက်ဖြစ်သည်။

အေသင့်ကို တေး မှန်းလှပါသည်။

သူများကို မကောင်းကြံချင်တဲ့သူ၊ စိတ်ပုပ်တဲ့ မိန်းမဆို ဘယ်သူမှ မကြိုက်ချင်ကြဘူး၊ သူများကို မကောင်းကြံချင်တာ ဒီလောကတော့ ခံ၊ မင်းကရော ဘယ်လောကချောလှနေလို့လဲ၊ မိန်းမလှလေးတွေနဲ့ပဲ အထင်ခံချင်တာ၊ မင်း မနာလိုတဲ့ မိန်းမလှလေး၊ လူက ရုပ်ဆိုးသလောက် နာမည်က တယ်လှပါလား၊ နောက်ဘဝကျ ဒါ့ထက်အရုပ်ဆိုးဦးမယ်၊ စိတ်ပုပ်မ ... ရုပ်နဲ့ စိတ်နဲ့ လိုက်ပါတယ် ...

---

ပုညခင်၏စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



စသဖြင့် ... စသဖြင့် ...

နှင့်သီးစီးပိုးလှသော [illegible]တွေဖြင့် တေးကို အမြဲတစေ နှိပ်စက်နေတတ်သူဖြစ်သည်။ သူ့လောက် စကားပြော ပြောင်ကျတာ တေး မတွေ့ဖူးချေ။

ဘယ်သူကမှ တေးကိုရှေ့ထားပြီး မလှဘူးလို့ မပြော ခဲ့၊ သူ့ကျမှ တေးကို တမင်အငြိုးထားပြီး နှိပ်စက်နေသလား အောက်မေ့ရသည်။

တေး မလှတာ တေးဘာသာသိသော်လည်း တေး ရှေ့မှာ ပြောင်ကျကျကြီး မလှဘူးလို့ လာပြောတာတော့ တေးက မခံချင်ပေ။

တေးသည် မြစည်သူကို မကောင်းကြံရင်းကပင် အလိုလိုနေရင်း စိတ်တိုဒေါသထွက်၍ နေရလေသည်။

တေးရဲ့ အကြံအစည်ဟာ ခုထိ အကျိုးသက်ရောက်မှု မရှိသေး။ မြဆီ ကိုခိုင်လုံ လာတိုင်း ... မြက ကိုခိုင်လုံဆီ သွားပြီး ပြန်လာတိုင်း မြရဲ့ မျက်နှာဟာ ပကတိပြုံးရွှင်ကြည်လင်နေမြဲ ...။

ထိုအဖြစ်ကပင် တေးရဲ့ ဒေါသကို မိုမိုကြီးထွားစေ လေသည်။





တေးသည် အလိုလိုနေရင်း စိတ်တိုနေခဲ့ကာ ဘယ်သူ့ ကိုမှ စိတ်မရှည်၊ အကြောင်းလည်းမမြင်နိုင်ပေ။ တေး စိတ်တို နေပြီဆို အိမ်က ကောင်မလေးတွေကအစ ခြံထဲက မာလီအလယ်၊ ဒရိုင်ဘာအဆုံး စိတ်တိုင်းမကျစွာ ဆူပူမာန်မဲမိလေသည်။

တစ်နေ့တော့ တေးတစ်ယောက်တည်း ခြံထဲမှာ ဆောလုံးပုတ်၍ ကစားနေမိလေသည်။ အိမ်က ကောင်မလေးတွေ နှင့် မာလီကြီးက ပေါ်တီကိုအောက်မှာ စုဝေးထိုင်ကာ မနေ့ညက လာသွားသော ကိုရီးယား ကားအကြောင်း ဝိုင်းဖွဲ့ပြောလျက်ရှိ သည်။

တေး ကစားနေဆဲ မိုးက ဖြန်းခနဲ ရွာချလိုက်လေ သည်။ တေးရှိနေသောနေရာက အိမ်နှင့်အတော်ဝေးတာမို့ မိုးလွတ် ရန် ခပ်သွက်သွက် ပြေးသွားမှဖြစ်ပါမည်။ တေးက နီးစပ်ရာ ခန်းချုံကလေးနားမှာ ပြေးကပ်ပြီး မိုးခိုလိုက်သည်။ ကောင်မလေး တွေ အလိုက်တသိ ထီးလာပေးမလားရယ်လို့ လှမ်းကြည့်သော် သည်း သူတို့က တေးကို အရေးမစိုက်ချေ။

တေးသည် ရုတ်တရက် ဒေါသလည်းထွက်၊ ဝမ်း သည်း နည်းလာရပါသည်။ ကောင်မလေးတွေဟာ မြစည်သူကို



www.burmeseclassic.com

www.burmeseclassic.com



များဆို ဂရုစိုက်လိုက်တာ ပျာယာခတ်လို့နေသည်။ ဟိုတစ်နေ့က တောင် မြစည်သူ ခြံထဲမှာ အပင်သွားစိုက်နေတုန်း မိုးရွာလာလို့ ကောင်မလေးတစ်ယောက် အပြေးအလွှား ထီးသွားမိုးပေးတာကို တွေ့မိသေးသည်။ တေးသည် စိတ်ထဲခပြင်းလာကာ အိမ်ဘက်သို့ ပြေးထွက်လာခဲ့သည်။ မိုးကလည်း အပြင်းအထန် ရွာနေခဲ့ပြီး ကွန်ကရစ်လမ်းက ချောနေခဲ့တာမို့ ပြေးရင်း တေး ချော်လဲသွား လေသည်။ ထိုခဏမှာ တစ်ဖက် ခြံတံခါးဝဆီမှ မောင်းဝင်လာသော မြစည်သူရဲ့ ကားကို တွေ့လိုက်ရသည်။ တေးကို အရေးမစိုက် သော ကောင်မလေးတွေသည် လှုပ်လှုပ်ရှရှဖြစ်သွားကာ…

"ဟော… မမ ပြန်လာပြီ…"

ဟု ပြောရင်း မတ်တတ် ထ,ရပ်လိုက်ကြသည်။ ပြီးတော့ ကားတံခါးကို ဖွင့်သူကဖွင့်၊ ပစ္စည်းတွေ ဗိုင်းသယ်သူက သယ်ဖြင့် ဆူညံစည်ကားသွားလေသည်။

မြစည်သူကတော့ တေးကို မမြင်ဘဲ အိမ်ထဲသို့ ဝင် သွားခဲ့ပြီ။ တေးကတော့ ဒေါသဖြင့် နာကြည်းစွာကျန်ရစ်ခဲ့ရသည်။ တေးနဲ့ မြစည်သူဟာ ဟောဒီအိမ်မှာ အခွင့်အရေးတန်းတူရထား ပါလျက် ဘာဖြစ်လို့ တေးကိုကျတော့ အရေးမစိုက်ချင်ရတာလဲ…





တေးသည် မိုးရေထဲမှ ကုန်းရုန်းထ,ကာ အိမ်ဘက်သို့ ခပ်သွက်သွက်လျှောက်လာခဲ့သည်။ ပြီးတော့ ကောင်မလေးတွေ ရှိနေမည့် မီးဖိုချောင်ဘက်သို့ လှမ်းသွားကာ…

"ဒီမှာ… နင်တို့ ဘာအချိုးချိုးတာလဲ…"

"ရှင်…"

"ဒီအိမ်မှာ မြစည်သူက ဦးစည်သူမောင် သမီး၊ ငါကလည်း ဦးစည်သူမောင် ဇနီးရဲ့ သမီး၊ ဦးစည်သူမောင်ကလည်း မြစည်သူနဲ့ တန်းတူ ငါ့ကို ဂရုစိုက်ဖို့ မှာထားရက်သားနဲ့ နင်တို့က ဘာဖြစ်လို့ မြစည်သူကိုမှ ပိုပြီး ဂရုစိုက်နေရ တာလဲ…"

"ဟို… ဟိုလေ… မမက… စိတ်ထားကောင်းလို့…"

"ဘာ…"

တေးက ဒေါသဖြင့် အော်လိုက်မိတာမို့ မေမေက တေးနား ရောက်လာကာ…

"သမီး ဘာဖြစ်နေတာလဲ"

"ဟို… ဘာမှမဖြစ်ပါဘူး မေမေ"

"ကြည့်စမ်း… မိုးရေတွေလည်း ရွှဲနေတာပဲ၊ လာလာ အဝတ် လဲပြီး နွေးနွေးထွေးထွေးနေလိုက်"



www.burmeseclassic.com

www.burmeseclassic.com



မေမေက တေးပခုံးကိုဖက်ကာ ခေါ်လာရင်း ခပ်

တိုးတိုးပြောသည်မှာ ...

"ကောင်မလေးတွေကို ချိုချိုသာသာ ပြောဆိုဆက်ဆံ

သိမ်းရယ်၊ ဒါမှ ကိုယ့်အပေါ်စေတနာထားတော့မှာပေါ့

မြစည်သူဆို ကောင်မလေးတွေကို အမြဲနူးနူးညံ့ညံ့ဆက်ဆံ

တော့ ကောင်မလေးတွေက သူ့ကိုဆို သိပ်ဂရုစိုက်ကြ

ချစ်ကြတာ၊ မြကို အတုယူမှပေါ့"

အရေးထဲ မေမေက မြစည်သူကို အမွှန်းတင်နေပြန်

တာမို့ တေးမှာ ပို၍ဒေါသဖြစ်ရလေသည်။

❀ ❀ ❀



❀ ❀ ❀

တေးသည် ဒေါသဖြစ်ဖြစ်နှင့် အိမ်ကထွက်လာပြီး

အေသင့်ကို ဖုန်းဆက်ခေါ်လိုက်လေသည်။

အေသင့်ရောက်လာချိန်တွင် ဒေါသဖြင့် စူပုပ်ပွနေ

သော မျက်နှာထားဖြင့် ပါးစပ်က တီးတိုးတီးတိုး ရေရွတ်နေသော

တေးကို တွေ့ရလေသည်။

"ကကာ ဘယ်တော့မှ မကောင်းဘူး၊ အိမ်ဖော်တွေကတောင်

ခွဲခြားခွဲခြား ဆက်ဆံခံရတယ်လို့ ငါ့ကကိုကဆိုးတာ ...

ဆိုးတာ၊ တကယ်ပါပဲ၊ အဲ့ရော ... အဲ့ရော"

တေးသည် အနားမှာ အေသင်ပါနေတာကိုလည်း

ဂရုမစိုက်လှပဲ ဒေါသရဲ့ထွက်ပေါက်အဖြစ် လွှယ်နေကျ အိတ်ပြော



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို လက်မှာကိုင်ကာ လွှဲယမ်းရင်း ပလက်ဖောင်းအတိုင်း လမ်းလျှောက်နေလေသည်။

"ရှင် ကြံစမ်းပါဦး အေသင်ရဲ့၊ မြစည်သူဟာ အမြဲပဲ ကံကောင်းနေခဲ့တယ်၊ သူ့ကို ကံမကောင်းအောင် ဘယ်လို လုပ်ရင် ကောင်းမလဲ၊ သူ့ရဲ့ကံကောင်းခြင်းတွေ ကျွန်မ အတွက် တောင်းလို့ရရင် တောင်းပေးစမ်းပါ၊ ရှင့်အတွက် ထမင်းကျွေးရုံမကဘူး ပါဆယ်ပါဆွဲပေးလိုက်ပါ့မယ်"

ဆံပင်က ဖွာဖွာ၊ ပါးစပ်က ရွှပ်ရွှပ်၊ လူကဘောက်ဆွ ဘောက်ဆွ လျှောက်နေသောတေးကိုကြည့်ကာ အေသင် ဝါးလုံး ကွဲ ရယ်ချချင်လာသည်။

"ရှင် ပို့လိုက်တဲ့ ဓာတ်ပုံကိစ္စကလည်း ခုထိ အကြောင်း မထူးဘူး၊ တခြားနည်းလမ်း ရှာစမ်းပါဦး၊ အဲဒါဆို... အမေ့...ကုန်ပြီ"

တေးလွှဲယမ်းကိုင်လာသောအိတ်ကြီးသည် ရုတ် တရက် တေးလက်မှ အရှိန်နှင့် လွတ်ထွက်သွားကာ တစ်လံ အကွာလောက်သို့ ဗုန်းခနဲကျရောက်သွားသည်။ ဇစ်ပွင့်နေပုံရသော အိတ်ထဲမှ တေးရဲ့ စည်းမရှိ ကမ်းမရှိ တိုလီထွာလီများ ထွက်ကျ ပြန့်ကျဲသွားတော့သည်။





"ကုန်ပါပြီ...လုပ်ပါဦး ကောက်ပေးပါဦး"

တေးက အိတ်ကို အမြန်ပြေးကောက်ရင်း ထိုနေရာမှ ထိုင်ချကာ ပစ္စည်းတွေကို တစ်စချင်းကောက်လျက်က သူ့ကို မော့ကြည့်လာပြီး...

"ကြည့်မနေနဲ့လေ ကူကောက်မှပေါ့"

အေသင်သည် ကူမကောက်သည့်အပြင် ပြန့်ကျဲနေ သော သူမရဲ့ တိုလီထွာလီတွေကို ငုံ့ကြည့်ရင်း ဖြုန်းခနဲဝါးလုံး ကွဲရယ်ချလိုက်ပေသည်။

"ဟင်...ရှင်က ဘာရယ်တာလဲ၊ ဒါဘာသဘောလဲ"

"ဟား...ဟား...တကယ့် ဟာသပဲ၊ ကြည့်စမ်းပါဦး၊ မိန်းကလေးလွယ်အိတ်ထဲက ထွက်ကျလာတဲ့ပစ္စည်းတွေက နည်းနည်းမှ ကဗျာမဆန်ဘူး၊ တစ်ရှူးစတွေကလည်း ချွေး သုတ်ပြီးသားတွေလား မသိဘူး၊ လုံးထွေးမွကြဲနေတာပဲ၊ ဘောလ်ပဲန်ကလည်း အဖုံးမပါတော့ စာအုပ်ကို မင်စွန်းနေ သေးတယ်၊ ပိုက်ဆံတွေကလည်း မွစာကျဲနေတာပဲ၊ သွား ကြားထိုးတံအကျိုးတွေလည်း ပါတယ်၊ တကယ့် ဖြုတ်စ ဖျင်းတောင်း ဗလချေးနန်းပဲ၊ သေချာတယ်၊ ဘယ်ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မဆို ခင်ဗျားကို မမြင်ဘဲနဲ့တောင် ခင်ဗျား အိတ်ထဲကပစ္စည်း တွေကို မြင်ရုံနဲ့ စိတ်ပျက်သွားမှာပဲ"

ဇေးသည် ရုတ်တရက် မျက်နှာလေးငယ်ကျသွားကာ တစ်ခုခုကို တွေးမိသလို ခဏငြိမ်သွားပြီးမှ...

"တကယ်...တကယ်လား...ရှင်တို့ ယောကျ်ားတွေမှာ ဒီလိုပစ္စည်းတွေကိုမြင်ရင် စိတ်ပျက်တတ်သလား"

"သေချာတာပေါ့၊ စလင်းဘက်ထဲကပစ္စည်းတွေကိုကြည့်ရုံနဲ့ အဲဒီမိန်းကလေးဟာ စည်းကမ်းရှိမရှိ သိနိုင်တာပဲ၊ ဒီလို ကိုယ့်စလင်းဘက်ထဲ ရှုပ်ပွညစ်ပတ်ထားတဲ့ မိန်းကလေး မျိုးကို ဘယ်ယောကျ်ားလေးကစိတ်ဝင်စားမှာလဲ"

"သြော်...ဒါကြောင့်ကိုး..."

ဇေးသည် ကိုခိုင်လုံရှေ့မှာ ပစ္စည်းတွေ ပြန့်ကျဲခဲ့ရဖူးသောအဖြစ်ကို သတိရကာ ဝမ်းပန်းတနည်း နောင်တရသွားလေသည်။ သူတို့ယောကျ်ားလေးတွေရဲ့သဘောဟာ ဒီလိုမှန်း စောစောကသိခဲ့ရင် ဇေးရဲ့အိတ်ကြီးကို ကိုခိုင်လုံရှေ့မှာ သွန်မချခဲ့ပါဘူး။

"ဒီမှာ...ဒီမှာ...ခင်ဗျား မျက်နှာမကောင်းပါလား၊ ဘာဖြစ်သွားတာလဲ"





"ရှင့်စကားတွေက စိတ်ပျက်စရာကောင်းလောက်အောင် တဲ့တိုးကျလွန်းလို့ ကျွန်မ စိတ်ဆင်းရဲရတယ်ရှင့်"

"ကျုပ်လို အမှန်ကို အမှန်အတိုင်း ပြောရဲတဲ့လူမျိုးများ ခင်ဗျားရှာကြည့်ပါဦး၊ တချို့ယောကျ်ားတွေဆို မိန်းကလေး မြင်ရင် အားနာရတာနဲ့ ငဲ့ညှာရတာနဲ့ ဘာကိုမှ အမှန် မပြောဘဲ စကားလှအောင် ကြည့်ပြောနေကြတာ၊ မလှတဲ့ မိန်းမကိုလည်း လှတယ် ပြောချင်ပြော၊ မြှောက်ပင့်ပြော တော့ တစ်ဖက်သားက အမှန်ကို အမှန်အတိုင်းမမြင်တော့ ဘူး၊ ကိုယ့်ချွတ်ယွင်းချက်တွေကို ကိုယ်မသိတော့ ပြုပြင် ရကောင်းမှန်းမသိတော့ဘူး၊ ကျုပ်မျက်စိထဲမြင်တာကို အမှန် အတိုင်း ထပ်ပြောရမယ်ဆိုရင်တော့ ခင်ဗျားက စလင်းဘက် အိတ်တင် စိတ်ပျက်စရာကောင်းတာမဟုတ်ဘူး၊ လူကလည်း တော်တော် အချိုးမပြေတာဗျ"

ဇေးက မျက်နှာရှုပုပ်ကာ စိတ်ဆိုးသွားသည်။

"အဲဒီအချိုးမပြေတာတွေကို ပြင်လိုက်ရင်တော့ ခင်ဗျား ဟာ တော်တော် ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးတစ်ယောက် ဖြစ်လာမယ်"



www.burmeseclassic.com

www.burmeseclassic.com



တေး မျက်လုံးတွေက မျှော်လင့်ချက်ဖြင့် အရောင်တောက်လာသည်။

"ခုလက်ရှိအတိုင်းဆိုရင်တော့ no attraction ပဲ၊ လုံးဝဆွဲဆောင်မှုမရှိဘူး၊ ဒါ အမှန်အတိုင်းပြောတာ"

တေးသည် မျက်နှာပုပ်ပုပ်နှင့် ခဏငြိမ်သွားပြီးမှ လေသံခပ်ဆတ်ဆတ်နှင့်...

"ကျွန်မ နေတတ်သလို နေနေတာပဲ"

"မိန်းကလေးဆိုတာ ကိုယ့်ကိုကိုယ် ပြပြပြင်ပြင်လေးတော့ နေဦးမှပေါ့ဗျ။ ခုတော့ ခင်ဗျားပုံစံက..."

အေသင်က စကားကို တစ်ဝက်တစ်ပျက်ရပ်ထားလိုက်တာမို့ တေးက သိချင်စိတ်စောသွားကာ...

"ဘာဖြစ်သလဲ...ကျွန်မပုံစံက..."

"ခင်ဗျား ကြားရဲ့သလား..."

"ရှင် သိပ်နစ်နစ်နာနာကြီး မပြောရင် ကြားရဲတယ်"

"တမင်နစ်နာအောင်တော့ လုပ်ကြံမပြောပါဘူး၊ အမှန်အတိုင်းပဲ ပြောမှာ"

အေသင်က ရယ်ချင်စိတ်ဖြင့် ပြုံးစေ့စေ့ဖြစ်နေသော မျက်နှာကို တစ်ဖက်သို့လှည့်ကာ မျက်နှာပိုးသတ်လိုက်ပြီး...

ပုညခင်စာအုပ်တိုက်



"နံပါတ် တစ်...ခင်ဗျားရဲ့ ဆံပင်တွေက စာကလေးငှက်သိုက်လိုပဲဗျာ"

"ဘာ...ဘာ..."

"စာကလေးငှက်သိုက်လေ...မြင်ဖူးတယ်မဟုတ်လား၊ အုံပွကြီးဖြစ်နေတာ၊ ဆံပင်ရှည်ထားတယ်ဆိုတာ ဆံပင်လှတဲ့ မိန်းကလေးတွေအတွက်သာ သင့်တော်တာဗျ၊ ဆံပင်စင်းစင်း ဖြောင့်လေးတွေရှည်နေရင် အရမ်းကြည့်လို့လှတာ၊ ခုတော့ ခင်ဗျားဆံပင်က လှိုင်းတွန့်တွေပါပြီး မွနေတာကြီးကို အရှည်သွားထားတော့ ချုပုတ်ကြီး ခေါင်းပေါ်စွပ်ထားသလို ဖြစ်နေတာပေါ့"

တေးက သူ့ကို မသိမသာမျက်စောင်းထိုးမိ၏။ ပြမာပေးပုံက မညာတာချေ။

"ယောကျ်ားလေးတွေ မက်မောနှစ်သက်ကြတဲ့အလှထဲမှာ ဆံပင်အလှလည်းပါတယ်ဗျ၊ ရုပ်သိပ်မလှရင်တောင် ဆံပင်လေးလှရင် ဆွဲဆောင်မှုရှိနေတာပဲ၊ ဒါကို ခင်ဗျား သတိချပ်သင့်တယ်၊ အင်း...နံပါတ်နှစ်ကတော့ ခင်ဗျား ဘာလို့ လက်ပြင်ကုန်းနေတာလဲ"

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"ဘာ..."

"ခင်ဗျား ဘာလို့ လက်ပြင်ကုန်းနေတာလဲလို့ မေးနေတာလေ၊ ခင်ဗျားဟာ လက်ပြင်ကုန်းကုန်း မိန်းမတစ်ယောက် ဖြစ်နေတာကိုး"

"အို...ဒါကတော့..."

"ခင်ဗျားအမေ မွေးတုန်းကတော့ လက်ပြင်ရိုးက မကုန်းဘူးထင်ပါတယ်၊ ခင်ဗျားဘာသာ ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဘဲ မဝံ့မရဲဖြစ်နေတော့ လက်ပြင်က အလိုလိုနေရင်း ကုန်းသလိုလိုဖြစ်လာပြီး ကိုယ်ဟန်အနေအထားက ငုပ်လျှိုးသွားတယ်၊ နောက်ဆုံးတော့ ခင်ဗျားဟာ ကုပ်ချောင်းချောင်း မိန်းမတစ်ယောက် ဖြစ်သွားရတော့တာပါပဲ"

အသင့်စကားတွေကို နားထောင်နေရသော တေးရဲ့ မျက်နှာသည် အောင့်သီးအောင့်သက် မခံချိမခံသာဖြစ်၍နေသည်။ အသင်က ဂရုမစိုက်ဘဲ စကားဆက်သည်မှာ...

"နံပါတ် သုံးက ခင်ဗျားရဲ့ လမ်းသွားပုံပဲ၊ ခင်ဗျားလမ်းသွားပုံက ဘာဖြစ်လို့ မိန်းမနဲ့မတူတာလဲ"

"ဟင်...မိန်းမလမ်းသွားတာ မိန်းမနဲ့မတူလို့ ဘာနဲ့တူရမလဲ"





"ကာတွန်းရုပ်နဲ့ တူတယ်လေ၊ ခင်ဗျား လမ်းသွားပုံက ကာတွန်းရုပ်လမ်းသွားပုံအတိုင်းပဲ၊ တောက်ဆတ် တောက်ဆတ်နဲ့၊ ခင်ဗျား မြန်မြန်လမ်းလျှောက်ပြီဆိုရင် အရမ်းရယ်စရာကောင်းလွန်းလို့ မရယ်မိအောင် အောင့်ထားရတယ်၊ ဟား...ဟား...အခုတောင် ရယ်ချင်လာပြီ"

"ရှင်နော်...ရှင်..."

"အင်း...နောက်ဆုံးတစ်ချက်ပြောရရင်တော့...အဆိုးဆုံးက ခင်ဗျားရဲ့မျက်နှာထားပဲဗျို့၊ ခင်ဗျားရဲ့ သူတစ်ပါးအပေါ် မကောင်းကြံစည်ချင်တဲ့၊ မနာလိုတဲ့၊ ပုပ်စပ်ညစ်ပတ်တဲ့ စိတ်တွေ ခင်ဗျားရဲ့မျက်နှာပေါ်မှာ ပေါ်နေတယ်၊ စိတ်ဆိုတာ ရုပ်မှာထင်ဟပ်တာပဲ၊ အဲဒါကြောင့် ခင်ဗျားမျက်နှာဟာ မကြည်လင်ဘူး၊ ခင်ဗျားရဲ့မျက်လုံးအကြည့်တွေက အစ ကြည်လင်တောက်ပမှုမရှိဘူး၊ ဒေါသတွေ၊ မစ္ဆေရစိတ်တွေနဲ့ မနှစ်မြို့စရာဖြစ်နေတယ်၊ အဲဒီတော့ ကျုပ်အကြံပေးချင်တာက ခင်ဗျား ရုပ်လှချင်ရင် စိတ်ကိုပြင်"

"ဘယ်လိုပြင်ရမလဲ"

"ခင်ဗျားစိတ်ကောင်းမွေးလိုက်လေ၊ စိတ်ကို ကြည်ကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်လင် ထားလိုက်လေ၊ အဲဒါဆို ခင်ဗျားမျက်နှာထားက အစ မျက်လုံးတွေပါ နှစ်သက်စရာဖြစ်လာမယ်၊ ခုလို သူများတကာကို လိုက်မကောင်းကြံနေမယ့်အစား ကိုယ့်ကိုကိုယ်သာ ဆွဲဆောင်မှုရှိအောင် ပြုပြင်လိုက်စမ်းပါဗျာ၊ ဒါနဲ့ ဘာတဲ့ ... ခင်ဗျား ခုနကပြောနေတာ ကြားလိုက်ပါတယ်၊ အိမ်ဖော်တွေကအစ ခွဲခြားဆက်ဆံတယ်ဆိုလား”

“ဟုတ်တယ် ... သူတို့က ကျွန်မကိုဆို ဘယ်တော့မှဂရုမစိုက်ဘူး၊ မြစည်သူမှ မြစည်သူ”

“ဒါကလည်း တစ်ဦးမေတ္တာတစ်ဦးမှာပေါ့၊ ခင်ဗျားက အလိုလိုနေရင် ပုပ်စပ်နေတော့ ခင်ဗျားကို ဘယ်သူက သဘောကျမလဲ၊ ခင်ဗျားနားကပ်ချင်မလဲ၊ ကျုပ် မြစည်သူကို တွေ့ဖူးတာတော့ သူ့မျက်နှာက ကြည်နေတာပဲ၊ ခင်ဗျား နှာခေါင်းနဲ့ပဲ ... ခင်ဗျား နှုတ်ခမ်းကို ရှုံ့လို့ ချော်လဲတာတောင် မျက်နှာက ပုပ်စပ် မသွားဘူး၊ ခင်ဗျားသာဆို ဒီနှုတ်ခမ်းကို ဘယ်သူက စည်းကမ်းမရှိ ချုသလဲ၊ ဘာလဲ ညာမဲ ဒေါသနဲ့ ရမ်းနေမှာ မြင်ယောင်သေးတယ်”

“ရှင်ဟာလေ ကျွန်မဆို အမြဲတမ်း မှိုချိုးမှုစ်ချိုးပြောတယ်”





“ဒီလိုပြောမှ ခင်ဗျားနားထဲကို ဒိုင်းခနဲရောက်၊ ရင်ထဲ နှင့်ခနဲဝင်ပြီး မှတ်လောက်သားလောက် ဖြစ်တော့မှာပေါ့ ...

“ခင်ဗျားစိတ်ကိုသာ ပြင်နိုင်ရင် ရုပ်ကိုပြင်ဖို့က အလွယ်လေးဗျ၊ ခင်ဗျားစိတ်ကောင်းကလေး မွေးတတ်လာပြီဆို ကိုယ့်ကိုယ်ကိုယ် နှစ်သက်စရာကောင်းတယ်လို့ ယုံကြည်ထားလိုက်၊ အဲဒီယုံကြည်စိတ်က ခင်ဗျားရဲ့ ကိုယ်ဟန်ကို ဝံ့ကြွားရဲရင့်လာစေမယ်၊ ကုပ်ချောင်းချောင်း အမူအရာတွေ ပျောက်သွားမယ်၊ လမ်းသွားပုံကအစ ကြည့်ကောင်းလာမယ်၊ ဆံပင်ကိုပြင်ဖို့ကတော့ ဒီခေတ်မှာ အလွယ်လေးပဲ၊ Beauty salon တစ်ခုခုကိုသွားပြီး ဆံပင်ဖြောင့်လိုက်ရင် အိုကေပေါ့၊ everything ok ပေါ့”

“ဟင်း ... ဟင်း ... ရှင်က ယောကျ်ားကြီးဖြစ်ပြီး အလှအပ ရေးရာ တယ်ကျွမ်းကျင်ပါလား”

“ကျွမ်းကျင်တာပေါ့၊ လက်ဖက်ရည်ဆိုင်ထိုင်ပြီး မျက်စိ စားဖွဲ့ထိုင်လာတဲ့သူပဲ၊ ဘာက လှတယ်၊ ဘာက မလှဘူး ဆိုတာ ခွဲခြားတတ်တာပေါ့။ ဒီမှာ ... ဒီမှာ သေသေချာချာ ကြည့်၊ လှပြီး ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ဒီလိုစမတ်တကျဖြစ်ရမယ်၊ လမ်းသွားပုံကအစ ဒီလို...”

အေသင် ကိုယ်ဟန်မတ်မတ်ကြော့ကြော့ပုံစံနှင့် နမူနာ နှစ်လှမ်းသုံးလှမ်း လျှောက်ပြလိုက်ရာ တေးက ရယ်ချင်သော မျက်နှာကို တစ်ဖက်သို့လွှဲထားလိုက်ရသည်။ တေး၏ ညစ်နွမ်းနေသောစိတ်တွေလည်း ကြည်လင်လာသည်။

“ရုပ်ဆိုတာ စိတ်ကပဲဦးဆောင်တာဗျ၊ တချို့တွေ ရုပ်မလှဘဲ ချစ်စရာကောင်းနေတတ်တာ...စိတ်လှလို့ပေါ့”

အေသင်သည် စကားပြောရင်းကပင် တေးကို အကဲခတ်လိုက်လေသည်။ တေးက စဉ်းစားသလို ငြိမ်သက်နေပြီးမှ ဂျစ်ကန်ကန်မျက်နှာထားမျိုး ပြန်ပေါ်လာကာ...

“ကျွန်မက အဲဒီလို စိတ်ကောင်းတွေမွေး၊ အလှတွေပြင်လည်း ကိုခိုင်လုံက ကျွန်မကို ချစ်လာမှာမှမဟုတ်တာ”

“ကိုခိုင်လုံ မချစ်လည်း ကိုခိုင်လုံထက်သာတာက ချစ်ချင်ချစ်မှာပေါ့”

“အို...ဘာပဲဖြစ်ဖြစ် မြစည်သူလောက်တော့ ကျွန်မ ကံမကောင်းနိုင်ပါဘူး”





“ဒါကတော့...”

“တော်ပါပြီ...ဘာမှပြောမနေနဲ့တော့၊ ရှင်ပြောတိုင်း ကျွန်မ က နှားထောင်ရမှာလား၊ လူတတ်ကြီးလုပ်ပြီး လာဆုံးမ မနေနဲ့”

“ကျွဲပါးစောင်းတီးပဲ...”

“ဘာ...”

“ကျွဲပါးစောင်းတီးလေ၊ ကျွဲနားမှာလာပြီး စောင်းကလေး ကို သာသာယာယာတီးပြလည်း ကျွဲက သူ့ခတ်ချင်ရင် ထ,ခတ်မှာပဲ”

တေးလက်ကက သူ့ကိုဒေါသဖြင့်ခပ်စွေစွေကြည့်ကာ လှည့်ထွက်သွားတော့ သူက မီအောင်လိုက်လာရင်း မကြားတကြား လှမ်းခေါ်လိုက်သည်။

“ကျွဲမ”

“ရှင်...ရှင်...ကျွန်မကို ဘယ်လိုခေါ်တာလဲ”

“ကျွဲမ...ကျွဲမ...ကျွဲမလို့ခေါ်တာ၊ စောင်းတီးပြလည်း နားမဝင်တဲ့ ကျွဲမမို့လို့”

“တောက်”



www.burmeseclassic.com

www.burmeseclassic.com



တေးက ဒေါသတကြီး တောက်ခတ်လိုက်သော်လည်း တောက်မခတ်တတ်သူမို့ ပါးစပ်က 'တောက်' ဟု အော်လိုက်သလိုအသံမျိုး ထွက်လာလေသည်။

အေသင်သည် တေးကိုကြည့်ရင်း အမြင်လည်းကတ်ရယ်လည်းရယ်ချင်ကာ နောက်ဆုံးတော့ သနားရမလိုလိုရှိလေသည်။

ဗာယ်ယောကျ်ားရဲ့ ချစ်မြတ်နိုးမှု၊ လိုလားနှစ်သက်မှုကိုမှ မခံရခဲ့ဖူးသော၊ အစစအရာရာကံမကောင်းခဲ့သော ရုပ်ဆိုးမကလေးသည် အရာရာကို အကောင်းမမြင်နိုင်ဘဲ သိမ်ငယ်စိတ်ဖြင့် ဘုကျကျချစ်ကန့်ကန့်ဖြစ်နေခဲ့ရသည်။ သူမစိတ်ကူးယဉ်မျှော်လင့်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်က သူမကို ချဉ်းကပ်ပြီးမြစည်သူကို ရွေးချယ်သွားခဲ့သည့်အဖြစ်က မနာလိုစိတ်နှင့် သိမ်ငယ်စိတ်ကို ကြီးထွားစေခဲ့တာဖြစ်ပြီး ထိုစိတ်က ဒေါသအသွင်ကူးပြောင်းကာ အမှန်ကို မမြင်နိုင်တော့ချေ။

သူကရော ဘယ်လိုကြောင့်များ သူ စေ့စေ့ကြည့်ဖို့တောင် စိတ်မဝင်စားခဲ့တဲ့ ရုပ်ဆိုးမကလေးရဲ့ အနားမှာ ရှိနေခဲ့ရတာလဲ။





သူ သူမနဲ့ တတွဲတွဲရှိနေသည့် အဖြစ်ကို သူအလုကြိုက်ကြောင်း သိသည့်လူများသာသိလျှင် ရယ်မောကြမှာ သေချာသလောက်ပင်။

ခက်ဒီသာသိလျှင်တော့ သူ့ကို တမင်အရွဲ့တိုက်လေသလားဟု ထင်မှာပင်။

သူက ရုတ်တရက် သူမကို စနောက်ချင်စိတ်ပေါ်လာတာမို့ လျှောက်နေသော ခြေလှမ်းတွေကို ရပ်ပစ်လိုက်ရင်း ...

"ဟော့ ... ဒီမှာ ... ကျွန်တော် ရှေ့ကလျှောက်မယ်၊ ခင်ဗျားနောက်က နည်းနည်းချန်လျှောက်"

"ဘာဖြစ်လို့လဲ"

"ရွှေမင်းသားနဲ့ ဘဲရုပ်ဆိုးဆိုတာ တွဲသွားလို့ မလိုက်ဖက်ဘူးလေ၊ သူများတကာ အထင်မှားတာလည်း မခံနိုင်ဘူး"

"ရှင် ... ရှင် လူကို ဘာမှတ်နေလဲဟင်၊ ရှင့်ပါးစပ်ထဲမှာ ကျွန်မက ခုပဲ ကျွဲဖြစ်လိုက်၊ ခုပဲ ဘဲဖြစ်လိုက်၊ ရှင် ကျွန်မကို ကြပ်ကြပ်ကဲ့ရဲ့ပါ၊ အဲဒီလိုအလှကြိုက်တဲ့သူမျိုးဆိုတာ ရုပ်ဆိုးမနဲ့ ညားတတ်တယ်ရှင့်"

"ဘာ ... ရုပ်ဆိုးမနဲ့ ညားမယ် ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



တေးသည် သူ့ရဲ့ ဖြောင်ချော်ချော် မျက်နှာကိုမြင်မှ တေးစကားအစီပွားယ်က ဘယ်ရောက်သွားလဲဆိုတာ တွေးမိကာ ရှက်စိတ်ဖြင့် ထူပူသွားလေသည်။

"ဟဲ ... ဟဲ-ဘယ်လိုရုပ်ဆိုးမျိုးနဲ့ ညားတတ်တာလဲ၊ ကျွဲရုပ်ဆိုးလား၊ ဘဲရုပ်ဆိုးလား"

"ရှင့်ပါးစပ် ပိတ်ထား"

တေးက ရှက်ရှက်နှင့် အော်လိုက်ရင်း သူ့ရှေ့မှ မပြေးရုံတမယ် ထွက်လာခဲ့မိပါသည်။ ရှက်စိတ်ဖြင့် ထူပူသွားကာ တေးရဲ့ခြေလှမ်းတွေပင် အမှားမှားအယွင်းယွင်း။

ဟင်း ... သူ့လို ဘယ်ကလာလို့ အယ်ကိုသွားပြီး ဘာအလုပ်လုပ်မှန်းမသိတဲ့၊ သူများကျွေးတာကို ဘီလူးသရဲစီးပြီး တဝတပြဲစားတတ်တဲ့ ခပ်နုပ်နုပ်ယောကျ်ားမျိုးကို ရုပ်ဆိုးမကတောင် ကြိုက်ပါ့စေဦး ...။

❀ ❀ ❀



❀ ❀ ❀

နောင်တမရသော တေးက သူ့ကိုယ်သူတော့ပြုပြင်ဖို့ စိတ်မကူးဘဲ မြစည်သူကို မကောင်းကြံဖို့ အကြံအစည်များကိုသာ အေသင့်ထံမှ တောင်းခံလျက်ရှိလေသည်။ အေသင်ကတော့ အကြံပေးမလိုလိုနှင့် သူမ ကျွေးသောအစားများကို တနင့်တပိုးစားကာ သူမအဖြစ်ကို ကျိတ်ရယ်မိမြဲ။

တစ်နေ့တော့ တေးက သူ့ကို ထမင်းကျွေးအပြီး ဒဂုံစင်တာထဲမှာ အတူလျှောက်ကြည့်နေဆဲ MK ထဲမှာ ဈေးဝယ်နေသော ကိုခိုင်လုံကို လှမ်းမြင်လိုက်ရလေသည်။

တေးသည် ကိုင်ခိုင်လုံကို အတွေ့မှာ ဖြန်းခနဲ ခြေလှမ်းတွေကို ရပ်ပစ်လိုက်ပြီး ကိုခိုင်လုံကို လှမ်းငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူမမျက်ဝန်းထဲမှာ မျက်ရည်စတချို့ပင် ဝေ့ဝဲလာပါသည်။ ပြီးတော့ တသသ ပြောသည်မှာ…

"အေသင် ကြည့်စမ်း ကိုခိုင်လုံတစ်ယောက်တည်း စျေးဝယ်နေတာတွေ့လား၊ သူက ဘယ်အချိန်ကြည့်ကြည့် ငေးကြည့်ချင်စရာ ဆွဲဆောင်မှုရှိနေတော့တာပဲနော်၊ တစ်ချိန်က တေးနဲ့သူ အတူတူစျေးဝယ်ခဲ့ဖူးတယ်၊ အတူတူလည်း ထိုင်ပြီး စားသောက်ကြဖူးတယ်၊ သူကလေ တေးကို သိပ်ဂရုစိုက်တာပဲ သိလား၊ တေးထိုင်ဖို့ ခုံရွှေ့ပေးရတာနဲ့၊ ကော်ဖီတွေပူကုန်တော့ ပျာပျာသလဲ ပြုစုရတာနဲ့၊ မိုးရွာထဲမှာ အကျႌနဲ့ မိုးပေးရတာနဲ့"

အေသင်က တေးစကားကို နားထောင်ရင်း ပြုံးစိစိနှင့် ပခုံးတစ်ချက်တွန့်ကာ…

"ဒါကတော့ ကိုခိုင်လုံမှ မဟုတ်ပါဘူး၊ ဘယ်လူကြီး လူကောင်းမဆို ဒီလိုလုပ်မှာပဲ"

"ဘာရယ်…"

"ဟုတ်တယ်လေ…လူကြီးလူကောင်းဆန်တဲ့ ယောကျ်ားဆိုတာ အမြဲတမ်း lady first ပဲ၊ မိန်းကလေးဆို ဦးစားပေးပြီးသားပဲ၊ ဒါကို အဟုတ်ကြီးမှတ်ပြီး ယစ်မူးမနေနဲ့"





"ဟမ်…"

"ဟမ်မနေနဲ့၊ သေသေချာချာ နားထောင်၊ ယောကျ်ားမှာ သုံးမျိုးသုံးစားရှိတယ်၊ တစ်မျိုးက မိန်းကလေးလှလှမြင်တိုင်း ငမ်းငမ်းတက် ပိုးဝန်းဂရုစိုက်တတ်တဲ့သူ၊ နောက်တစ်မျိုးက ကိုယ်ချစ်တဲ့မိန်းကလေးကိုမှ ဂရုစိုက်တတ်တဲ့သူ၊ နောက်ဆုံးတစ်မျိုးက အနောက်တိုင်း စတိုင်လ် lady first ဆိုတာကို ကျင့်သုံးတတ်တဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေ၊ သူတို့ကျတော့ မိန်းကလေးဆို လှလှမလှလှ ချစ်ချစ်မချစ်ချစ် ဘာသဘောနဲ့မှ မဟုတ်ဘဲ ဦးစားပေးတတ်တာ၊ အဲဒီလိုအကျင့်ကိုပဲ သူတို့ရဲ့ ဆွဲဆောင်မှုရှိတဲ့ လူကြီးလူကောင်းဆန်တဲ့ အမူအကျင့်အဖြစ် ဂုဏ်ယူတတ်ကြတာ၊ ကိုခိုင်လုံက တတိယအမျိုးအစားထဲမှာပါတယ်"

"ရှင်ဟာလေ ကျွန်မတစ်ခါလေး ရဖူးတဲ့ ဂရုစိုက် ဦးစားပေးမှုကလေးအတွက် ကြည်နူးခွင့်ကလေးတောင် မရအောင် ပြောတတ်ပါပေတယ်"

"အမှန်အတိုင်းမြင်ဖို့ ပြောပြတာပါ၊ သူတို့က အမှတ်တမဲ့ ပြုမူတာကို ကိုယ်က ခံစားနေရင် ကိုယ်ပဲ အရူးဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါပြီ…ဟုတ်ပါပြီ၊ မခံစားတော့ပါဘူး၊ အင်း…ဒါနဲ့ ရှင်ကရော ဘယ်အမျိုးအစားထဲမှာ ပါသလဲ"

"ကျွန်တော်ကလား … ကျွန်တော်ကတော့ လူမှုကြိုက်မယ့် အမျိုးအစားထဲမှာ ပါမယ်ထင်တယ်၊ ဒါပေမယ့် တချို့ကတော့ ပြောတယ်၊ အလှကြိုက်တဲ့သူများဟာ ရုပ်ဆိုးတဲ့သူနဲ့ ညားတတ်တယ်တဲ့၊ ဖွဟဲ့…လွဲပါစေ ဖယ်ပါစေဗျာ"

တေးက မျက်နှာစူပွပွနှင့် တစ်ဖက်သို့ လှည့်သွားလေသည်။

❀ ❀ ❀



❀ ❀ ❀

သတိရခြင်းဆိုတာ ဘယ်အရာကမြစ်ဖျားခံသလဲ…။

အေသင်သည် ရောင်စုံစက္ကူလေးတွေကိုချိုးကာ ကြယ်ပုံသဏ္ဍာန်လေးဖြစ်အောင် ခေါက်ရင်း နွေတားရဲ့ ဝမ်းပန်းတနည်း မျက်ဝန်းများကို သတိရလျက် ရှိလေသည်။

မျက်ရည်တွေဝိုင်းကာ အားငယ်ညှိုးဖျော့နေသော မျက်လုံးတစ်စုံကပင် သူမကို အနည်းငယ်နူးညံ့သွားစေသည်ဟု ထင်ရသည်။ ဆံပင်မွှေးတွေအောက်က လှုပ်ခနဲလှုပ်ခနဲ မော့လာတတ်သောမျက်နှာသည် အရင်ကလောက် ကြည့်ရမဆိုးပါဘူးဟုပင် ထင်မိပါသည်။ မြင်ပါများတော့ ယဉ်တယ်ဆိုတာ ဒါမျိုးပဲလား မသိချေ။



www.burmeseclassic.com

www.burmeseclassic.com



အောင်က ကြယ်ကလေးတွေ ခေါက်ကာ ပလတ်စတစ်ဘူး အကြည်လေးထဲ ပစ်ပစ်ထည့်နေခဲ့။ သူငယ်ချင်း အောင်တိုးက သူ့အနားလာထိုင်ကာ...

"မင်း ဒါတွေ ဘာလုပ်ဖို့ ခေါက်နေတာလဲ"

"ဘာမှ မလုပ်ပါဘူးကွာ၊ ပျင်းလို့ ခေါက်နေတာ၊ အလုပ်မှ မရှိတာ၊ အားတဲ့အချိန်တွေမှာ ဒါမျိုးလေးတွေ ခေါက်နေတော့ စိတ်ငြိမ်တာပေါ့"

"မင်း... အိမ်မပြန်သေးဘူးလား"

"ဘာလဲ... တင်မကျွေးထားနိုင်တော့ဘူးလား"

သူက ပြုံးစိစိပြောတော့ အောင်တိုးက သူ့ပခုံးကို လက်သီးနှင့် ဖွဖွလှမ်းထိုးလိုက်ပါသည်။

"မင်း အမေတော့ စိတ်ပူနေတော့မှာပဲ"

"ပူမယ့်ပူ မာမီကသာ ပူမှာပါကွာ၊ ဒက်ဒီက ငါ့ကို စိတ်ပူဖို့တောင် အချိန်ရပါ့မလားမသိ၊ သူ့စိတ်ထဲမှာ အလှတရား တွေသာ ဒင်းကြမ်းထပ်နေတာ၊ အလှတရားတွေ ကိန်း အောင်းတည်ရှိနေသော နေရာကို ငါ့ဒက်ဒီရဲ့ ရင်ဘတ်လို့ ခေါ်တယ်ကွ"





သူ့စကားကြောင့် အောင်တိုးက တဟားဟား အော် ရယ်လေသည်။

သူက ကြယ်ကလေးတွေ ဆက်ခေါက်ရင်း ဒက်ဒီ ကို သတိရမိလေသည်။

ဒက်ဒီက တကယ့်ကို အလှကြိုက်မျိုးဖြစ်လေသည်။ မာမီရှေ့ကျ ဣန္ဒြေကြီးနှင့် နေတတ်သော ဒက်ဒီဟာ မိန်းမလှ လေးတွေရှေ့ကျ အလွန်လိုက်လျော သဘောကောင်းသောသူ တစ်ယောက် ဖြစ်ရလေသည်။ မိန်းမလှလေးများဆို လက်ဆောင် တွေ ပေးလိုက်ရတာကလည်း အမောပင်။

တစ်နေ့တော့ Shopping Centre တစ်ခုမှာ မိန်းကလေး အသုံးအဆောင် အဝတ်အစားတွေ တစ်ပွေ့တစ်ပိုက် ဝယ်လာသော ဒက်ဒီနှင့် သူ တည့်တည့်တိုးလေသည်။

သူက ဗိုက်ဆာဆာနှင့် စားသောက်ဆိုင်တစ်ဆိုင် ဆိုင်မှာ စားဖို့ စိတ်လောနေကာ Shopping Centre ထဲပြေးအဝင် မှာ ဒက်ဒီနှင့် တိုက်မိခဲ့ခြင်းဖြစ်သည်။ တိုက်မိစမှာ သူတိုက်မိ သူဟာ ဒက်ဒီရယ်လို့ မထင်မိခဲ့ချေ။ တဖြုတ်ဖြုတ် ပြုတ်ကျလာ သော မိတ်ကပ်ဘူး၊ ရေမွှေးပုလင်း၊ စလင်းဘတ်အိတ်နှင့် ကလစ် တချို့ကို ပြန်ကောက်ပေးရင်း...



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိပါနဲ့....ဆောရီးပါ၊ တောင်းပန်ပါတယ်ခင်ဗျ"

ဟု တောင်းပန်နေဆဲ... သူတိုက်မိသူက 'ကောက်ပေးသော ပစ္စည်းတွေကို မယူတော့ဘဲ ချာခနဲ လှည့်ထွက်သွားခဲ့တာ ဖြစ်ပါသည်။ သူက ထိုသူ့နောက်မှ အပြေးအလွှားလိုက်လာကာ...

"ဟော့...ဟော့လူ၊ နေဦးလေဗျာ...ဒီမှာ ခင်ဗျားပစ္စည်းတွေ ယူဦးလေဗျာ"

ဟု အတင်းလိုက်ပေးမိပါသည်။ ထိုသူကလည်း နည်းနည်းလေးမှ လှည့်မကြည့်ဘဲ မပြေးရုံတမယ် လျှောက်နေတာမို့ သူက ထိုသူရှေ့မှာ ပိတ်ရပ်မိတော့မှ...

"ဟင်...ဒက်ဒီ"

သူက ဒက်ဒီကို တစ်လှည့် ပစ္စည်းတွေကို တစ်လှည့် ကြည့်ရင်း...

"ဒက်ဒီ ဒါ...ဒါတွေက ဘယ်သူ့ဖို့"

"ဟိုဒင်း...ဟဲဟဲ...မင်း မာမိဖို့"

"မာမိက ရေမွှေးမှ မသုံးတာ၊ ဒီလိုအိတ်မျိုးလည်း မာမိ မကိုင်ဘူး၊ ဒီအိတ်ဒီဇိုင်းက ကောင်မလေး ခပ်ငယ်ငယ်တွေ ကိုင်တဲ့ ဒီဇိုင်း"





"သြော်ကွာ...တစ်ခါတလေတော့လည်း အပြောင်းအလဲ လေးဖြစ်အောင်"

ဒက်ဒီ ညာပြောနေတာကို သူရိပ်မိခဲ့ပါသည်။ အဲဒီကတည်းက ဒက်ဒီနဲ့ သူဟာ ခပ်တန်းတန်းဖြစ်သွားခဲ့ရလေသည်။ ဒက်ဒီက သူ့အလုပ်တွေ ဝင်လုပ်ဖို့ပြောသော်လည်း သူက လက်မခံ။ တမင်အရွဲ့တိုက်ပြီးတော့သာ ဘာအလုပ်မှမလုပ်ဘဲ ပေါ်ကြော့ကလေး နေနေခဲ့တာဖြစ်ပါသည်။

ဒက်ဒီ မွေးနေ့လက်ဆောင်ပေးထားသော နာရီလှလှကလေးကို ပတ်ထားသော ဒက်ဒီ့အတွင်းရေးမှူးမကလေးရယ်၊ ဒက်ဒီနှင့်အတူ မကြာခဏ ထမင်းစားတတ်သော စာရေးမကလေးရယ် ရှိနေသော ကုမ္ပဏီမှာ သူ အလုပ်မလုပ်ချင်ပါ။

တစ်နေ့တော့ ဒက်ဒီက သူ့ကိုခေါ်၍ ဆွေးနွေးသည်မှာ...

"ကဲ...ငါ့သား ယောကျ်ားချင်းပဲကွာ၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးရအောင်ပါ၊ မင်းဘာကို မကျေနပ်ဘူးလဲဆိုတာ ပွင့်ပွင့်လင်းလင်းပဲ ပြောကွာ"

"ဒက်ဒီ မိန်းမလှလှလေးတွေမြင်ရင် ကြိုက်တတ်တာကို ကျွန်တော် မကျေနပ်ဘူး ဒက်ဒီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟ…ဒါ သဘာဝပဲလေ၊ မင်းလည်း ယောကျ်ားငဲ၊ မင်းရော မိန်းမလှလေးတွေမြင်ရင် မကြိုက်ဘူးလား"

"ကြိုက်တာပေါ့ ဒက်ဒီ"

"ဒါနဲ့များကွာ"

"ဒါပေမယ့် မတူဘူးလေ ဒက်ဒီ၊ ကျွန်တော်ကြိုက်တာက တင့်တယ်တယ်၊ ဒက်ဒီကြိုက်တာက မတင့်တယ်တဲ့အပြင် အန္တရာယ်လည်းရှိတယ်၊ ဒက်ဒီဂုဏ်သိက္ခာ၊ ကျွန်တော်တို့ မိသားစုရဲ့ဂုဏ်သိက္ခာကို ထိခိုက်လာလိမ့်မယ်"

"စိတ်ချစမ်းပါကွာ…ဘာမှ အန္တရာယ်မဖြစ်စေရပါဘူး၊ ငါက မင်း မာမီ တစ်ယောက်ကိုပဲ ချစ်တာပါ၊ သူ့ကို ဘယ်တော့မှ လက်မလွှတ်ပါဘူး၊ တခြား မိန်းမတွေကို လက်ထပ်ဖို့လည်း စိတ်မကူးပါဘူး"

"ဒါပေမယ့် ဒက်ဒီ ဒီလိုနေတာ ကျွန်တော် မကြိုက်ဘူး၊ ဒါ့ကြောင့် ဒက်ဒီနဲ့ မနေတော့ဘူးလို့ ဆုံးဖြတ်ပြီးပြီ"

သူက ပြောပြီးပြီးချင်း ဒက်ဒီကို ထိုင်ဦးချကာ လှည့်ထွက်လာခဲ့တာဖြစ်သည်။ မာမီက တားဆီးသော်လည်း သူက မနာခံ။ အဝတ်အစားသုံးစုံနှင့် ပိုက်ဆံနည်းနည်းပါးပါး





ယူကာ ဆင်ခြေဖုံးရပ်ကွက်ထဲက သူငယ်ချင်းတစ်ယောက်အိမ်ကို ဆင်းချလာခဲ့တာပင်။

ပထမတော့ အလုပ်တစ်ခုခု လုပ်ဦးမလို့ပါပင်။ သို့သော် မထင်မှတ်ဘဲ တေးလက်ာနှင့်တွေ့ကာ ပြောပြရင်တော်တော်ရယ်စရာကောင်းသော အလုပ်ကို လက်ခံခဲ့ရသည်။ လခကတော့ ထမင်းအဝကျွေးသာ ဖြစ်ပါသည်။ သူမ မသထာမှန်းသိလေ ရယ်ချင်စိတ်ဖြင့် စားလို့ကောင်းလေပင်။

အေသင်က တေးရဲ့ စူပုပ်ပုပ်မျက်နှာထားကို မြင်ယောင်ကာ ပြုံးခဲ့မိပါသည်။ ပြီးတော့ ကြယ်ကလေးတွေ ဆက်ချိုးနေလိုက်လေသည်။

ညနေကျတော့ အောင့်တိုးက အပြင်ကနေ အမောတကော ပြန်လာပြီး သူ့ကို မျက်နှာချိုလေး သွေးကာ…

"ဟော့ကောင် အေသင်…မင်းရဲ့ ကြယ်ကလေးတွေရော"

"ဟိုမှာလေ"

သူက ခုတင်ခေါင်းရင်း စားပွဲပုလေးဘက်သို့ မေးဆတ်ပြလိုက်တော့ အောင်တိုးက ပလတ်စတစ်ဘူးလေးကို မက်မက်မောမော လှမ်းယူရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ဒါလေး ငါ့ပေးပါလားကွာ"

"ဘာလုပ်ဖို့လဲ"

"တချို့သမီးရည်းစားတွေက ကြယ်ကလေးတွေချိုးပြီး လက်ဆောင်ပေးတတ်ကြတယ်ကွ၊ ယောကျ်ားလေးက ကိုယ်တိုင်အပင်ပန်းခံပြီး ကြယ်လေးတွေချိုးပေးရင် မိန်းကလေးတွေက အရမ်းသဘောကျတာတဲ့"

"ဒါဆိုလည်း မင်းဘာသာ အပင်ပန်းခံပြီး ချိုးပါလား"

"ဟာ…အကြာကြီး ချိုးနေရမှာကွ၊ တော်တော်နဲ့ ပြီးမှာကိုမဟုတ်တော့ဘူး၊ မင်းမှာ ပေးစရာမိန်းကလေးလည်း မရှိတဲ့အတူတူ ငါ့ပေးလိုက်တော့ အကျိုးရှိသွားတာပေါ့"

သူက ကြယ်ဘူးကိုကြည့်ရင်း ဇောလက်ာဆိုတဲ့ ရုပ်ဆိုးမကို ဖျတ်ခနဲသတိရသွားတာ မဆန်းဘူးလား…။

သူက ကြယ်ဘူးကို ပြန်လုလိုက်ရင်း…

"မပေးနိုင်ပါဘူးကွာ၊ ခု ပေးရမယ့်သူမရှိလည်း တစ်နေ့နေ့တော့ ရှိလာမှာပေါ့၊ ခုကတည်းက ချိုးထားတော့ အဆင်သင့်ဖြစ်တာပေါ့"





သူက ပြုံးစေ့စေ့ပြောရင်း ကြယ်ဘူးကို သိမ်းဝှက်လိုက်လေသည်။


ဟောဒီ ကြယ်ကလေးတွေကို ဘယ်သူ့ပေးရင်ကောင်းမလဲ…။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

နှစ်ရက်ဆက်တိုက်မိုးတွေတဖွဲဖွဲစွေကာ ရာသီဥတု မှိုင်းမှုန်စွတ်စိုနေခဲ့သော ညနေခင်းတစ်ခုတွင် မြစည်သူက ပီတိ ရွှန်းမြနေသော မျက်နှာထားဖြင့် တေးကို အသိပေးလိုက်လေ သည်။

"တေးရေ နောက်အပတ်ထဲမှာ မြတို့ စေ့စပ်ကြတော့မယ် သိလား။ မြဘာဝတ်ရင်ကောင်းမလဲဆိုတာ ကူစဉ်းစားပေး ပါဦးနော်"

တေးသည် ရင်ထဲစစ်ခနဲနာကျင်သွားရပါသည်။ အရာရာပြီးပြည့်စုံတဲ့ ယောကျ်ားတစ်ယောက်ရဲ့ ချစ်မြတ်နိုးမှုကို ခံယူရရှိပြီး ချစ်တဲ့သူနဲ့ ပေါင်းခွင့်ရမယ့် မြစည်သူရဲ့ ကံကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှုကို တေး ဘယ်လိုနည်းနဲ့မှ နှောင့်ယှက်ဖျက်ဆီးလို့ မရနိုင်တော့ဘူးပေါ့။

တေး မျှော်လင့်ရင်ခုန်ခဲ့ဖူးတဲ့ ယောက်ျားတစ်ယောက်နဲ့ အပြီးတိုင် ဝေးကွာသွားရတော့မယ်ပေါ့။

တေးရဲ့ ကံဆိုးခြင်းဟာ သေချာခဲ့ပြီပေါ့။

တေးသည် ရတ်တရက် မနာလိုခြင်း ပြင်းပြစွာ သွေးရူးသွေးတမ်း ဖြစ်သွားရလေသည်။

မြ တေးအခန်းထဲမှ ထွက်ထွက်ချင်းပင် တေးက Rain coat တစ်ထည် လမ်းဆွဲယူကာ အိမ်နောက်ဘက်လှေကားမှ ဆင်းပြီး မိုးရေထဲသို့ထွက်လာခဲ့သည်။

အေသင် အသုံးမကျလိုက်တာ၊ ခုတော့ ဒီမှာ စေ့စပ်ပွဲတောင် လုပ်တော့မည်လေ။ သူကတော့ ထမင်းကျွေး ဝဝ စားပြီး ဘာတွေများလုပ်ပေးခဲ့လို့လဲ။ အလကား...ညာဝါးပြီးဖြန်း။

မိုးတွေက ဖွဲရာမှသည်းလာသည်။ တေးက ဒေါသ စိတ် ဝမ်းနည်းစိတ်များဖြင့် မိုးထဲတိုးဝင်လာကာ အေသင့်ကို ဖုန်းဆက်ဖို့ လမ်းထိပ်သို့ထွက်လာသည်။ အရေးထဲတျမ့် ဖုန်းက ဆက်လို့မရ။





တေးက ဖုန်းမဆက်တော့ဘဲ အေသင်ပေးထားတဲ့ လိပ်စာအတိုင်း တက္ကစီငှားကာ လိုက်လာခဲ့သည်။ အေသင်တို့ လမ်းကိုရှာတွေ့တော့ တက္ကစီဆရာက ဂဂျီဂကျောင်ကျသည်မှာ...

"ဒီလမ်းကတစ်ဖက်ပိတ်လမ်း၊ ကားပြန်လှည့်လို့ အဆင်မပြေဘူး၊ လမ်းကအရမ်းကျဉ်းတယ်၊ ခင်ဗျားပြောတဲ့ အိမ်နံပါတ်ဆို လမ်းရဲ့ဟိုဘက်အဆုံးနားမှာရှိလိမ့်မယ်၊ ဒီကပဲ ဆင်းလျှောက်သွားလိုက်ပါလား"

တေးက တက္ကစီသမားကိုစိတ်တိုသော်လည်း ဘာမှ ပြောမနေတော့ဘဲ ကားတံခါးကို ဆောင့်တွန်းဖွင့်ကာ ကားပေါ်မှ ဆင်းလာသည်။ ပြီးတော့ ပါးစပ်ကပွစိပွစိပြောရင်း ရွှံ့စပ်စပ် လမ်းကျဉ်းလေးထဲသာ လျှောက်ဝင်လာခဲ့ရပါသည်။

"ဟင်း...တက္ကစီသမားတွေများ ငှားတဲ့သူက အရင်လိုမှန်း သိရင် ဈေးပိုပြောချင်တယ်၊ ပြီးရင် အိမ်တိုင်ရာရောက် မပို့ချင်သေးဘူး၊ ဒီလိုသာ လမ်းဆင်းလျှောက်ချင်ရင် စောစောကတည်းက ဘတ်စ်ကားပဲ စီးခဲ့မှာပေါ့"

မိုးသံတွေကြားထဲမှာ ဗျစ်တောက်ဗျစ်တောက်သံဟာ ပထမတော့ ဝါးတားတား။ နောက်တော့ ထင်ရှားလာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းထိပ်စာအုပ်ဆိုင်မှ ပြန်လာသော အေသင်က ရွှံ့ဗွက်တွေကိုငုံ့ကြည့်လျှောက်နေရင်းက ရှေ့နားဆီသို့ လှမ်းကြည့်မိသောအခါ Rain coat အနက်ရောင်ကို ခေါင်းဆောင်းထုတ်၍ ဝတ်ထားကာ မိုးကာလွတ်သောအပိုင်းမှာ မိုးရေတွေ တုတ်တုတ်ကျ ရွှဲနစ်နေသော မိန်းမတစ်ယောက်ကို လှမ်းမြင်လိုက်ရလေသည်။ ဒီအသံကို ကြားတော့ ကြားဖူးသလိုလိုပါပဲ။

ဂျင်းစကတ် ထူထူကားကားကို ပုံပန်းမကျ ဝတ်ကာ လမ်းလျှောက်နေပုံကလည်း သူနဲ့ ရင်းနှီးနေသလိုပင်။

ဟာ ... တေး ... တေးလား မသိဘူး။

သူက ခပ်သုတ်သုတ်လျှောက်လိုက်ရင်း ရှေ့ကို ကျော်တက်ကြည့်လိုက်ရာ ...

အစစ်ပါပဲ ...

"ထေး ... ကြည့်စမ်း၊ မိုးရေထဲ ဘာလာလုပ်တာလဲ"

တေးသည် သူ့ကိုမြင်မှ ဒေါပွသွားပုံရကာ ...

"ဘာလုပ်ရမလဲ၊ ရှင့်ကို လာရှာတာပေါ့၊ ရှင့်ရဲ့အသုံးမကျမှုကို ပြောချင်လို့ပေါ့၊ အခု မြစည်သူတို့က စေ့စပ်ကြတော့မယ်လေ၊ ရှင့်ကို ဒီလောက်အကုန်အကျခံ ထမင်းကျွေး





လာတဲ့သူကို ရှင်ဘာများ တာဝန်ကျေကျေ လုပ်ပေးခဲ့ဖူးသလဲ ... ပြော"

"ဟာဘး ... ဟား ... ကြည့်စမ်းပါဦး၊ ဖြစ်နေလိုက်တာကွာ၊ မိုးတွေ ရွှဲနေတာလည်း ကြွက်စုတ်လိုပဲ၊ မိုးရေထဲမှာ၊ အာကျယ်ပါကျယ်နဲ့ မျက်လုံးကြီးပြူးပြီး အော်နေတဲ့ပုံက ဆိုးလိုက်တာ၊ ပြောမပြတတ်လောက်အောင်ပဲ၊ စိတ်ကောင်းမရှိတဲ့သူတွေများ ကြာလေ ရုပ်ဆိုးလေ ..."

"ရှင် ... ရှင်၊ တော်ပြီ ... တော်ပြီ၊ ရှင်နဲ့ဘာမှ မပြောဘူး၊ ဒီကိစ္စကို ကျွန်မကိုယ်တိုင် ပျက်အောင်ကြိုးစားမယ်၊ ရှင် ဒီနေ့ကစပြီး ကျွန်မဆီက အချောင်ထမင်းစားရတော့မယ် မထင်နဲ့"

တေးက ဒေါသဖြင့်အော်ကာ ချာခနဲလှည့်အထွက် ရွှံ့ဗွက်တွေနှင့်ချော်ကာ မိုင်းခံနဲ့လဲကျသွားလေသည်။ ပြီးတော့ ရွှံ့တွေပေလူးကာ ချက်ချင်းမထနိုင်ဘဲ ရှုံ့မဲ့ညည်းညူနေသည်။ အဲဒီနောက် သူမက သူ့ကိုအားကိုးတကြီး မော့ကြည့်ပြီး လက်ကမ်းမည်ပြင်ဆဲ သူက ပြုံးစိစိနှင့် တစ်ဖက်လှည့်ကာ မသိချင်ယောင်ဆောင်နေလိုက်သည်။

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တေးက သူ့ဘာသာ ကျုံးရုန်းထရင်း…

"လူတွေများ စာနာစိတ်ကိုမရှိဘူး၊ တစ်လုတ်စားဖူး သူ့ကျေးဇူးကိုတောင် မထောက်ဘူး၊ နေနိုင်လိုက်တာ သြချရတယ်"

ဟု စောင်းမြောင်းရေရွတ်ကာ ထော့နဲ့ထော့နဲ့နှင့် ဆက်လျှောက်နေရချိန်တွင် ကားတစ်စီး လမ်းထဲကွေ့ဝင်လာသည်။

"အမလေး"

တေးက မိုးရေထဲမှာ ဘွားခနဲကွေ့လာသော ကားကို ဖြုန်းခနဲ ခုန်အရှောင်မှာ ရွှံ့ဗွက်ထဲသို့ နောက်တစ်ကြိမ်ပစ်ကျသွားသည်။ ကားက ဗွက်အိုင်ကို ကျော်ဖြတ်မောင်းသွားရာ ရွှံ့ဗွက်တွေသည် တေးရဲ့ တစ်ကိုယ်လုံးသို့ တဖျန်းဖျန်းပက်စင်သွားတော့သည်။

"ဟား…ဟား ခုမှ တကယ့်ကိုပဲ ကျွဲမနဲ့တူသွားတော့တယ် ကွာ၊ ကျွဲဆိုတာ ဒီလိုပဲ ရွှံ့အိုင်ထဲ လူးလူးနေတတ်တာ"

အေသင်သည် တေးအဖြစ်ကိုကြည့်ကာ အားပါးတရ ရယ်ပြီးမှ ဆွဲထူဖို့ လက်ကမ်းလိုက်ပါသည်။

တေးက အောက်နှုတ်ခမ်းကို ဖိကိုက်ထားရင်း သူ့လက်ကို ပုတ်ချလိုက်သည်။





"ကဲပါ…မူမနေပါနဲ့၊ ခင်ဗျား ခြေထောက်လည်း နာနေတာ မဟုတ်လား၊ ကျွန်တော်က နောက်နေတာပါ၊ တမင် နစ်နာအောင်ပြောတာမဟုတ်ပါဘူး၊ ထ…ထ၊ ကျွန်တော့်ကို အားပြုပြီးထ၊ လမ်းထိပ်ထိ လိုက်ပို့မယ်၊ ကားငှားပေး လိုက်မယ်၊ အိမ်ပြန်ပြီး ရေမိုးချိုး၊ နွေးနွေးထွေးထွေး နေ လိုက်ဦး"

တေးက သူ့ကို မယုံသလိုမော့ကြည့်နေပြီးမှ တုံ့ဆိုင်း ဆိုင်း လက်ကမ်းလာသည်။

သူက သူမကို ဖေးမတွဲခေါ်လာရင်း နားချရပါသည်။

"သူများမကောင်းကြံ ကိုယ်သာခံဆိုတဲ့ စကားကို ခင်ဗျား ကြားဖူးတယ်မဟုတ်လား၊ အဲဒါ တကယ်မှန်တာပဲ၊ သူများ ကို မကောင်းကြံတဲ့သူဟာ သူတို့မှာလည်း ဒုက္ခတစ်ခုခု တော့ ဖြစ်ရတာပဲ၊ ခင်ဗျားမှာသာ မကောင်းကြံတဲ့စိတ်မျိုး မရှိရင် ခုလို မိုးအေးအေးမှာ အိပ်ရာထဲမှာ နွေးနွေးထွေးထွေး ကွေးပြီး စာအုပ်ဖတ်ချင်ဖတ်၊ သီချင်း နားထောင်ချင်ထောင်၊ စိမ်နဲ့နေလို့ရတယ်…

"ခုတော့ ခင်ဗျားမှာ မိုးတွေလည်းရွှဲ၊ ရွှံ့တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း လူး၊ ချော်ကလည်းလဲ၊ ကားတိုက်မလိုလည်းဖြစ်၊ ဘာတစ်ခု မှ အကောင်းမဖြစ်ဘဲ ဒုက္ခရောက်နေလိုက်တာ၊ တေးရဲ့ မနာလိုစိတ်ကြီးကို ဖျောက်ပစ်လိုက်စမ်းပါ"

သူက အေးအေးဆေးဆေး နားချဖျောင်းဖျနေသော အခါ တေးက သူ့ကို အံ့ဩတကြီး မော့ကြည့်လာပါသည်။

သူကရော ဘာဖြစ်လို့ ခုလို အေးအေးဆေးဆေး ဖျောင်းဖျ နားချနေမိပါလိမ့်...။

အေးသင်သည် သူ့ကိုယ်သူလည်း ပြန်အံ့ဩရလေသည်။

မိုးကတော့ သဲကြီးမဲကြီး ရွာချနေဆဲပင်။

❀ ❀ ❀



❀ ❀ ❀

စေ့စပ်ပွဲနေ့သည် လျှင်မြန်စွာပင် ကျရောက်လာခဲ့လေသည်။

အဲ့ဒီနေ့မှာ တေးက ဖျားနေခဲ့တာမို့ စေ့စပ်ပွဲကို မသွားရဖို့ အကြောင်းပြချက် ရသွားသည်။

မိုးရေထဲမှာ စိတ်ညစ်ညစ်နှင့် ပေပေတေတေ သွားလာနေခဲ့သော တေးသည် လွန်ခဲ့သော နှစ်ရက်က ကိုယ်တွေ ခြစ်ခြစ်တောက်ပူကာ ဖျားခဲ့ရပါသည်။ ခုချိန်ထိ အဖျားသွေးရှိနေ သေးကာ လူက ဖြူလျော်ညှိုးနွမ်းနေရပါသည်။

"သူများမကောင်းကြံ ကိုယ်သာခံ" တဲ့။

အဲ့ဒါ တကယ်ပဲလား အေးသင်...။



www.burmeseclassic.com

www.burmeseclassic.com



တေးသည် အေသင့်စကားတွေကို မကြာခဏ ကြားနေရသလိုပင်။

တေးသည် စိတ်မာတ်လည်းကျလျက်ရှိကာ ဝမ်းနည်းကြေကွဲစိတ်ဖြင့်သာ ဖျော့တော့နွမ်းနယ်နေသည်။

တေးတစ်ယောက်တည်း အိမ်ထဲမှာ ကျန်နေခဲ့သော်လည်း စေ့စပ်ပွဲကျင်းပရာ ခြံဝန်းထဲက အသံတွေကိုတော့ ကြားနေခဲ့ရသည်။

ရယ်မောသံများ ...၊ ကြည်နူးသံများ ...၊ တေးအသာလေး သွားချောင်းကြည့်လျှင် ကံကောင်းသူများ၏ အပြုံးတွေကို မြင်ရနိုင်ပါသည်။

ညနေချမ်းသည် ကံကောင်းသူများ၏ အပြုံးများကြောင့်ပင် ပို၍ တောက်ပနေသည်ဟု ထင်ရလေသည်။

အဲဒီအချိန်မှာပဲ တေးက အေသင့်ကို အပြင်းအထန် သတိရလာမိတော့သည်။ တေးခံစားနေရတာတွေကို သူ့ကို တိုင်တည်ချင်သည်။ သူကလွဲပြီး တေးမှာ ရင်ဖွင့်စရာလူ မရှိချေ။

တေးသည် အိပ်ရာမှ အသာအယာထခဲ့လေသည်။

ထူးဆန်းသည်မှာ သူ တေးကို ကဲ့ရဲ့ခဲ့၊ နှစ်နှစ်နာနာ





ပြောခဲ့၊ လှောင်ပြောင်သရော်ခဲ့သည်များကို တေး သတိမရတော့ခြင်းဖြစ်သည်။

သူဟာ တေးအပေါ် စေတနာထားတဲ့သူဟု တေးမသိစိတ်က ယုံကြည်နေခဲ့တာကို ခုမှပင် တေး သိရလေသည်။

တေးသည် အနွေးထည်အမေါ်းလေးကိုဝတ်ကာ ရှုပ်ပွနေသော တေးရဲ့ဆံပင်ပွပွတွေကို ထိပ်လည်နားမှာ ဖြစ်သလိုရစ်ခွေပြီး ထုံးလိုက်လေသည်။ ပြီးတော့ ထီးတစ်ချောင်းဆွဲကာ ခြံနောက်ပေါက်မှ မိုးဖွဲဖွဲထဲသို့ ထွက်လာခဲ့သည်။

တေးစိတ်သည် ငိုချင်စိတ်ဖြင့် နင့်နေသည်။

❀ ❀ ❀

အေသင်သည် အိမ်ရှေ့ဖိနပ်ချွတ်နားမှာ ထိုင်ကာ လမ်းမဘက်သို့ လှမ်းကြည့်မိဆဲ။ မိုးဖွဲဖွဲအောက်မှာ တရွေ့ရွေ့ လျှောက်လာသော တေးကို မြင်လိုက်ရလေသည်။

တေးရဲ့နွေးကွေးသော ခြေလှမ်းတွေက ခါတိုင်းနဲ့ မတူဘဲ သိမ်မွေ့နေခဲ့ပါသည်။ အမြဲဖြန့်ချထားသောဆံပင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



နဖူးပြောင်သိမ်းကာ စုထုံးထားခဲ့တာမို့ တေးမျက်နှာက ထူးခြားဆန်းသစ်နေရတော့သည်။

သူ တေးကိုတွေ့ခဲ့ဖူးသမျှ ခုတစ်ကြိမ်လောက် ကြည့်ကောင်းတာမျိုးမရှိခဲ့ပါ။

ဖြူလျော့ဖျော့တော့နေသော တေးမျက်နှာက ဒေါသရိပ်ကင်းစင်ကာ ရိုးသားဖြူစင်နေသလိုပင်။ တေးရဲ့မျက်ဝန်းတွေသည် ဝမ်းနည်းစိတ်ဖြင့် မျက်ရည်လည်နေကာ နူးညံ့နေကြသည်။

မဟာနဖူးပြေပြေ၊ မျက်ခုံးထင်းထင်း၊ နှာတံဖြောင့်ဖြောင့်၊ နှုတ်ခမ်းက ပြည့်တင်းကာ ဘေးဘက်သို့ အလျားကျယ်ကျယ်၊ မေးရိုးအနည်းငယ်ကားသော တေးပုံစံဟာ ဆန်းကျယ်ကာ ဆွဲဆောင်မှု ရှိနေခဲ့သည်။

"တေး...တေး ဘာဖြစ်လာတာလဲ"

သူက ထိုင်ရာမှထကာ တေးကို ဆီးကြိုလိုက်သည်။ တေးက ထီးကိုပိတ်ကာ သူ့ရှေ့မှာ ရပ်လိုက်ရင်း...

"တေးက ဘာဖြစ်လို့ အမြဲကံဆိုးနေရတာလဲဟင် အေသင်"

ဟု တိုင်တည်သလို ပြောလိုက်ပါသည်။ တေးရဲ့ မျက်ဝန်းတွေဟာ နူးညံ့ရီဝေကာ သူ့ထံမှာ အားကိုးတကြီး ငြိတွယ်နေသည်။





တေးက တစ်ချက်ငိုရှိုက်လိုက်သည်။ သူက ဖျတ်ခနဲ ထရပ်မိကာ တေးပခုံးကို ကယောင်ကတမ်း ဆုပ်ကိုင်လိုက်မိသည်။

"ငယ်ငယ်ကတည်းက unlucky girl လို့ သတ်မှတ်ခံရတယ်၊ ဝိုင်းပယ်ခံရတယ်၊ ဘယ်သူနဲ့ပြိုင်လို့မှ တေးမနိုင်ခဲ့ဖူးဘူး၊ အမြဲရှုံးခဲ့ရတယ်၊ အခုလည်း ရှုံးပြန်ပြီ"

တေးအသံက ဖျော့တော့တိမ်ဝင်သွားပြီး ဒူးတွေညွတ်ကျသွားသည်။

"ဟာ...တေး...တေးရေ"

ပျော့ခွေသွားသော တေးကို သူပွေ့ထားလိုက်ရသည်။ တေးရဲ့ သနားစဖွယ် နုနယ်နေသော မျက်နှာကလေးကို အနီးကပ်အတွေ့မှာ သူ့ရင်ထဲ လှုပ်ခနဲတုန်ခါသွားလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

တေး သတိရလာသောအခါ အနားမှာထိုင်စောင့်နေသော အသင့်ကို တွေ့ရလေသည်။ တေးကို ငေးကြည့်နေသော အသင့် မျက်ဝန်းတွေထဲမှာ လောင်ပြောင်သရော်ရိပ်ကို မတွေ့ရဘဲ ထူးခြားစွာနူးညံ့နေပါသည်။ ပြီးတော့ သူက အေးဆေးညင်သာစွာ ပြောသည်မှာ...

“တေးက ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် ကံမကောင်းဘူးလို့ စွဲမြဲယူဆနေရတာလဲ၊ တေးစိတ်ဆင်းရဲတာ ကံမကောင်းလို့ မဟုတ်ဘူး၊ ငါကံမကောင်းဘူးဆိုတဲ့ အစွဲကြောင့်သာ စိတ်ဆင်းရဲရတာ...

“ကျွန်တော်ငယ်ငယ်က ဘွားဘွားက ပြောခဲ့ဖူး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အတိတ်ကံကို ပြင်လို့မရပေမယ့် ပစ္စုပ္ပန်ကံကို ပြင်လို့ရတယ်တဲ့၊ ပစ္စုပ္ပန်ကံဆိုတာ ကိုယ့်လက်ထဲမှာပဲ ရှိတာတဲ့၊ ကံကောင်းတယ်၊ ကံမကောင်းဘူးဆိုတာ ကိုယ့်ရဲ့ ရွေးချယ်မှုပဲတဲ့၊ ကိုယ် ကောင်းတာတွေလုပ်ရင်၊ စိတ်ကောင်း မွေးရင် အလိုလိုကံကောင်းလာမှာပဲတဲ့ . . .

"တေးရဲ့စိတ်သာ စံပယ်ဖြူကလေးတွေလို ဖြူစင်မွေးမြနူးညံ့နေရင် ကံကောင်းခြင်းတွေကို တေး ရလာမှာပါပဲ၊ ကံကောင်းခြင်းဆိုတာ စံပယ်ဖြူလိုပဲ တေးရဲ့"

တေးက သူ့ကိုငေးကြည့်နေမိဆဲ။ သူက ပလတ်စတစ်ဘူး အံကြည်လေးကို တေးထံ ပေးလာခဲ့ပါသည်။

"ရော့ . . . ဒါ တေးအတွက် ကျွန်တော့်ရဲ့ လက်ဆောင်"

တေးက လှမ်းယူပြီး အသေအချာကြည့်မိတော့ ကြယ်ပွင့်ကလေးတွေ ပြည့်နှက်နေတာကို တွေ့ရသည်။

"ဒါ . . . ဒါ ဘာအဓိပ္ပာယ်နဲ့ ပေးတာလဲ"

"တေးကို ချစ်တဲ့ အဓိပ္ပာယ်နဲ့ ပေးတာ"

"ဘာ . . ."

တေးက ဒေါသဖြင့် အော်လိုက်သည်။ တေးထံမှ





နူးညံ့မှုတွေ ပျောက်ဆုံးသွားရပါသည်။ သူကတော့ အေးဆေး စွာပင် . . .

"ဘာဖြစ်လို့ ကိုယ့်ကံကောင်းမှုကို ကိုယ်လျစ်လျူရှုချင် ရတာလဲ တေး"

"ဘာကံကောင်းသလဲ၊ ကျွန်မ ဘာများကံကောင်းနေလို့လဲ၊ ဒီနေ့ မြစည်သူတို့ စေ့စပ်တယ်၊ ရှင်လိုလူက ကျွန်မကို ချစ်စကားပြောတယ်၊ အားလုံး ကံဆိုးမှုတွေပဲ၊ ဘာတစ်ခုမှ ကံမကောင်းဘူး၊ သိပ်မှန်တာပဲ၊ သိပ်မှန်တာပဲ၊ လာဘ်ဦး မကောင်းခဲ့တော့ နောက်ထပ်တွေ့သမျှ ကောင်းကောင်း ကန်းကန်းကို မရှိဘူး"

"အချစ်ခံရတယ်ဆိုတာ ကံကောင်းမှုပဲ တေး၊ ကျွန်တော် က မလှတဲ့မိန်းကလေးဆိုရင် ကြည့်တောင်မကြည့်ချင်ခဲ့တဲ့ ယောကျ်ားပါ၊ ဒါပေမယ့် တေးအနားမှာ ကျွန်တော်ရှိနေ ချင်ခဲ့တယ်၊ တေးကို အမြင်မှန်ရစေချင်ခဲ့တယ်၊ တေးကို ပျော်စေချင်ခဲ့တယ်၊ တေးကို ကံကောင်းစေချင်ခဲ့တယ်၊ တေးကို မခံချင်အောင်ပြောရင်းနဲ့ပဲ သနားနေခဲ့တယ် . . .

"အချစ်ဆိုတာ အလှကနေ မြစ်ဖျားခံတယ်ဆို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ခပ်ပေါ့ပေါ့ယူဆထားခဲ့တာပါ၊ တကယ်တော့ အချစ်က သပ်သပ်၊ အလှကသပ်သပ်ပါ၊ လှရင်ကြိုက်ဖို့ လွယ်ပါတယ်၊ ချစ်ဖို့တော့ခက်တယ်၊ မလှတဲ့သူကိုကျတော့ ကြိုက်ဖို့လည်းမလွယ်၊ ချစ်ဖို့လည်းမလွယ်ပါဘူးတေး၊ အဲဒီ မလွယ်တာတွေကြားကပဲ တေးကို ကျွန်တော်ချစ်ခဲ့တာ၊ ချစ်စရာကောင်းလို့ ချစ်တာဟာ မဆန်းကျယ်ပေမယ့် ချစ်စရာမကောင်းတဲ့ စိတ်ပျက်စရာတွေကြားကပဲ ချစ်လိုက်မိတာဟာ တကယ့်အစစ်ပါ၊ အဲဒီလိုအစစ်ကို လက်ခံရ လိုက်တဲ့ တေးလောက် ကံကောင်းတဲ့မိန်းကလေးမျိုး ရှိပါဦးတော့မလား"

"အို...ရှင်စကားတတ်တိုင်း လျှောက်ပြောမနေနဲ့ အေသင်၊ ရှင်ချစ်တာခံရတာ ကျွန်မကံဆိုးလို့သာပဲ၊ အစကတည်းကမှ ကံမကောင်းရတဲ့အထဲ ရှင်လို ခပ်ပေပေဒီဇိုင်းနဲ့ ယောကျ်ား မျိုးကမှ ချစ်ပါတယ်ဆိုတာဟာ ရေနစ်သူကို ဝါးကူထိုး လိုက်သလိုပဲ၊ ရှင်လို နည်းနည်းမှ လူကြီးလူကောင်းမဆန် တဲ့ ယောကျ်ားမျိုးရဲ့ အချစ်ကိုမှ ခံရသတဲ့၊ ကျွန်မ တော်တော် ကံဆိုးတယ်"





တေးက ရုတ်တရက် မတ်တတ်ထရပ်ပြီး ပြန်ဖို့ ပြင်သည်။ အေသင်ကပါ ထရပ်လိုက်ရင်း ကြယ်ကလေးတွေ ထည့်ထားသော ဘူးကို လှမ်းပေးလိုက်သည်။

"တေး...ဒါလေး ယူသွားပါ"

"မယူဘူး...ကဲ..."

တေးက လက်နှင့်ပုတ်ချလိုက်ရာ ဘူးကကြမ်းပြင် ပေါ် ပြုတ်ကျပြီး အဖုံးပွင့်ကာ ကြယ်ကလေးတွေ လွင့်စင်ပြန့်ကျဲ သွားတော့သည်။

အေသင်က တေးကို စိုက်ကြည့်ရင်း...

"ကျွန်တော် တစ်ခုပြောလိုက်မယ် တေး...တေးရဲ့စိတ်ကို ပြုပြင်နိုင်တဲ့တစ်နေ့ကျရင် ကံကောင်းခြင်း စံပယ်ဖြူတွေ ကို တေး ရလာပါလိမ့်မယ်၊ ကျွန်တော် ဆုတောင်းပေးလိုက် မယ်၊ ကံကောင်းခြင်း စံပယ်ဖြူတွေ တေး ရပါစေ"

တေးသည် ဒေါသစိတ်၊ တုန်လှုပ်စိတ်၊ အံ့သြစိတ်၊ ဝမ်းနည်းစိတ်များဖြင့် ထူပူကာ သူ့ရှေ့မှ လှည့်ထွက်လာခဲ့မိလေ သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

ထူးဆန်းသော ထိုအဖြစ်အပျက်ကို ကြုံတွေ့ရပြီး နောက်တွင် တေးသည် အရင်ကနှင့်မတူတော့ဘဲ အူကြောင်ကြောင် ငေါင်းစင်းစင်းကြီး ဖြစ်နေရလေသည်။

အေသင့်စကားတွေက တေးကို ကယောင်ချောက်ချား ဖြစ်စေသည်။ ထိုအကြောင်း မတွေးဘဲလည်း မနေနိုင်သော တေးသည် တစ်ခါတစ်ခါတော့ တွေးရင်း ဒေါသထွက်လာကာ တစ်ယောက်တည်း ရေရွတ်နေမိတတ်သည်။

"ဟင်း ... ရယ်စရာကောင်းသေးတော့၊ သူလိုလူက ချစ်တာကို ငါက ကံကောင်းတယ်လို့ ယူဆရမတဲ့လား၊ ဒီလူတော့ ကိုယ့်ကိုကိုယ် အထင်ကြီးလွန်းနေပြီ"

---

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



တေးသည် ဒီလိုလူမျိုးတော့ လုံးဝအထင်မကြီးပေ။ တေးသည် မိန်းမပီပီ ကိုယ်လှတာမလှတာကိုအပထားလို့ ကိုယ်မှန်းလျှင်တော့ မြင့်မြင့်သာ မှန်းချင်လေသည်။

သို့သော် တေးသည် သူ့ကို ဒေါသဖြစ်လျက်ကပင် သူ့ကို သတိမရဘဲမနေချေ။ သူ့စကားတွေကတော့ အနားမှာအခုပင် ဝေ့ဝဲရိုက်ခတ်နေသလိုထင်ရ၏။

"ကံကောင်းချင်ရင် စိတ်ကောင်းမွေးပေါ့ဗျ။ တေးရဲ့ စိတ်သာ စံပယ်ဖြူတွေလို ဖြူစင်မွေးမြနူးညံ့နေရင် ကံကောင်းခြင်းတွေကို တေး ရလာမှာပဲ"

တေးသည် ဆံထုံးခါနဲ့ခေါင်းတစ်ချက်ဆတ်လိုက်ရင်း အတွေးကို ဖျောက်ဖျက်ရ၏။ သူ့စကားကို တေးက ဘာဖြစ်လို့ နားထောင်ရမှာလဲ။ ဒီလူဟာ စကားလုံးရိုင်းရိုင်းနဲ့ တေးကို အမြဲနှိမ်ခဲ့တဲ့သူ။

"ချစ်စရာကောင်းလို့ ချစ်တာဟာ မဆန်းကျယ်ပေမယ့် ချစ်စရာမကောင်းတဲ့ စိတ်ပျက်စရာတွေကြားကပဲ ချစ်လိုက်မိတာဟာ၊ တကယ့်အစစ်ပါ"

အို ... မယုံပါဘူး၊ ရှင့်စကားတတ်တိုင်း လျှောက်





ပြောမနေပါနဲ့၊ တေး စိတ်ကူးထဲမှာပင် ရန်တွေ့လိုက်ရင်း ရင်ထဲပူနွေးရှက်ရွံ့သွားမိလေသည်။

တေးသည် သူ့အကြောင်း ခေါင်းထဲကထုတ်ပစ်ကာ တေးရဲ့ မူလရည်ရွယ်ချက်အတိုင်းသာ တည့်တည့်သွားဖို့ ဆုံးဖြတ်မိလေသည်။

မြစည်သူတို့ကို တေးဘယ်လို အနှောင့်အယှက်ပေးရင် ကောင်းမလဲ ...။ သူတို့ လက်မထပ်ဖြစ်အောင် တေး လုပ်ချင်သည်။

* လက်ထပ်ပွဲကလည်း နောက်တစ်လအကြာတွင် ကျင်းပတော့မည် ဖြစ်သည်။ သူတို့နှစ်ယောက်ရဲ့ လိုက်ဖက်ညီမှုကို တေးက တစ်နည်းနည်းနဲ့တော့ အနှောင့်အယှက်ပေးလိုက်ချင်သေးသည်။

တစ်နေ့တော့ တေးက ခြံစောင့်ရရန်ဟုအကြောင်းပြကာ အယ်လ်ဆေးရှင်း ခွေးတစ်ကောင် ဝယ်ယူလိုက်လေ[illegible] ပြီးတော့ တေးက ထိုခွေးကို တေး တစ်ယောက်တ[illegible]တားထံသို့ ပြန်လှည့်အောင် သင်လေသည်။ ခွေးမှာ အမြဲ[illegible] ခွေးဖြစ်သည်။ လွှတ်ပေးလိုက်လျှင် ဇ[illegible]

www.burmeseclassic.com



အဆင့်သင့် ဖြစ်နေတတ်ပါသည်။ မြ ပင်လျှင် ထိုခွေးနားကို မကပ်ရဲချေ။

တစ်နေ့တော့ ကိုခိုင်လုံက မြထံသို့ ရောက်လာကာ နှစ်ယောက်အတူတွဲလျက်ခြံထဲမှာ လမ်းလျှောက်ရင်း စကားပြောနေကြလေသည်။

တေးသည် သူတို့အတွဲကို ကြည့်ရင်း ကြည့်ရင်း မရှုစိမ့် ဖြစ်လာရတော့သည်။ ကိုခိုင်လုံကိုလည်း တေးက နာကြည်းမိလေသည်။

တေးသည် ဂျာကီခေါင်းအဝတွင် ဒူးတုပ်ထိုင်ကာ တေး လက်သပ်မွေးထားသော ခွေးကြီးရဲ့ လည်ပင်းမွေးများကို ပွတ်သပ်ပေးလျက်ရှိသည်။ ပြီးတော့ တေး ပါးစပ်ကလည်း တီးတိုး ပြောလျက်ရှိပါသည်။

"ဂျက်ကီ...နင့်ကို ကြိုးဖြေလွှတ်လိုက်မယ်၊ ဟိုမှာတွေ့လား၊ ဟိုနှစ်ယောက်ကို နင်သွားကိုက်ရမယ်နော်၊ ကြား
ချစ်ဗ ဂျက်ကီ၊ ကြားတယ် မဟုတ်လား"
မိတာဟာ ပြောရင်းကပင် တုန်ယင်အားစက်သော
အို...မမ ကတုန်ကယင် ဖြေလျှက်ရှိ၏။





တေးသည် သံကြိုးကို လွှတ်ပေးခါနီးဆဲဆဲမှာပင် တုံ့ဆိုင်းဆိုင်း ဖြစ်၍သွားရလေသည်။

"တေးရဲ့စိတ်ကို ပြုပြင်နိုင်တဲ့တစ်နေ့ကျရင် ကံကောင်းခြင်း စံပယ်ဖြူတွေ တေး ရလာပါလိမ့်မယ်"

အေသင့်ရဲ့ အသံသည် တန်ခိုးကြီးစွာပင် တေးကို တားမြစ်နေလေသည်။

အို...ဘာအရေးလဲ...သူ့စကားကို တေးက ဘာလို့ နားထောင်ရမှာလဲ...

တေးက အံတစ်ချက်ကြိတ်ကာ ဂျက်ကီ့ကို လွှတ်ပေးလိုက်ရာ ဂျက်ကီက လှစ်ခနဲ ပြေးထွက်သွားသည်။

တေးသည် ရုတ်တရက် ရင်ထဲ တလှပ်လှပ်ခနဲ ဖြစ်သွားကာ မျက်စိစုံမှိတ်လျက်...

"ဂျက်ကီ"

ဟု လွှတ်ခနဲအော်လိုက်မိသည်မှာ ဘယ်လိုတွန်းအားကြောင့်မှန်း မသိပေ။

"ဂျက်ကီ လာ...လာ...ပြန်လာ"

ဂျက်ကီက နားလည်စွာပင် တေးထံသို့ ပြန်လှည့် ပြေးလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တေးသည် ဂျက်ကိုကို ဆီးကြိုမွေ့ပိုက်ထားလိုက်ရင်း ရင်ထဲမှာ ငိုချင်ပြင်းပြလာရတော့သည်။

အဲဒီနေ့ရဲ့နောက်ပိုင်းတွင်လည်း တေး စိတ်ထဲမှာ မကောင်းကြံချင်စိတ်ပေါ်လာတိုင်း သူ့စကားတွေက လာရောက်တားမြစ်တတ်လေသည်။ သူ့စကားတွေက တေးကို နေ့စဉ်နဲ့အမျှ တန်ခိုးကြီးစွာ လွှမ်းမိုးလျက်ရှိပြီး တေးရဲ့မကောင်းကြံစိတ်များကို တားမြစ်လျက်ရှိသည်။

တစ်နေ့တော့ တေးသည် ဘာရယ်လို့ပြောမပြတတ်သော တွန်းအားတစ်ခုဖြင့် အေသင့်ထံသို့ သွားခဲ့မိလေသည်။ သူနဲ့တွေ့ရင် ဘာတွေပြောရမယ်ဆိုတာတော့ တေး ကြိုးတွေးမထားခဲ့ချေ။

တေး စိတ်ကောင်းမွေးမိပြီဆိုတာကို သူ့ကို ပြောပြချင်တာလား...

ကျေးဇူးတင်ကြောင်း ပြောချင်တာလား...

သူ့ကို ရန်တွေ့ချင်တာလား...

ဘာမှ မရေရာချေ...။

တေး အေသင်နေသော အိမ်သို့ရောက်ရှိသွားချိန်တွင် အိမ်တံခါးဝ သော့ခတ်ထားတာကိုသာ တွေ့ရလေသည်။ တေးက ဘာဆက်လုပ်ရမှန်းမသိဘဲ အိမ်ရှေ့မှာ ခပ်ငိုင်ငိုင်ရပ်နေဆဲ။ အဒေါ်ကြီးတစ်ယောက်က တေးအနား ရောက်လာကာ...

"တူမကြီး...ဘယ်သူ့ကို လာရှာသလဲ"

"ဟို...အေသင်"

"ဩော်...အဲဒီသူငယ်က ပြန်သွားပြီကွယ့်"

"ဘယ်ကိုပြန်သွားတာလဲဟင်"

"သူ့အဖေလာခေါ်လို့ ပြန်လိုက်သွားရတာ၊ ဘယ်ကိုလဲတော့ မသိဘူး"

"ဒီအိမ်က တခြားသူတွေရော မရှိဘူးလားရှင်..."

"သူတို့လည်း ပြောင်းသွားကြပြီကွယ့်၊ ဒီအိမ်က ငှားနေတဲ့အိမ်လေ၊ အိမ်ရှင်က အိမ်ရောင်းမှာမို့လို့ လူငှားဆက်မတင်တော့တာ"

တေးသည် အိမ်ကလေးရှေ့မှာ တွေတွေဝေဝေ ရပ်နေရင်း အိမ်တံခါးဝမှာ တေးကို စိုးရိမ်တကြီးဆီးကြိုနေသော အေသင့်ပုံစံကို မြင်ယောင်လာရလေသည်။

တေးပခုံးကို စိုးရိမ်တကြီး လှမ်းဆုပ်ဖေးမလိုက်သော







www.burmeseclassic.com

www.burmeseclassic.com



တေးကို စိုးရိမ်တကြီး မျက်ဝန်းတွေဖြင့် စိုက်ကြည့်နေခဲ့သော အေသင်သည် တေးရှေ့မှာ မားမားမတ်မတ်ရှိနေသလိုပင် ခံစားလာရသည်။

အဲဒီတုန်းက တေး သူ့ကို အားကိုးတကြီး ငိုတွယ်ခဲ့တာပဲမဟုတ်လား. . .။ သို့သော် တေးက ထိုစိတ်ကို ကယောင်ချောက်ချား ဖုံးကွယ်ထားခဲ့မိပါသည်။

တေးက ခိုတွဲလာသော မျက်ရည်စတချို့ကို ကလေးတွေ မျက်ရည်သုတ်သလို ဘယ်ပြန်ညာပြန် သုတ်လိုက်မိရင်း နှုတ်ခမ်းကလေး မသိမသာ မဲ့လာသည်။

တေး သူ့ကို ဘယ်မှာသွားရှာရမလဲ. . .။

တေးကို တကယ့်အစစ်နဲ့ချစ်တယ်ဆိုတဲ့လူက ဘာဖြစ်လို့ ခြေရာပျောက်သွားရတာလဲ. . .။ ရှင်တကယ် ရက်စက်တာပဲ အေသင်၊ ရှင့်ကို တေးဘယ်လို ယုံရမလဲ. . .။

တေးက ရပ်နေမိဆဲ. . . တံခါးကြားအောက်ခြေမှာ ညပ်နေသော ကြယ်ကလေးတစ်ပွင့်ကို သွားတွေ့လေသည်။

တေးက ထိုတံခါးနားသို့ လှစ်ခနဲလှမ်းသွားကာ ကြယ်ကလေးကို ဆွဲထုတ်ကောက်ယူလိုက်သည်။ ကြယ်ကလေးက အဝါရောင်ဖြစ်သည်။





အဲ့ဒီနောက်တော့ တေးက ကြယ်ကလေးကို တင်းတင်းဆုပ်ကာ လှည့်ပြန်လာခဲ့ရပါသည်။

အေသင်. . .

ရှင် အလကားလူပဲ. . .

တေး အတွက် ကြယ်တစ်ပွင့်ပဲ ချန်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



❀ ❀ ❀

အလွမ်းဆိုတာ ဘယ်အရာကမြစ်ဖျားခံခဲ့ပါသလဲ...။

အလွမ်းဆိုတဲ့ အရသာဟာ ခါးသက်သက် ရှတတနှင့် ကြာရှည်စွဲမြဲတတ်သော ရှန်ပိန်နှင့် တူလေသည်။

ချစ်ခြင်းထက်ပိုပြီး သတိတရရ...စွဲငြိနင့်သည်းတတ်တဲ့ အရာဟာ အလွမ်းဖြစ်သည်။

တေးသည် မှန်ရှေ့မှာရပ်တိုင်း အေသင့် စကားသံရဲ့ လွမ်းမိုးမှုကို ပုံမှန်ထက်ပိုပြီး ခံယူရရှိမြဲဖြစ်သည်။

"မိန်းကလေးဆိုတာ ကိုယ့်ကိုကိုယ် ပြုပြုပြင်ပြင်လေးတော့နေဦးမှပေါ့ဗျ..."

တေးက ဘီးတစ်ချောင်းယူကာ ခေါင်းဖြီးခဲ့လျှင်သည်း...



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားရဲ့ ဆံပင်တွေက စာကလေးငှက်သိုက်လိုပဲ"

တေးက မှန်ထဲက ကိုယ့်ရုပ်ကို ကိုယ်စိုက်ကြည့်မိလျှင်လည်း...

"စိတ်ကို ကြည်ကြည်လင်လင် ထားလိုက်လေ၊ အဲဒါဆို ခင်ဗျား မျက်နှာထားကအစ မျက်လုံးတွေပါ နှစ်သက်စရာ ဖြစ်လာမယ်"

တေး ခန္ဓာကိုယ်ပေါ်သို့ အကြည့်ရွှေ့မိသောအခါ...

"ခင်ဗျားက ကိုယ့်ကိုကိုယ် ယုံကြည်မှုမရှိဘဲ မဝံ့မရဲဖြစ်နေတော့ လက်ပြင်က အလိုလိုနေရင်း ကုန်းနေသလိုဖြစ်နေတယ်"

တေး လမ်းလျှောက်သောအခါများမှာ...

"ခင်ဗျားလမ်းသွားပုံက ကာတွန်းရုပ်လို တောက်ဆတ်ဆတ်နဲ့..."

"ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိတဲ့သူဆိုတာ ဒီလို စမတ်တကျ ဖြစ်ရမယ်"

နေရာတကာ သူ့အသံတွေက လိုက်၍ ပြုပြင်သောအခါ တေးလည်း ပြောင်းလဲလာရတော့သည်။

---





တေးရဲ့ဆံပင်တွေကို Beauty salon မှာ သွားဖြောင့်လိုက်သောအခါ စင်းဖြောင့်ပျော့ပျောင်းကာ အလွန်ဆွဲဆောင်မှုရှိသွားတော့သည်။

တေးရဲ့စိတ်က ပျော့ပျောင်းတည်ငြိမ်လာသောအခါ တေးရဲ့ခြေလှမ်းတွေလည်း သိမ်မွေ့လာခဲ့ရသည်။

တေးက အားလုံးနဲ့ လိုက်လျောညီထွေဖြစ်အောင်နေတတ်ခဲ့ပြီ။ အိမ်က ကောင်မလေးတွေဝင် တေးကို ချစ်ခင်သဘောကျလာခဲ့သည်။

တေးသည် မြစည်သူကိုလည်း အတတ်နိုင်ဆုံး အကောင်းမြင်စိတ်ဖြင့်သာ ကြည့်လေသည်။

ယယ်ယယ်ကတည်းက ကံကောင်းခြင်းတွေ မွေ့ပိုက်ထားနိုင်ခဲ့ပြီး Lucky girl ကလေးဖြစ်ခဲ့တာက...မြရဲ့အတိတ်ကံဖြစ်သည်။ ဒါကို တေးလိုက်မမီနိုင်။ ခုချိန်မှာ ဘာမဆို အမြဲကံကောင်းနေခဲ့တာကတော့ မြစည်သူရဲ့ ဖြူစင်ကြည်လင်သောစိတ်ကြောင့်သာဆိုတာ တေးနားလည်နိုင်ခဲ့ပြီ။ ပစ္စုပ္ပန်ကံဆိုတာကတော့ ကိုယ်ရွေးချယ်မှုပဲမို့ အကောင်းမြင်စိတ်ဖြင့် တေးရဲ့ကံကို ကောင်းစေမည်။

---



www.burmeseclassic.com

www.burmeseclassic.com



တေး…စံပယ်ဖြူတွေ ရချင်ပါပြီ အေသင်…။

တေးသည် ကိုယ့်စိတ်ကိုကိုယ် လိပ်ပြာလုံလုံ တည်ဆောက်ပြီးသောအခါ ကိုယ့်ကိုကိုယ် ယုံကြည်မှုဖြင့် ရဲရင့်လာခဲ့လေသည်။

ထိုအခါ တေးရဲ့ ကုန်းသောလက်ပြင်သည် မတ်လာခဲ့သည်။ တေးရဲ့မျက်နှာသည် ငုံ့လျှိုးမနေတော့ဘဲ ရဲဝံ့တောက်ပလာသည်။ တေးရဲ့ခြေလှမ်းတွေကလည်း တက်ကြွဖွံ့ကြွားလာသည်။ တေးရဲ့မျက်လုံးအကြည့်တွေလည်း ဖြူစင်ခဲ့ပြီဖြစ်သည်။ ခုတော့ တေးသည် အရင်လို ဆွဲဆောင်မှုမရှိသော ကုပ်ချောင်းချောင်း မိန်းမမျိုး မဟုတ်တော့ဘဲ ကိုယ့်ကိုကိုယ် ယုံကြည်မှုအပြည့်ရှိသော စမတ်တကျ မိန်းမတစ်ယောက်အဖြစ် ပြောင်းလဲလာခဲ့ပေပြီ။

မေမေကပင် တေးကို အံ့သြတကြီးပြောရသည်မှာ…

"သမီးရယ်…အချိန်တိုအတွင်း သမီးပြောင်းလဲပုံက မယုံနိုင်စရာပဲ၊ ကြည့်စမ်း သမီးရဲ့မျက်နှာကလေးဟာ ကြည်လင်နေတာပဲ၊ မျက်လုံးလေးတွေမှာကအစ အကြည်ဓာတ်ရှိနေတယ်၊ သွားလာလှုပ်ရှားပုံကအစ ကိုယ့်ကိုကိုယ် ယုံကြည်မှုရှိလာတယ်"





တေးက တေးမျက်နှာကို မှန်ထဲမှာ အသေအချာကြည့်မိသောအခါ ကြည်လင်တောက်ပမှုကိုတွေ့ရလေသည်။ အဲ့ဒါဟာ တေးစိတ်ကလှပနေတဲ့အရောင်ပါ မေမေ၊ စိတ်ဆိုတာ ရုပ်မှာထင်ဟပ်တာပဲလို့ အေသင်က ပြောပြခဲ့ပါတယ်။

တေးသည် မြစည်သူကိုလည်း မာနမထားတော့ဘဲ မြစည်သူရဲ့ လိမ္မာပုံကလေးများကို အတုယူမိလေသည်။ တေးသတိထားကြည့်မိတော့မှ မြရဲ့ အပြောအဆို လိမ္မာပါးနပ်မှု၊ အိမ်မှုကိစ္စမှာစီမံတတ်မှု၊ အဆင့်အတန်းမြင့်သော အနေအထိုင်တို့ကို တွေ့ရလေသည်။ မြက အမြဲပဲ ချစ်ရာကောင်းနေခဲ့တာမို့ ယောက်ျားအပေါင်းများများက နှစ်သက်မြတ်နိုးကြတာ မဆန်းပေ။

အေသင်ကတော့ ဘာတစ်ခုမှ လိမ္မာရေးခြားမရှိသော တေးကို ချစ်ခဲ့တာ တေးဘယ်လောက် ကံကောင်းသလဲ…။

တေးသည် ကိုယ့်ကိုကိုယ် ကံကောင်းသော မိန်းမအဖြစ် လက်ခံစပြုလာလေသည်။

အချိန်တိုအတွင်းမှာပဲ တေးထံပါးမှာ တေးကို စွဲမက်နှစ်သက်ကြသော ဂုဏ်သရေရှိယောက်ျားသားတွေ အလျှိုလျှို ပေါ်ပေါက်လာရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေက တေးကိုပြောသည်မှာ...

"မိန်းမဆိုတာ ကိုယ်ကတန်ဖိုးရှိအောင်နေရင် ကိုယ့်တန်ဖိုးနဲ့ ညီမျှတဲ့ သူကလည်း ကိုယ့်ဆီ ရောက်လာမှာပဲ"

တေးသည် အများတကာရဲ့ နှစ်သက်လိုလားခြင်း ခံရသော မိန်းမဘဝကို ရခဲ့ပြီဖြစ်သော်လည်း ထိုအခြေအနေမှာ ယစ်မူးချင်စိတ် မရှိတော့ချေ။

အေသင်...

တေးဆီ ဘယ်တော့ ပြန်လာမှာလဲ...။ အေသင် ဘယ်မှာလဲ...။ တေးကို အမြင်မှန်ရစေချင်တဲ့ အေသင့်ကိုသာ တေးက တွေ့ချင်နေခဲ့သည်။

တစ်နေ့တော့ တေး တစ်ချိန်က မျှော်လင့်မက်မော အထင်ကြီးခဲ့ဖူးသော ဂုဏ်သရေရှိစာရင်းဝင် ယောက်ျားတစ်ယောက်က တေးကို လေးနက်စွာ ချစ်ခွင့်ပန်လေသည်။

"ကိုယ် တေးကို သိပ်ချစ်တယ်၊ လက်ထပ်ခွင့်ပြုပါ"

တေးသည် ထိုစကားအတွက် ဝမ်းမသာတတ်တော့ဘဲ...

"တေးသာ ရုပ်ဆိုးဆိုး စိတ်ပုပ်ပုပ် မိန်းမတစ်ယောက်ဆိုရင် တေးကို ချစ်နိုင်မလား"





ဟုမေးမိရာ ထိုသူက ဟာသပျက်လုံးတစ်ခု ကြားရသလို ပြုံးရယ်ရင်း...

"တေးက အဲဒီလို မိန်းကလေးမဟုတ်တာ ကိုယ်သိပါတယ်ကွာ"

"ဟုတ်ခဲ့ရင် ဘယ်လိုသဘောထားမလဲ သိချင်တာပါ"

"ဟုတ်မှ မဟုတ်ဘဲကွာ"

"စိတ်ရင်းအတိုင်း ဖြေကြည့်ပါ"

ထိုသူက စဉ်းစားသလို ငြိမ်သွားပြီးမှ...

"အင်း...ရုပ်ကလည်းဆိုးတဲ့အပြင် စိတ်ကပါ ပုပ်ဦးမယ်ဆိုရင်တော့ ကိုယ်ချစ်နိုင်မယ်မထင်ဘူး"

"အင်း...ဒါဆိုရင်တော့ တကယ့်အစစ်မဟုတ်ဘူး"

"တေးပြောတာ ကိုယ်နားမလည်ဘူး"

တေးကတော့ အဓိပ္ပာယ်ရှိစွာ ပြုံးနေခဲ့မိပါသည်။

ခုချိန်မှာတော့ အေသင့်ရဲ့အချစ်ကို ခံယူရတာဟာ တေးကို ကမ္ဘာပေါ်မှာ ကံအကောင်းဆုံး မိန်းကလေးဖြစ်စေခဲ့သည်ဟု တေးယုံကြည်လက်ခံခဲ့ပြီဖြစ်ပါသည်။

တေးသည် သူ့ကိုသတိရတိုင်း တေး ကောက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သော ကြယ်ကလေးတစ်ပွင့်ကို မကြာခဏ ဆုပ်ကိုင်ထားမိသည်။ ယောဒီကြယ်ကလေးကို ဆုပ်ကိုင်လိုက်တိုင်း တေးရဲ့စိတ်မှာ ယုံကြည်မှုအင်အားကို ဖြစ်စေပါသည်။

တေးသည် တစ်ခါတစ်ခါတော့ ထိုကြယ်ကလေးကို ဆုပ်ကိုင်ရင်း အိပ်ပျော်သွားတတ်စမြဲ ဖြစ်သည်။

❀ ❀ ❀

ပုညခင်စာအုပ်တိုက်

# ကြယ်တစ်ပွင့်နှင့် စံပယ်ဖြူ

www.burmeseclassic.com

www.burmeseclassic.com

❀ ❀ ❀

အေသင်သည် ကားကို စေးတို့ခြိန့် မလှမ်းမကမ်းမှာရပ်ရင်း စေးကို ချောင်းကြည့်ဖို့ ကြံရွယ်လိုက်လေသည်။

သူ စေးကို လွမ်းလှပြီဖြစ်သည်။

ဒက်ဒီက သူ့ကို စုံစမ်းရှာဖွေကာ သူနဲ့ အကျေအလည် ဆွေးနွေးခဲ့တာ ဖြစ်သည်။ နောက်ဆုံးတော့ ဒက်ဒီက သူ့ကို ကတိပေးခဲ့ပါသည်။

“ဒက်ဒီ မင်းကို ကတိပေးပါတယ် သားရာ၊ ဒက်ဒီလည်း မင်း ထွက်သွားပြီးနောက်ပိုင်းမှာ ဒက်ဒီရဲ့အလှကြိုက်တဲ့ အကျင့်ကြောင့်ပဲ တော်တော် ချောက်ကျခဲ့ပြီးပါပြီ၊ အလှတရားတွေနဲ့ ပြည့်နေတဲ့ ဒက်ဒီ ရင်ဘတ်ကြီးကို လှင့်ပစ်လိုက်ပါပြီ”

မှုညခင်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



သူက ဒက်ဒီ့ကို ပြုံးကြည့်ခဲ့မိကာ...

"တကယ်တော့ အချစ်ဆိုတာ အလကားနေ မြစ်ဖျားမခံဘူး ဒက်ဒီရ..."

"အံမယ်...အရင်ကတော့ မင်းလောက် မျက်စိစားပွဲထိုင်တာ မင်းပဲရှိတယ်"

"မျက်စိစားပွဲထိုင်တာက သပ်သပ်၊ အချစ်က သပ်သပ်ပါ ဒက်ဒီရာ"

"ကောင်း...မင်းတော့ ရုပ်ဆိုးမလေးတစ်ယောက်နဲ့ ငြိခဲ့ပြီ ထင်တယ်"

ဒက်ဒီက ခပ်ရီရီပြောတော့ သူရယ်နေခဲ့မိလေသည်။

အဲဒီနောက်တော့ သူ ဒက်ဒီလွှဲပေးသော အလုပ်တွေကို စိတ်ဝင်တစားလုပ်ရင်း အချိန်တွေကုန်ခဲ့သည်။

ဒီလို ဝေးကွာနေတဲ့အချိန်တွေမှာ တေးဟာ သူ့ကို ချစ်ရင်တော့ ပြောင်းလဲသွားမှာပဲဟု သူတွက်ဆထားခဲ့တာဖြစ်သည်။

သူက တေးတို့ခြံရှေ့မှာ ကားရပ်ရင်း ဈေးရဲ့ အရိပ်အခြည်ကို ရင်ခုန်စွာ စောင့်ကြည့်နေခဲ့ပါသည်။

တော်တော်ကြာတဲ့အထိ တေးရဲ့အရိပ်အယောင်ကိုမှ





မတွေ့ရချေ။ သူက ထိုင်ခုံနောက်မှီပေါ် ခေါင်းမှီကာ ခဏငြိမ်နေဆဲ...ကားတစ်စီးက သူ့ကားအနီးမှာ ကွေ့ခနဲ ဘရိတ်အုပ်ရပ်ကာ...

"ဟာ...အမိုက်စားလေး"

"very smart ပဲကွာ..."

ထိုကားဆီမှ အသံတွေ တစ်ယောက်တစ်ပေါက် ထွက်လာပြီးနောက် ကားက ဘီးလိမ့်ရုံ ဆက်မောင်းသွားသည်။ ကားပေါ်က ယောကျ်ားတစ်ချို့က တေးတို့ခြံဘက်ကို သမင် လည်ပြန် ကြည့်သွားကြသည်။

နေစမ်းပါဦး...ဘယ်သူက ဘယ်လောက်လှနေလို့လဲ ဒီလောက်တောင် ဖြစ်ရတာလဲ...

သူက စပ်စုချင်စိတ်ဖြင့် လှမ်းကြည့်မိရာ တေးတို့ ခြံထဲမှ ထွက်လာသော မိန်းကလေးတစ်ယောက်ကို တွေ့ရလေသည်။ မိန်းကလေးရဲ့ဆံပင်ဖြောင့်ဖြောင့်လေးတွေ လှုပ်ရှားယိမ်းနွဲ့ပုံက တော်တော်ကြည့်လို့ကောင်းသည်။ ဆံပင်တွေက မျက်နှာ နံဘေးမှာ ကွယ်နေတာမို့ မျက်နှာကို အသေအချာမမြင်ရချေ။ သူမပုံစံကတော့ ဝံ့ကြွားစမတ်ကျနေခဲ့ပါသည်။

ဘယ်သူများပါလိမ့်...



www.burmeseclassic.com

www.burmeseclassic.com



မြစည်သူကတော့ ဒီလောက်ဆံပင်မရှည်ပါ။

သူကြည့်နေဆဲ သူမက မျက်နှာနံဘေးမှာ ဝဲနေသော ဆံပင်တွေကို လက်ဖြင့်သိမ်းပြီး နောက်သို့ပို့လိုက်လေရာ သူမ မျက်နှာက ထင်းခနဲပေါ်လာလေသည်။

"ဟာ...တေး...တေးပါလား"

သူက ထခုန်မိတော့မတတ် အံ့သြဝမ်းသာသွားခဲ့သည်။

တေး သူ့စကားကို နားထောင်ခဲ့ပြီပေါ့။ တေးရဲ့ ပြောင်းလဲမှုဟာ အချစ်စိတ်ကြောင့်သာ ဖြစ်ရပါမည်။

တေးက ကြည်လင်သောမျက်နှာထားကလေးဖြင့် သူ့ကားနံဘေးမှ ဖြတ်လျှောက်သွားလေသည်။ သူက လှမ်းမခေါ်မိအောင် ထိန်းချုပ်အောင့်အည်းရင်း မျက်စိတစ်ဆုံး လိုက်ငေးနေမိပါသည်။

သူက တေးရဲ့ပြောင်းလဲမှုကို ဒါ့ထက်ပို၍ သိချင်သေးရာ...

❀ ❀ ❀





"တေးလက်ာက တော်တော်ပုပ်စပ်တယ်ဆို...ဟုတ်လား"

အေသင်သည် တေးတို့အိမ်မှ ဈေးဝယ်ထွက်လာသော ကောင်မလေးတစ်ယောက်ကို မုန့်ဖိုးပေးကာ စုံစမ်းစပ်စုလိုက်လေသည်။ ကောင်မလေးက သူ့ကို မျက်လုံးပြူးကြည့်ကာ...

"ဟို...အဲဒါက အရင်ကတော့ ဟုတ်တယ်၊ အခုတော့ မဟုတ်တော့ပါဘူး"

"အခု ဘယ်လိုနေလို့လဲ..."

"အရမ်းသဘောကောင်းတယ်၊ သမီးတို့ကို အရင်လိုလည်း မအော်ငေါက်တော့ဘူး၊ ကောင်းကောင်းမွန်မွန်ဆက်ဆံတယ်၊ အရင်ကဆို သူ့ကိုသမီး ကြည့်မရလို့ သူ့အဝတ်တွေဆို စင်အောင် မလျှော်ဘူး၊ မမမြစည်သူ အဝတ်တွေကိုပဲ စင်အောင် လျှော်တာ၊ ခုတော့ မမတေး အဝတ်ကိုပါ ကောင်းကောင်း လျှော်တယ်"

"တေးနဲ့ မြစည်သူနဲ့ရော အဆင်ပြေရဲ့လား"

"ပြေပါတယ်၊ မမမြက မမတေးကို ဟင်းချက်နည်းတွေတောင် သင်ပေးသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ညည်းတို့ မမတေးမှာ ရည်းစားတွေ ဘာတွေကော ရှိနေပြီလား"

"ပိုးကြဲဝန်းကြတဲ့သူတွေတော့ အများကြီးပဲ၊ ရည်းစား ဖြစ်မဖြစ်တော့ မသိဘူး"

"ကျေးဇူးပါပဲကွာ၊ ရော့...ရော့ မုန့်ဖိုးယူသွား"

"ဟို...တစ်ခုပြောပြမယ်"

သူက ကောင်မလေးကို မျက်ခုံးပင့်ကြည့်မိသည်။

"ပြောလေ..."

"အဲ...မုန့်ဖိုးတော့ ထပ်ပေးရမယ်"

"ကဲ...ကဲ...ရော့...ယူပါ မ,ဘုရားရဲ့၊ အရေးထဲ ငွေလာ ညှစ်နေသေးတယ်"

"ဟိုတစ်ခါတုန်းကလေ...သမီးက ကားဂိုဒေါင်နားမှာ တံမြက်စည်းလှည်းနေတာ၊ မမတေးက သမီးကို မမြင်ဘူး၊ သူမွေးထားတဲ့ခွေးကြီးကို ကြိုးဖြေပြီး မမနဲ့ ကိုခိုင်လုံကို ကိုက်ဖို့လွှတ်လိုက်တာ၊ နောက်တော့ ဘာဖြစ်လို့မှန်းမသိဘူး၊ ခွေးကို အတင်းပြန်အော်ခေါ်တာပဲ၊ အဲဒါနဲ့ ခွေးလည်း မကိုက်ဖြစ်ဘဲ ပြန်လှည့်လာရတယ်"





သူ့ တေးစိတ်ကို နားလည်သွားလေသည်။ ကျွန်တော့် စကားကို အလေးထားတဲ့အတွက် ကျေးဇူးပါပဲ တေး...။

"ဒါနဲ့ ဦးက ဘာဖြစ်လို့ မမလေးအကြောင်းတွေ လာမေး နေတာလဲ၊ ဦးက မမတေးကို ပိုးနေတဲ့သူလား"

"ဆိုပါတော့..."

"ဒါဆို တစ်ခု ပြောပြဦးမယ်"

"ဆိုပါဦး..."

"အင်း...အဲဒါဆို မုန့်ဖိုးထပ်ပေးဦး"

"အေး...ယူဟော့...ယူ၊ ရော့..."

"မမတေးက ဦးကို ပြန်ကြိုက်မှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ..."

"မမတေးက သူ့အခန်းထဲကမှန်မှာ နာမည်တစ်ခုရေးထား တယ်၊ အဲဒါ မမတေး ချစ်နေတဲ့သူလား မသိဘူး၊ တစ်ခါ မှတော့ တွဲသွားတာမတွေ့ဖူးဘူး"

သူက ရင်ခုန်သွားကာ...

"နာမည်က ဘာတဲ့လဲ"

"အေးသင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ဘယ်လို..."

"အေးသင်လေ... အေးသင်၊ ကိုအေးသင်ပေါ့"

"ကိုအေးသင် ! "

သူက ရုတ်တရက်မို့ အူကြောင်ကြောင်ဖြစ်သွားပြီးမှ သဘောပေါက်သွားရကာ...

"ဟား..."

သူက လေထဲသို့ ဝှစ်ခနဲလက်သီးတစ်ချက် ဇွတ်ထိုးလိုက်တော့ ကောင်မလေးက သူ့ကို ပါးစပ်အဟောင်းသား ငေးနေသည်။

"ရော... ရော... မုန့်ဖိုး ထပ်ယူဦး"

သူက ပိုက်ဆံအိတ်ထဲက ပိုက်ဆံတချို့ ထပ်ထုတ်ကာ ကောင်မလေးလက်ထဲ ထည့်ပေးလိုက်လေသည်။

သေချာတာပေါ့...

ကောင်မလေးပြောတဲ့ ကိုအေးသင်ဆိုတာ ကျွန်တော်မျိုးကြီးပဲပေါ့။

❀ ❀ ❀



❀ ❀ ❀

အဲဒီနေ့က မြစည်သူတို့ရဲ့ မင်္ဂလာပွဲနေ့ဖြစ်လေသည်။

တေးသည် စိတ်ကြည်လင်စွာပင် မြတို့ရဲ့ မင်္ဂလာပွဲမှာ ကူညီလုပ်ကိုင်ပေးနေခဲ့သည်။

Hotel မှာ မင်္ဂလာဆောင်ခဲ့ပြီးပြီမို့ ညနေပိုင်း မင်္ဂလာညစာစားပွဲကို တေးတို့ခြံထဲမှာပင် ကျင်းပလေသည်။

မြစည်သူတို့က ဧည့်သည်တွေကို လိုက်လံနှုတ်ဆက်နေကြသည်။

တေးက အစားအသောက်တွေချထားသည့်ဘက်မှာ အဆင်ပြေမပြေ သွားကြည့်ပြီး တေးထိုင်သည့်နေရာဆီ ပြန်လျှောက်လာဆဲ...



www.burmeseclassic.com

www.burmeseclassic.com



စမတ်ကျကျဝတ်စား ဆင်ယင်ထားသော ယောကျ်ား တစ်ယောက်ကို လှမ်းမြင်ရလေသည်။ တေးက အမှတ်တမဲ့လိုလို မျက်စိခပ်ရှမ်းရှမ်း ကြည့်လိုက်မိပြီးမှ စိတ်ထဲကဇဝေဇဝါဖြင့် နောက်တစ်ခေါက် လှမ်းကြည့်လိုက်သည်။

ဘုရားရေ... အေသင်ပါလား...။

တေးသည် အေသင့်ကို လှမ်းကြည့်ရင်း ရင်တလှပ်လှပ် တုန်လာသည်။

အေသင် ဘာလို့ဒီလောက် သားနားသွားရတာပါလိမ့်။ ခုလိုကျတော့ ကိုခိုင်လုံထက်တောင် ကြည့်ကောင်းနေသေးရဲ့။

တေးက ရှေ့လည်းဆက်မသွားတော့ဘဲ နေရာမှာပင် ခြေစုံရပ်ကာ ကြောင်ငေးနေဆဲ။ သူက တေးထံ တည့်တည့်မတ်မတ် လျှောက်လာသည်။ သူ့လက်ထဲမှာ စံပယ်ဖြူတစ်ကုံး ကိုင်လာပါသည်။

ဒီစံပယ်ဖြူကုံးကလေးဟာ တေးအတွက်သာ ဖြစ်ရမှာပေါ့...။

တေးက သူ့ခြေလှမ်းတွေ တရွေ့ရွေ့နီးလာတာကို ရင်ခုန်စွာ စောင့်စားနေလိုက်သည်။





ဟော...သူ တေးရှေ့နားကို ရောက်လာပြီ။

"ဟယ်..."

သူက တေးကို ဝန်းမပေးဘဲ တေးအနားမှ ဖြတ်ကျော်သွားသောအခါ တေးရင်ထဲ ဟာခနဲဖြစ်သွားကာ မျက်ရည်ဝဲလာသည်။

တေးအဖြစ်ဟာ ဟိုတစ်ခါ မြစေည်သူ့ကို ပန်းလာပေးတဲ့ ကိုခိုင်လုံလက်ထဲက နှင်းဆီပန်းကို မျှော်လင့်မိသလိုမျိုး နောက်တစ်ကြိမ် ကြုံရပြန်ပါပြီ။

အေသင်ဟာ တေးနောက်နားက တစ်စုံတစ်ယောက်ဆီကိုသာ ဦးတည်သွားခဲ့ပြီပေါ့။

သူ့မိန်းကလေးက ဘယ်သူပါလိမ့်...

တေးက ဝမ်းလည်းနည်း၊ သိလည်း သိချင်ကာ နောက်ဘက်သို့ မရဲတရဲခပ်ဖြည်းဖြည်း လှည့်ကြည့်လိုက်ရာ...

အမလေး...

တေးကို ပြုံးကြည့်နေသော အေသင့်မျက်နှာကို ဘွားခနဲ အနီးကပ် မြင်လိုက်ရတာမို့ တေး လန့်အော်လိုက်မိသည်။

သူက တေးရဲ့ ညာလက်ကို ညင်သာစွာလှမ်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး စံပယ်ဖြူကုံးကလေးကို တေးလက်မှာ ပတ်ပေးလိုက်လေသည်။

တေးက ကြည်လင်ဖြူစင်သော မျက်ဝန်းကလေးများဖြင့် သူ့ကို မော့ကြည့်မိကာ တီးတိုးပြောလိုက်မိပါသည်။

"ကံကောင်းခြင်းစံပယ်ဖြူတွေကို တေးရပါပြီ အေသင်ရယ်..."

ပုညခင်
3:34 AM
9-9-2004

ပုညခင်စာအုပ်တိုက်

www.burmeseclassic.com